

# မဟာသန္တိသုခကျောင်းတော်ကြီး၏ ပိုင်ရှင်အစစ်အမှန်ကို ဝိနည်းဓမ္မကံလမ်းကြောင်းမှ ဆန်းစစ်ခြင်း

## နန္ဒမိတ္တ

၁၁

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာ စာပေ

တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၂၃၇၂

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

**ပုံနှိပ်မှုကာလ**

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအကြိမ်

**စောင်ရေ** - ၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း** - အံ့ဘွယ်ဇင်

**ကွန်ပျူတာစာစီ** - ထူး(၂)

**စာအုပ်ချုပ်** - ဖူးပွင့်မွေး

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးမျိုးညွန့် (၁၃၀၁၆)

စာပေလောကပုံနှိပ်တိုက်

အမှတ်(၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်

**ထုတ်ဝေသူ**

ဦးကျော်ကျော်ဝေ ရွှက်စိမ်းစာပေ (၀၀၄၇)

အမှတ်၄၃/(A)၊ (၄)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** - ၁၂၀၀ ကျပ်

**ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)**

၉၅၁

နန္ဒိမိတ္တ
မဟာသန္တိသုခကျောင်းတော်ကြီး၏ပိုင်ရှင်အစစ်အမှန်ကို
ဝိနည်းဓမ္မကံလမ်းကြောင်းမှ ဆန်းစစ်ခြင်း။
နန္ဒိမိတ္တ။
- ရန်ကုန်၊ ရွှက်စိမ်းစာပေ (၀၀၄၇)
၉၈-စာ ၊ (၁၃.၅× ၂၁.၅) စင်တီ။
မဟာသန္တိသုခကျောင်းတော်ကြီး၏ပိုင်ရှင်အစစ်အမှန်ကို
ဝိနည်းဓမ္မကံလမ်းကြောင်းမှ ဆန်းစစ်ခြင်း။

# မဟာသန္တိသုခကျောင်းတော်ကြီး၏
# ပိုင်ရှင်အစစ်အမှန်ကို ဝိနည်းဓမ္မကံလမ်းကြောင်းမှ
# ဆန်းစစ်ခြင်း

နန္ဒိမိတ္တ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အစပျိုးခဲ့သူနှစ်ဦး | ၁ |
| ဗိုလ်တွေ တွင်းအောင်းကုန်ကြပြီ | ၂ |
| အဟန့်အတားပြုရပါမည် | ၃ |
| အရင်းမူလ အကြောင်းတစ်ခု | ၄ |
| သံဃိကကြေညာချက် | ၆ |
| စင်ကာပူ-ပီနန်ကျောင်းဟူသည်မှာ | ၆ |
| အကြိမ်ကြိမ်လျှောက်ထားခဲ့သည် | ၇ |
| ငါးပုံနှစ်ပုံ အလျှော့ပေးမှုဖြင့် | ၈ |
| နှုတ်ပိတ်နေခဲ့၍ ဆက်လက်၍ သီတင်းသုံးနေခဲ့၍ | ၁၀ |

| | |
|---|---|
| အပ်နှံခြင်းနှင့်ရေစက်ချလှူဒါန်းခြင်း | ၁၁ |
| ဘယ်သူတွေ လုပ်ခဲ့ကြသလဲ | ၁၃ |
| အပိုင်မသိမ်းခဲ့ပါတဲ့ | ၁၄ |
| ကြိမ်တံပြားနှင့် ဝါးရင်းတုတ် | ၁၄ |
| ပရိဏာတသိက္ခာပုဒ် | ၁၅ |
| သတင်းစာရှင်းလင်းပွဲတုန်းက | ၁၇ |
| တာဝန်မဲ့အရေးအသား | ၁၈ |
| ဆင္ဃပါရဇိက | ၁၉ |
| နှစ်ဖက်ရသိက္ခာပုဒ် | ၂၀ |
| ၂၂၇ သွယ်သော သိက္ခာပုဒ်များ | ၂၁ |
| အဆင့်ဆင့်အပြစ်ကြီးလေးပုံ | ၂၂ |
| ဆဗ္ဗဂ္ဂီရဟန်းများ | ၂၃ |
| ဆဗ္ဗဂ္ဂီတို့၏ ရည်ရွယ်ချက် | ၂၄ |
| သိက္ခာပုဒ်ပညတ်ချိန် | ၂၅ |
| ဖွတ်အတင်းအလှူခံသူများ | ၂၆ |
| သိက္ခာပုဒ်ကို ပညတ်ရပြီ | ၂၇ |
| ပရိဏာတပုဒ်၏ အနက်အဓိပ္ပါယ် | ၂၈ |
| အာပတ်သင့်နိုင်ပုံအဆင့်ဆင့် | ၂၉ |
| ပါဠိတော်၌တိုက်ရိုက်မပါ | ၃၁ |
| အထောက်အထား ၁ ခု နှင့် ၂ ခု | ၃၁ |
| စကားကုန်အဆိုအမိန့် | ၃၂ |
| ကိစ္စကြီးတစ်လုံးအတွက် သော့ချက် | ၃၃ |

ထိပ်ဆုံးကပုဂ္ဂိုလ်ကြီး နှစ်ဦး ၃၅
မကောင်းသဖြင့် ပြုအပ်သောအမှု ၃၅
သံဃိကအသံလုံးဝမထွက်ခဲ့ ၃၆
ထိုနေ့ထိုအချိန်ကျမှ သံဃိကတဲ့ ၃၇
ယေဘုယျထဲကခြွင်းချက် ၃၈
သန္တိသုခပြည်တွင်းပြည်ပသာသနာပြုမဂ္ဂဇင်း ၃၉
ကျောက်စာတိုင်ကဲ့သို့ အခိုင်အမာ ၄၁
ပီနန်ကျွန်းက မြန်မာကျောင်း ၄၂
ကျောင်းတော်ကြီး၏ မူလအစ ၄၄
တာမွေနတ်ချောင်းရပ်ကွက် မြေနှစ်ဧက ၄၅
ကြီးကျယ်လွန်းလှသော အိပ်မက် ၄၅
နိုင်ငံတော်၏ အကူအညီ ၄၆
ပီနန်ဆရာတော်ကြီးရှိရာသို့ ၄၇
အသက်ဝင်လာသည့်လုပ်ငန်းကြီး ၄၈
အစိုးရလုပ်ငန်းဖြစ်သော်လည်း ၄၉
ပီနန်ဆရာတော်ကြီးနှင့် တစ်သားတည်း ၅၀
ပုဂ္ဂလိကအထောက်အထားများ ၅၂
အားအကောင်းဆုံးအထောက်အထားများ ၅၂
ဦးဆောင်ဦးရွက်ပြုသူ ၅၃
ပီနန်စင်ကာပူဆရာတော်ကြီးအမိန့်အရ ၅၄
ဘုံကထိန်ပွဲမှာတုန်းက ၅၅
ဆရာတော်ကြီးအား မြေနေရာလှူဒါန်း ၅၇
ပူဇော်ပွဲအခမ်းအနားတုန်းက ၅၉

| | |
|---|---|
| မြေဂရန်အမိန့်စာကျလာချိန် | ၆၁ |
| အစိုးရတစ်ဖွဲ့လုံး၏စကား | ၆၁ |
| အစိုးရတစ်ဖွဲ့လုံး၏ သဘောထား | ၆၂ |
| ကုသိုလ်ရှင်များစာရင်း | ၆၃ |
| ကုသိုလ်ရှင်အားလုံး၏ ဦးတည်ချက် | ၆၄ |
| ထိုအချိန်မှစတင်၍ | ၆၆ |
| စနက်တံမဖြုတ်သေး၍ | ၆၇ |
| အစိုးရတစ်ဖွဲ့လုံး၏ကိစ္စ | ၆၈ |
| မဟာစွမ်းအားရှင်ကြီး | ၆၈ |
| အတွင်းကျိတ်ဇာတ်တိုက်ထား၍လား | ၇၀ |
| ထိုမေးခွန်း၏ရည်ရွယ်ချက် | ၇၀ |
| သတင်းစာရှင်းလင်းပွဲတုန်းက | ၇၁ |
| မိဂပဒဝဠဉ္စနနည်း | ၇၂ |
| မော်ကွန်းတင်ထိုက်သူ | ၇၃ |
| ပုဂ္ဂလိကမှ သံဃိကသို့ | ၇၄ |
| ဟိုဖက်သည်ဖက် တွေးရခက် | ၇၆ |
| မည်သူမျှမရှောင်လွှဲနိုင် | ၇၇ |
| အမိန့်သည် အမိန့်အတိုင်းတည်စေ | ၇၈ |
| တစ်ပိုင်းတစ်စ အကိုးသာခေ | ၈၀ |
| တစ်ပိုင်းတစ်စမှ အပြည့်အစုံသို့ | ၈၁ |
| ဆွမ်းတစ်နပ်စာနှင့် သိန်းပေါင်းတစ်သောင်းကျော် | ၈၂ |
| ရေစက်ချပွဲမြင်ကွင်း | ၈၃ |
| အရင်းခံအကြောင်းတရား | ၈၄ |

| | |
|---|---|
| ဗုဒ္ဓဘာသာဝင်တို့၏ အခွင့်အရေး | ၈၄ |
| မျက်နှာလွှဲထားလိုက်ကြပြီ | ၈၅ |
| နိုင်ငံတော်သမ္မတ၏တာဝန် | ၈၆ |
| ဆရာတော်ကြီးကြွလာခဲ့ပါဘုရား | ၈၆ |
| အစိုးရတစ်ဖွဲ့၏ ကတိစကား | ၈၇ |
| တရားမလမ်းကြောင်းကလား | ၈၈ |
| ဝိနည်းဓမ္မကံ လမ်းကြောင်းကလား | ၈၉ |
| ပြင်သင့်တာပြင်၊ ဖြည့်သင့်တာဖြည့် | ၉၀ |
| လမ်းပိတ်ထားရန် မသင့်ပါ | ၉၁ |
| စိတ်ချလက်ချလက်ခံတော်မူပါ | ၉၂ |
| စာရေးဆရာဝိနည်းမိုရ် | ၉၃ |
| ကြောင်ပန်းက တံခွန်ထူထားဆဲ | ၉၄ |
| ဦးတိလောကသာရလို ပုဂ္ဂိုလ်မျိုး | ၉၄ |
| ဝိနည်းမိုရ်ခုံရုံးရှေ့မှောက်၌ | ၉၅ |

# မဟာသန္တိသုခကျောင်းတော်ကြီးက ဘယ်သူ့အတွက်ဆောက်တာလဲ

နန္ဒမိတ္တ

**အစပျိုးခဲ့သူနှစ်ဦး**

ဤစာများ စတင်ရေးသားနေစဉ်မှာပင် အမျိုးသားစာပေဆုရ စာရေးဆရာ ချစ်စံဝင်းက လှျပ်တပြက်ဂျာနယ်၌ "မဟာသန္တိသုခ ကျောင်းတော်ကြီး အရေးတော်ပုံမှတ်တမ်း" ဟူသော ခေါင်းစဉ်ဖြင့် အပတ်စဉ် ရေးသားလာခဲ့ရာ ဂျာနယ်အတွဲ ၅ အမှတ် ၄ တွင် အမှတ်စဉ် ၂၂ သို့ ရောက်၍ ပြီးဆုံးခဲ့ပါသည်။

ချစ်စံဝင်းမှာ ဗိုလ်မှူးကြီး(ငြိမ်း) ဦးစောမြင့်နှင့်အတူ ပီနန် ဆရာတော်ကြီး၏ နိုင်ငံခြားသာသနာပြုလုပ်ငန်းများ အခြေစိုက်နိုင်မည့် သာသနာပြုကျောင်းတော်ကြီးဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်လာခဲ့သူ ဖြစ်၏။ ကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အစပျိုးချိန်မှ စတင်၍ နောက်ဆုံးဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဤကျောင်းတော်ကြီး ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့အပ်နှံလိုက်သည်အထိဖြစ်၏။

ထို့ကြောင့် ချစ်စံဝင်းသည် ဤကျောင်းတော်ကြီးနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို အတွင်းလူတစ်ယောက်အဖြစ်ဖြင့် ထဲထဲဝင်ဝင်သိမြင် ထိတွေ့ ခွင့်ရခဲ့သူဖြစ်၏။ ပီနန်ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို စာအုပ်အမြောက်အမြားရေးသား၍ နိုင်ငံတော်အနှံ့ ဖြန့်ဝေကာ ပြည်ပ သာသနာပြုလုပ်ငန်းများကို အထောက်အကူပြုခဲ့သူဖြစ်၏။

ဤစာများကို ဖြည်းဖြည်းနှေးနှေး ရေးနေရခြင်းမှာ ချစ်စံဝင်း၏ အခန်း ဆက်ဆောင်းပါးများကို စောင့်ကြည့်လို၍လည်းဖြစ်၏။ ထို့ပြင် အလွန်တရာ တာဝန် ကြီးလေးလှသောကိစ္စကြီးဖြစ်နေ၍ အချိန်ယူစဉ်းစားရင် ချင့်ချင့်ချိန်ချိန် ရေးသားနေရ၍လည်းဖြစ်ပါ၏။

## ဗိုလ်တွေ တွင်းအောင်းကုန်ကြပြီ

တကယ်တော့ဖြင့် ဤသို့သော ဝိနည်းဓမ္မကံဆိုင်ရာ ကိစ္စများမှာ ရဟန်းသံဃာတော်တို့နှင့်ပို၍ သက်ဆိုင်၏။ ရဟန်းသံဃာတော်တို့နှင့် သက်ဆိုင်သောကိစ္စကို ဝေဖန်သုံးသပ်မှုပြုရာတွင် ရဟန်းသံဃာတော်များက ပို၍ သင့်တင့်လျောက်ပတ်ပါ၏။ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားသည့် ကလောင်ရှင်များ ရဟန်းတော်များတွင် အများအပြားရှိနေကြပါ၏။ ထိုကလောင်ရှင် ရဟန်းတော်များသည် အခြားနေရာများ၌ ကလောင်စွမ်းပြခဲ့ ပါလျက် သန္တိသုခကျောင်းတော်ကြီးကိစ္စမှာတော့ အစွမ်းမပြခဲ့ကြပါ။ ပြည်သူ့ခေတ်မှာပါခဲ့ဖူးသည့် အရှင်ပညာသီဟာဘိဝံသ (တရားဦးဓမ္မ စကြာ)၏ ဆောင်းပါးမှာလည်း ယေဘုယျသဘောခြုံငုံသုံးသပ်ပြီး ဝိနည်း ဓမ္မကံလမ်းကြောင်းက စဉ်းစားဆောင်ရွက်ရန် တိုက်တွန်းခြင်းသာဖြစ်၍ အသေးစိတ်ဝေဖန်သုံးသပ်မှု များမပါခဲ့ပါ။

ဤသို့ဖြင့် ရှေ့တန်းကထွက်၍ ရှပ်ရှပ်ချွန်ချွန်တိုက်ခိုက်ရမည့် ဗိုလ်တွေ တွင်းအောင်းကုန်ကြပြီမို့ လူဝတ်ကြောင် ကလောင်ရှင်တစ်ဦးက အရဲစွန့်လိုက်ရပါတော့သည်။

## အဟာနိ့အတားပြုရပါမည်

ကျွန်တော်သည် မဟာသန္တိသုခကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည့် ပီနန်ဆရာတော်ကြီးနှင့် မသိကျွမ်းပါ၊ ဆရာတော်ကြီး တပည့်ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များနှင့်လည်း အဆက်အစပ်မရှိပါ။ သို့ရာတွင် ဤအရေးကိစ္စကြီးမှာ ဗုဒ္ဓသာသနာတော်ကြီးတစ်ရပ်လုံးနှင့် သက်ဆိုင်နေ၏။ နှစ်ပေါင်း ၂၅၀၀ ကျော်လာခဲ့သော ဗုဒ္ဓသာသနာတော် သမိုင်းရှည်ကြီး တစ်လျှောက်တွင် သင်္ဂါယနာတင်ပွဲတော်ကြီး ခြောက်ကြိမ် ကျင်းပခဲ့ရာ ကျွန်တော်တို့ မြန်မာနိုင်ငံ၌ နှစ်ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့၏။ အထူးသဖြင့် ဆဋ္ဌသင်္ဂါယနာတင်ခြင်းဖြင့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတို့၏ ဦးစီးခေါင်းဆောင်အဖြစ် အသတ်မှတ်ခံခဲ့ရ၏။ ထို့ကြောင့် ထိုဂုဏ်ရှိန်ကို ဆက်လက်၍ ထိန်းသိမ်းထားနိုင်ဖို့ကလည်း လိုအပ်လှပါ၏။

ထို့ပြင် ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ပါဠိပိဋကတ်ကျမ်းဂန်စာပေများ၊ အထူးအားဖြင့် ဝိနည်းပိဋကတ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း ကြီးတို့ကို စိတ်ဝင်စားသူတွေ၊ လေ့လာဖတ်ရှုနေသူတွေ ရှိနေခဲ့ကြ၏။ ယခုလည်း ရှိနေကြ၏။ နောက်နောင်မှာလည်း ရှိနေကြဦးမည်သာ။ ထိုသူတို့ ရှိနေသေးသည့် အကြောင်းကို ပြနိုင်ရန် ဤသို့သော ဝေဖန်စာများကို ရေးသားရပါမည်။ ဤသို့သော ဝေဖန်စာများဖြင့် ရာထူးအားကိုးနှင့် “ငါ့စကားနွားရ ပြောဆိုမှုများကို ဟန့်တားရပါလိမ့်မည်”၊ ငါတို့ ဦးစီးဌာနအရေးကိစ္စကို ငါတို့ကြိုက်သလို လုပ်နိုင် သည် ဟူသော သဘောထားကို တားမြစ်ရပါလိမ့်မည်။

သို့ဖြစ်၍ ကျွန်တော်က ဤဆောင်းပါးရှည်ကြီးကို မပြီးပြီးအောင် ရေးရ ပါတော့မည်။ ဤသို့ ရေးသားရာ၌ ကျွန်တော့်ပတ်ဝန်းကျင်မှာ မည်သည့် အားကိုးအားထားမျှ မရှိပါ၊ မည်သည့် ပါတီဝင်မျှ မဟုတ်ပါ၊ လူမှုရေးအဖွဲ့ အစည်းများမှလည်း မပါဝင်နိုင်ပါ။ ဘဝတစ်သက်တာ၏ ရှေ့ပိုင်းကာလများ၌ သာသနာ့ ဘောင်မှာ ရှိနေစဉ် လေ့လာသုံးသပ်ခဲ့ဖူးသော ပိဋကတ်ကျမ်းဂန်၊ အထူးသဖြင့် ဝိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများ၏ အထောက်အကူသာ ရှိနေပါသည်။ ထိုအထောက်အကူ အားကိုးဖြင့် ရေးသားရပါမည်။

## အရင်းမူလ အကြောင်းတစ်ခု

ဤစာများကို တုံ့ဆိုင်းတုံ့ဆိုင်း ရေးသားနေရခြင်းသည် ချစ်စံဝင်း၏ အခန်းဆက် ဆောင်းပါးများကို စောင့်၍ ဖတ်လာခဲ့ရာ စောင့်ဖတ်ရကျိုးနပ် လာပါ၏။ လျှပ်တပြက်ဂျာနယ်ပါ ချစ်စံဝင်း၏ အခန်းဆက်ဆောင်းပါး အမှတ်စဉ် ၁၄ ၌ အပြင်လူများသိဖို့ မလွယ်သည့် ကျောင်းတော်ကြီး၏ အတွင်းရေး တစ်ခုကို သိလိုက်ရပေသည်။

ထိုဆောင်းပါးအရ သိရသည်မှာ-

၂၀၀၂ခုနှစ် မေလ ၂၇ ရက်တွင် သင်္ဃသုခဥပဋ္ဌာကအစည်းအဝေး နှင့် အမျိုးသမီးအဖွဲ့ကလည်း အစည်းအဝေးကျင်းပခဲ့၏။ ထိုအစည်းအဝေး၌ ပီနန်ဆရာတော်ကြီးက လက်ရှိဥပဋ္ဌာကအဖွဲ့ ဦးစောမြင့်၏နေရာတွင် အခြားပုဂ္ဂိုလ် တစ်ယောက်ကို ပြောင်းလဲ၍ တာဝန်ပေးအပ်ဖို့ အဆိုပြု၏။ ဦးစောမြင့်က လုံးဝလက်မခံနိုင်ပါ။ ဤကျောင်းတော်ကြီး၏ ဥပဋ္ဌာက ဥက္ကဋ္ဌနေရာတွင် မိမိမှတစ်ပါးမည်သူ့ကိုမျှ မထားနိုင်ပါ။

သို့ဖြစ်၍ ဦးစောမြင့်က ပီနန်ဆရာတော်ကြီး သာသနာပြုကိစ္စတစ်ခု ဖြင့် နိုင်ငံခြားသို့ ကြွသွားခိုက်တွင် ဆရာတော်၏ ကိုယ်စားထားရစ်ခဲ့သော

ဆရာတော်ကြီး ဦးဉာဏုတ္တရကိုလည်းကောင်း၊ လုပ်ဖော်ကိုင်ဖက်များကို လည်းကောင်း မည်သူကိုမျှ အသိမပေးဘဲ တစ်ယောက်တည်း လျှို့ဝှက်စာရေး၍ ဤကျောင်းတော်ကြီးကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ထိုးအပ်လိုက်ခြင်းဖြစ်ပေသည်။

သို့ဖြစ်၍ ဦးစောမြင့်က ဝန်ကြီးချုပ်ထံ မိမိပိုင်ပစ္စည်းကဲ့သို့ သဘောထား၍ ထိုးအပ်လိုက်ခြင်းသည် အရေးတော်ပုံကြီးတစ်ခုလုံး၏ အရင်းမူလ အကြောင်းတစ်ခု ဟု ဆိုနိုင်ပါ၏။

ဤသို့ ထိုးအပ်လိုက်သဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ၂၅.၁၁.၂၀၀၂ ရက်စွဲဖြင့် မဟာသန္တိသုခကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် တကွ သံဃာ့ပရိသတ်၊ လူပရိသတ်အစုံအလင်ရှေ့မှောက်တွင် မဟာသန္တိသုခကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား အပ်နှံကြောင်း လျှောက်ထားစာကို ဖတ်ကြား၍ လျှောက်ထားခဲ့၏။

ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လျှောက်ထားလွှာထဲက "အပ်နှံပါသည်ဘုရား" ဟူသော စာလုံး-ခြောက်လုံးကို အကိုးအကားပြု၍ ကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့နာယကအဖွဲ့ပိုင်ဟူ၍ ကမ္မည်းတပ်နိုင်ရေးအတွက် နိုင်ငံတော် သံဃနာယက အဖွဲ့က ထုတ်ပြန်ထားသော စာအမှတ် ၂၇၀/၁၅-၁၂/သာ-၃/သာ-မဟာန၊ ၄.၆.၂၀၁၄ ရက်စွဲပါ ညွှန်ကြားစာ၌ အထက်ပါ "အပ်နှံပါသည်ဘုရား" ဟူသောစာလုံး ခြောက်လုံးမှာ "ရေစက်ချလှူဒါန်းပြီး" ဟူ၍ အပြောင်းအလဲ ဖြစ်လာပေသည်။

ထိုအမိန့်က နောက်တွင်လည်း ထိုကိစ္စကြီးကို မဖြစ်မနေပြုလုပ်ဆောင်ရွက်ရန် ဇွန်လ ၈ ရက်တွင် တစ်ကြိမ်၊ ဇွန်လ ၁၀ ရက်တွင် နောက်တစ်ကြိမ်အားဖြင့်၊ သုံးကြိမ်တိုင်တိုင် ညွှန်ကြားစာများထုတ်ဆင့်လာ

သဖြင့် ရန်ကုန်တိုင်း သံဃာနာယကအဖွဲ့က ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ အထောက်အကူဖြင့် ၁၀.၆.၂၀၁၄ ရက် ညဥ့်သန်းခေါင်ယံအချိန်က သိမ်းပိုက်မှုကြီးကို မဖြစ်မနေဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပေသည်။

## သံဃိကကြေညာချက်

ဤသို့ ၁၀.၆.၂၀၁၄ ရက်တွင် ကျောင်းတော်ကြီးကို အပြီးအပိုင် သိမ်းပိုက်ပြီးမှ ၁၁.၆.၂၀၁၄ ရက်နေ့တွင် သာသနာရေးဦးစီးဌာနမှ အရာရှိများက သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြ၏။

ထိုမျှနှင့် မလုံလောက်သေးဘူးထင်ဟန်ရှိပါသည်။ ထိုရက်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီးမှ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က စာအမှတ် ၂၈၂/၁၅-၁၂/၃/သာ-မဟာန ၊ ၁၉.၆.၂၀၁၄ ရက်စွဲပါ မဟာသန္တိသုခ (စင်ကာပူ-ပီနန်) ကျောင်းတိုက်သည် သံဃိကကျောင်းတိုက် ဖြစ်ကြောင်း ကြေညာချက် (အပိုင်း-၁) ကို ထုတ်ပြန်ခဲ့ပြန်ပေသည်။

ဤကြေညာချက် ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်ကို မှခန့်မှန်း ရသော်-

ဤမဟာသန္တိသုခကျောင်းတော်ကြီးသည် သံဃိကဖြစ်သည်။ သံဃိကဟူသည်မှာ သံဃာတော်အားလုံးက ပိုင်သောပစ္စည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ နိုင်ငံတော်ရှိ သံဃာတော် ၅ သိန်းကျော်တို့၏ ကိုယ်စား သံဃာအဖွဲ့အစည်း အဆင့်တို့တွင် အမြင့်ဆုံးဖြစ်သော နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့က သိမ်းပိုက်ထားရသည်ဟူ၍ ဖြစ်နိုင်ပေသည်။

## စင်ကာပူ-ပီနန်ကျောင်းဟူသည်မှာ

အထက်ပါ ကြေညာချက်အရ ကျောင်းတော်ကြီး သံဃိကဖြစ်ရေး တွင် ပထမဆုံးအကြောင်းပြချက်မှာ မဟာသန္တိသုခ (စင်ကာပူ-ပီနန်)

ကျောင်းတိုက်၏ မြေပုံပေါ်၌လည်းကောင်း၊ မြေယာအပိုင် ပတ္တာစာချုပ် အပေါ်၌လည်းကောင်း ဦးပညာဝံသဟူသော ဘွဲ့အမည်မပါရှိဘဲ မဟာသန္တိ သုခ (စင်ကာပူ-ပီနန်) ကျောင်းဟူ၍ ကျောင်းတိုက်အမည်သာ ဖော်ပြထား ခြင်းဖြစ်၏။

ထို့ပြင် ပတ္တာစာချုပ်ရသူ၏ နေရာ၌ သရေစည်သူမိုလ်မှူးကြီး စောမြင့်က လက်မှတ်ရေးထိုးထားခြင်းတို့ကို တစ်ဆက်တည်းဖော်ပြထား၏။ ထိုကိစ္စကို ချစ်စံဝင်း၏ လျှပ်တပြက်ဂျာနယ်က အပတ်စဉ်ဆောင်းပါးတစ်ခု၌ ဖြေရှင်းထားခဲ့ပြီး ဖြစ်၏။ ပတ္တာစာချုပ်ထွက်လာသော အချိန်တွင် ပီနန် ဆရာတော်ကြီး နိုင်ငံခြားရောက်နေ၍ ဆရာတော်ကြီးကိုယ်စား ဆရာတော်ကြီး ခန့်အပ်ထားသော ကျောင်းတော်ကြီးတည်ဆောက်ရေး ဥပဋ္ဌာကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဖြင့် လက်ခံခဲ့ခြင်းသာဖြစ်၏။

တကယ်တော့ဖြင့် စင်ကာပူ-ပီနန်ကျောင်းတိုက်ဟူသော အမည် သည်ပင် ပီနန်ဆရာတော်ကြီး ကိုယ်ပွားဖြစ်၏။ စင်ကာပူ-ပီနန်ကျောင်း ဟူသည်မှာ စင်ကာပူ နိုင်ငံနှင့် ပီနန်ကျွန်းတို့၌ သာသနာပြုလုပ်ငန်းကြီးများ အောင်အောင်မြင်မြင် ထင်ထင်ရှားရှားပြုလုပ်နေသော ပီနန်ဆရာတော်ကြီးကို အစွဲပြု၍ အမည်တွင် လာရခြင်းဖြစ်၏။ ဤမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး တွင် ပီနန်ဆရာတော်ကြီး၏ ကျောင်းမှတစ်ပါး စင်ကာပူ- ပီနန်ကျောင်းဟူ၍ လုံးဝမရှိပါချေ။

## အကြိမ်ကြိမ်လှူဒါန်းခဲ့သည်

ထို့ပြင် သူတို့ရည်ညွှန်းထားသော ပတ္တာစာချုပ်မိတ္တူ၏ နောက်ဆုံးစာ နှစ်ကြောင်း၌ "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနမှူးနှင့် ဆရာတော်မဟာသန္တိသုခ (စင်ကာပူ-ပီနန် ကျောင်း) တို့ သဘောတူချုပ်ဆိုလက်မှတ်ရေးထိုးကြသည်" ဟု အတိ

အလင်းဖော်ပြထား၏။ ထိုအောက်ကမှဗိုလ်မှူးကြီးစောမြင့်က ဆရာတော်ကြီး ကိုယ်စား လက်မှတ်ရေးထိုးထားခြင်းဖြစ်ပေသည်။

ထိုမှတစ်ဖန် ကျောင်းတော်ကြီးတည်ဆောက်ရေးကိစ္စအဝဝကို အစအဆုံး တာဝန်ယူကြီးကြပ်ကွပ်ကဲလာခဲ့သော အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ အလှူတော်ငွေ ပေးအပ်ပွဲများ၌လည်း ဤ ကျောင်းတော်ကြီး မြေနေရာကို ပီနန်ဆရာတော်ကြီးအား နိုင်ငံတော် အစိုးရလှူဒါန်းခဲ့ကြောင်း အကြိမ်ကြိမ်ပြောကြားထား၏။ ထိုပြောကြား ချက်များကို နောက်ပိုင်းတွင်ဖော်ပြပါမည်။ မြေနေရာကို ပီနန်ဆရာတော်ကြီး အားလှူဒါန်းခဲ့သော ပြောကြားချက်များကို အောက်ကမျဉ်းသား၍ ဖော်ပြပေး ပါမည်။

## ငါးပုံနှစ်ပုံ အလှူငွေမျှဖြင့်

ဤကျောင်းတော်ကြီး သံဃိကဖြစ်ကြောင်း ဒုတိယအကြောင်းပြ ချက်ကို ဖော်ပြရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနတို့က ထည့်ဝင်ငွေသိန်း ၁၀၀၀ စီနှင့် စည်ပင် ဘဏ်ချေးငွေ သိန်း ၂၀၀၀ တို့ကို အကြောင်းပြကာ နိုင်ငံတော်က ဦးစီးကျခံ၍ ဆောက်လုပ် ခဲ့ရပုံကို ဖော်ပြထား၏။ ထိုစာရင်းများနှင့် အတူပင် အများပြည်သူ လှူဒါန်းငွေ သိန်း ၂၁၀၀ နှင့် စင်ကာပူနှင့်L.A အလှူရှင်များ လှူဒါန်းငွေ ကျပ်ငွေသိန်း ၁၀၀၀(ဒေါ်လာတစ်သိန်း) တို့တွင် ပါဝင်နေ၏။

ဤတွင် အများပြည်သူလှူဒါန်းငွေကျပ် သိန်း ၂၁၀၀ မှာ ပီနန် ဆရာတော်ကြီးအတွက် ဆောက်လုပ်နေသော ကျောင်းတော်ကြီးအတွက် သာဖြစ်၏။

ထို့အတူပင် စင်ကာပူနှင့်လော့အင်ဂျလီမြို့တို့မှ အလှူရှင်များလည်း ဆရာတော်ကြီး၏ တပည့်ဒါယိကာများသာဖြစ်ကြ၏။ ဆရာတော်ကြီးအတွက် လှူဒါန်းကြခြင်းသာဖြစ်၏။

ထိုအထဲက ဤကျောင်းတော်ကြီး ဆောက်လုပ်ခွင့်ရသော အေရှားဝါးကုမ္ပဏီ၏ အလှူငွေများကိုတော့ မည်သို့မျှမပြောနိုင်ပါ။

ထို့ပြင် စည်ပင်ဘဏ်ချေးငွေကျပ်သိန်း ၂၀၀၀ ကလည်း အလှူငွေမဟုတ်ပါ၊ ချေးငွေသာဖြစ်၏။ ကျောင်းတော်ကြီး သာသနာရေးဦးစီးဌာနအမိန့်ဖြင့် စီမံခန့်ခွဲခွင့်ရသူတို့က ဤကျောင်းတော်ကြီးကိုပင်အကြောင်းပြု၍ ငွေရအောင်ဖန်တီးပြီး အပြေပေးဆပ်ပြီးပြီဟု သိရပေသည်။

ဤတွင် အေရှားဝါးကုမ္ပဏီကို ကြားနေထား၍ ပီနန်ဆရာတော်ကြီး၏ တပည့်ဒါယကာများ လှူဒါန်းငွေနှင့် အစိုးရကစိုက်ထုတ်ရသော ငွေမှာ ကျပ်သိန်း ၂၀၀၀၊ ပီနန်ဆရာတော်ကြီး၏ တပည့်ဒါယကာ ၊ ဒါယိကာမများ၏ လှူဒါန်းငွေမှာ ကျပ်သိန်း ၃၁၀၀ တို့ဖြစ်နေသည်ကို တွေ့ကြရပါမည်။

ကျောင်းတော်ကြီးဆောက်လုပ်ရေးကုန်ကျငွေပမာဏ ငါးပုံနှစ်ပုံမျှသော စိုက်ထုတ်ငွေကို အကြောင်းပြုကာ နိုင်ငံတော်က ဦးစီးကျခံဆောက်လုပ်ခဲ့ရ၍ဟု အကြောင်းပြပြီး ဤကျောင်းတော်ကြီးကို ကိုယ်စိုးကိုယ်ပိုင်ပြုခဲ့ကြပါပေ၏။

ထို့ပြင် နိုင်ငံတော်က ဦးစီးကျခံ၍ ဆောက်လုပ်ခဲ့ရသော သာသနိက အဆောက်အအုံတို့ကို ပုဂ္ဂလိက ရေစက်ချလှူမရှိဘဲ သံဃိက ရေစက်ချလှူရှိ၍ သံဃိက ရေစက်ချခဲ့ပုံကိုလည်း ဖော်ပြထား၏။ ထိုအကြောင်း၏ အကျယ်ဝေဖန်သုံးသပ်ချက်ကို ပရိယတ္တိသိက္ခာပုဒ်များနှင့် ပတ်သက်၍ ဝေဖန်ရှင်းလင်းရာကျမှ ဖော်ပြပါတော့မည်။

## နှုတ်ပိတ်နေခဲ့၍ ဆက်လက်၍ သီတင်းသုံးနေခဲ့၍

ထို့ပြင် သံဃိကဖြစ်ကြောင်း အကြောင်းပြချက်များတွင် သံဃိက ရေစက်ချပေးနေသော မကွေးဆရာတော်ကြီးနှင့်ယှဉ်လျက်ထိုင်နေသော ဆရာတော်ကြီးပညာဝံသ တစ်စုံတစ်ရာမပြောကြားခဲ့ခြင်းကို ထည့်သွင်း ထား၏။ ထို့အတူ သံဃိကရေစက်ချပြီးနောက် နှစ်နှစ်ကြာမျှ ပီနန်ဆရာတော် ကြီး ဆက်လက်၍ သီတင်းသုံးနေခြင်းကိုလည်း အကြောင်းပြထား၏။

ဤသို့သော အကြောင်းပြချက်ကြောင့် သံဃိကဆိုနိုင်ရန် လုံ လောက်သည့် အထောက်အထားမဖြစ်နိုင်ပါ။ ထိုအချိန်တုန်းက ပီနန်ဆရာ တော်ကြီး နှုတ်ဆိတ်နေခဲ့ရပုံကို လွယ်လွယ်ကလေးနှင့် စဉ်းစားကြည့်၍ ရနိုင်ပါ၏။ ရဟန်းပရိသတ် ၊ လူပရိသတ် အစုံအလင်ရှေ့မှောက်၌ မိမိတို့ နိုင်ငံ၏ အကြီးအကဲဖြစ်သူ၊ အကြွင်းမဲ့အာဏာရှင်ဖြစ်သူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သံဃိကရေစက်ချမည်ဟု နှုတ်မြွက်ပြောဆိုရာတွင် မည်သူက ဆန့်ကျင်ရဲပါမည်နည်း။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော် ဆောင် မကွေးဆရာတော်ကြီးကပင် ပုဂ္ဂလိကရည်မှန်းချက် ထားပြီးမှန်းသိပါ လျက် သံဃိကရေစက် ချပေးခဲ့ရသည်မဟုတ်ပါလား။

ထို့ပြင် သံဃိကရေစက်ချပြီးနောက် ပီနန်ဆရာတော်ကြီး ထို ကျောင်းတော်ကြီးမှာ နှစ်နှစ်တာမျှဆက်၍ သီတင်းသုံးတာကိုတော့ ဝေဖန်ရ ခက်လှပါ၏။ ဆရာတော်ကြီးကိုမလေးစားရာ မရောက်ဘူးဆိုပါက သံဃိက ရေစက်ချခြင်း၏ နောက်ကွယ်၌ အတွင်းကြိတ်နှင့် အကြံအစည်ကြီးကြီး မားမား ရှိနေပုံကိုမတွေးမိခဲ့ ဟူ၍ပင် ဆိုရပါတော့မည်။

ထို့ပြင် ထိုကြေညာချက်ထဲ၌ ၂၅.၁၁.၂၀၀၂ ရက်နေ့တုန်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဤကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့သို့ အပ်နှံခြင်းကိုလည်း အကြောင်း ပြထား၏။ ထိုသို့အပ်နှံရခြင်းမှ ဥပဋ္ဌာကအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဦးစောမြင့်က

သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဖြင့် စီမံအုပ်ချုပ်နေပါလျက် စီမံအုပ်ချုပ်မည့်သူမရှိပါဟူ၍ ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စာရေးခဲ့၍ဖြစ်ကြောင်းကိုလည်း ထိုကြေညာချက်ထဲ၌ ထုတ်ဖော်ဝန်ခံထားလေသည်။

သံဃိကကျောင်းတိုက်ဖြစ်ကြောင်းကြေညာချက်တွင် အခြားသော အကြောင်းပြချက်များလည်း ပါဝင်နေပါသေး၏။ သို့ရာတွင် အရေးပါ အရာရောက်သော အကြောင်းတရားများမဟုတ်သဖြင့် ချန်လှန်ထားခဲ့ရပါတော့သည်။

## အပ်နှံခြင်းနှင့်ရေစက်ချလှူဒါန်းခြင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ ရက်စွဲဖြင့် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ကထုတ်ပြန်ထားခဲ့သော ထိုကြေညာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က ဤကျောင်းတော်ကြီးကိုအပ်နှံခဲ့သည်ဟု တိတိကျကျဖော်ပြထား၏။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လျှောက်ထားစာသည် တကယ်တော့ အမိန့်စာသာဖြစ်၏။ နိုင်ငံတော်အစိုးရ၏ ဦးစီးခေါင်းဆောင်တွေထဲက အရေးပါ အရာရောက်သော ပုဂ္ဂိုလ်၏ အမိန့်စာဖြစ်၏။ အစိုးရရုံးများ၌ ကိုယ်ပိုင်လက်မှတ် ရေးထိုး၍ အမိန့်စာထုတ်ပြန်နိုင်ခွင့်ရှိသော အရာရှိများ၏ အရေးအသားတို့ကို အခြားသူများက ပြင်၍မရပါ၊ ပြင်ခွင့်မရှိပါ။ ပြင်စရာအကြောင်းရှိလာ၍ အရာရှိကိုယ်တိုင်က မိမိအမိန့်စာကို ပြင်ချင်လျှင်ပင် သည်အတိုင်းပြင်၍မရပါ။ ပြင်လိုသော စာလုံးများကို ပြင်၍လည်းကောင်း၊ ဖြည့်စွက်လိုသော စာလုံးများကို ဖြည့်စွက်၍လည်းကောင်း လိုအပ်ရာကို ပြုပြင်ပြီးလျှင် ထိုနေရာတွင် ကိုယ်ပိုင်လက်မှတ် နှင့်တကွနေ့စွဲပါ ရေးထိုး၍ပြထားကြရ၏။ ယခုကိစ္စမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အမိန့်စာကို တိုက်ရိုက်ပြုပြင်တာမဟုတ်ဘဲ အမိန့်စာပါ စာလုံးနှစ်လုံးကို လိုချင်သလို ပြုပြင်

ပြောင်းလဲထားခြင်းဖြစ်ဒေသာ်ငြားလည်း အပြစ်မကင်းတာခြင်းတော့တူနေပါမည်။

၂၅.၂.၂၀၀၂ ရက်စွဲဖြင့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထုတ်ပြန်ထားခဲ့သော ထိုအမိန့်ပါ "အပ်နှံ" ဟူသော စာလုံးသည် အခြားတစ်နေရာ၌ 'ရေစက်ချလှူဒါန်းကြောင်း" ဟူ၍ ဖြစ်လာပေသည်။

ထိုပြုပြင်ချက်ကို နိုင်ငံတော် သံဃာ့မဟာနာယအဖွဲ့၏ စာအမှတ် ၂၇၀/ ၁၅-၁၂/သာ-၃/သာ-မဟာန၊ ရက်စွဲ ၂၀၁၄ခုနှစ်၊ ဇွန်လ၄ ရက်နေ့ နေရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းသံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံသို့ ပေးပို့သည့် ညွှန်ကြားစာ၌ တွေ့နိုင်၏။

ထိုစာ၏ စာမျက်နှာ ၂အောက်ဆုံးစာကြောင်းနှင့် စာမျက်နှာ ၃ အထက် ဆုံးစာကြောင်းများ၌ -

(နိုင်ငံတော်အကြီးအကဲများက ၂၅.၁၁.၂၀၀၂ ရက်နေ့တွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီးဖြစ်ကြောင်း....)

ဤသို့ ပြုပြင်ထားသည်ကို တွေ့လိုက်ရပါ၏။ ထိုစာထဲတွင် ၂၅.၁၁.၂၀၀၂ ရက်စွဲကို အခြေပြုဖော်ပြထားရာ ထိုနေ့မှ နိုင်ငံတော် အကြီးအကဲများက ကျောင်းတော်ကြီးကို အပ်နှံရုံသာမက နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းသည့် အခမ်းအနားကိုလည်း ထပ်မံ၍ ကျင်းပခဲ့ကြပါသေးသလား၊ ထို့ပြင် ၁၈-၁၁-၁၉၉၉ ရက်စွဲတုန်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပထမတစ်ကြိမ်သံဃိကအဖြစ် ရေစက်ချလှူဒါန်းထားပြီးသော ကျောင်းတော်ကြီးကို ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒုတိယအကြိမ်ထပ်မံ၍ လှူခဲ့ပါသလား၊ ဒါကိုတော့ သက်ဆိုင်ရာပုဂ္ဂိုလ်များမှ အတပ်ပြောနိုင်ပါလိမ့်မည်။

**ဘယ်သူတွေ လုပ်ခဲ့ကြသလဲ**

၂၅.၁၁.၂၀၁၂ရက်နေ့တွင် ဤကျောင်းတော်ကြီးကို နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ထံ "အပ်နှံ" ထားခဲ့၏။ ထို့နောက် ၁၂ နှစ် မျှကြာခဲ့၍ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့က ညွှန်ကြားလွှာထုတ်ပြန် ရာ၌ကား "နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းပြီး ဖြစ်၍" တဲ့။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေစက်ချခဲ့သည်နှင့်ရောထွေးသွားကြ လေသလား၊ ၂၅.၂.၂၀၀၂ ရက်စွဲ တပ်ထားလေတော့လည်း ထိုကိစ္စ မဖြစ်နိုင်ပါ။

အဘယ့်ကြောင့် ၁၂ နှစ်တာကာလအတွင်းမှာ အပြောင်းအလဲ ဖြစ်သွားရပါသလဲ။

နိုင်ငံတော်အစိုးရ၏ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး၏ အမိန့်စာကို ဘယ်သူပြင်ခဲ့ပါသလဲ။ ထိုစဉ်ကရှိနေခဲ့သောသာသနာရေးဌာန ပြည်ထောင် စုဝန်ကြီး ဦးဆန်းဆင့်က ပြင်ခဲ့ပါသလား၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းက ပြင်ခဲ့ပါသလော၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က ပြင်ခဲ့ပါသလား၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်နီဝင်း၏ လက်ချက်များဖြစ်နေမည်လား။

ထိုသို့မဟုတ်ပါက သာသနာရေးအရာရှိများ၏ သတင်းစာရှင်းလင်း ပွဲတုန်းက ဦးဆောင်တက်ရောက်ခဲ့သော နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၏ အစီအမံများဖြစ်နေလေမလား၊ သူတို့ကလွဲပြီး အခြားသူတို့မှာ လက်ဖျားနှင့်မျှ တို့ဝံ့မည်မဟုတ်ပါ။

သည်အတိုင်းတော့ ထိုလက်သည်က ကိုယ်ရောင်ပျောက်၍ နေပါဦးမည်။ **နောင်တစ်ချိန်ချိန်တွင် လွှတ်တော်တစ်ရပ်ရပ်က ပြည်သူ့ ကိုယ်စားလှယ် တစ်ယောက်ယောက်က မေးခွန်းထုတ်လာလျှင်တော့ သက်ဆိုင်သည့် ပုဂ္ဂိုလ်က ဖြေကြားရပါလိမ့်မည်။** ထို့ပြင် ပြည်တွင်းပြည်ပ

**သတင်းဌာနများကလည်းကောင်း၊ သတင်းထောက်များကလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တို့ကို မေးမြန်းခွင့်ရှိနေပါသည်။**

## အပိုင်မသိမ်းခဲ့ပါတဲ့

နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အပ်နှံသည်မှာ အပ်နှံခြင်းမျှသာဖြစ်၍ပေးခြင်း၊ လှူခြင်းမဖြစ်နိုင်ပါ။ ဤအကြောင်းကို နိုင်ငံတော်ဝန်ကြီးချုပ်က ပီနန်ဆရာတော်ကြီးထံ ရေးသားလျှောက်ထားသောစာကသက်သေခံနေပါ၏။ ကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့အား အပ်နှံပြီးနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် က ၁၈.၂.၂၀၀၄ ရက်စွဲဖြင့် ပီနန်ဆရာတော်ထံ ရေးသား လျှောက်ထားသည့် စာထဲတွင်-

(ဤ မဟာသန္တိသုခကျောင်းတော်ကြီးကို နိုင်ငံတော်အစိုးရ အနေနှင့် ကျောင်းတော်ကြီးကို သိမ်းပိုက်ခြင်း လုံးဝမပြုသည့်အပြင် ...)

ဤသို့ အထင်အရှားရေးသားဖော်ပြထား၏။ အပ်နှံခြင်းသာဖြစ်ကြောင်း အတိအလင်းဖော်ပြထားခဲ့ပါလျက် ရေစက်ချလှူဒါန်းသည်ဟု အဘယ့်ကြောင့်ပြင်ကြရပါသလဲ။ **တာဝန်ခံအပ်နှံခဲ့သူ ဗိုလ်ချုပ်ကြီးခင်ညွန့် အဖြစ်မှ ဦးခင်ညွန့် အဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်၍ သူ့အမိန့်ကို လုပ်ချင်ရာလုပ်၍ရပြီဟု သဘောထားလိုက်ကြပါသလား။**

## ကြိမ်တံပြားနှင့် ဝါးရင်းတုတ်

မည်သို့ပင်ဖြစ်ပါစေ အပ်နှံခြင်းကို ရေစက်ချလှူဒါန်းခြင်းဟု ပြင်ဆင်ကြခြင်း၏ ရည်ရွယ်ချက်က ရှင်းလှပါပေ၏၊ ထင်းလှပါပေ၏။ လင်းလှပါပေ၏၊ လယ်ပြင်မှ ဆင်သွားသကဲ့သို့ ထင်ရှားလှပါပေ၏။

အဘယ်ကြောင့်ဟူမူ····

နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ထားလွှာထဲက "အပ်နှံ" ဟူသော စာလုံးနှစ်လုံးကို "ရေစက်ချလှူဒါန်း" သည်ဟု ပြုပြင်နိုင်သော စာတမ်းကို ၁၀·၆·၂၀၁၄ ရက်နေ့ ညသန်းခေါင်းယံအချိန်တုန်းက ယူနီဖောင်း မျိုးစုံ၊ ဝတ်စားဆင်ယင်မှုမျိုးစုံပါဝင်သော မဟာအင်အားဖြင့် မဟာသန္တိသုခ ကျောင်းတော်ကြီးကို အပိုင်သိမ်းပိုက်သည့် လုပ်ငန်းကြီး ပေါ်ပေါက်လာ စေရန် နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့က စာအမှတ် ၂၇၀/၁၅- ၁၂/သာ-၃/သာ-မဟန/၄·၆·၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သော အမိန့်စာထဲမှာ အထင်အရှားတွေ့လိုက်ရ၍ ဖြစ်ပါသည်။

ထိုအမိန့်စာသည် သာသနာ့သမိုင်းတစ်လျှောက်၌ မော်ကွန်းတိုင် သဖွယ် တည်ရှိနေပေလိမ့်မည်။

ဤကိစ္စကြီးအတွက် "မနိုင်းကောင်း နှိုင်းကောင်း" ဟု စကားခံ နှိုင်းရခိုင်းရပါတော့မည်။ ဤကိစ္စကြီးမှာ ရွှေပြုံးမင်းညီနောင်ဇာတ်ထုပ်ထဲက ဇာတ်ဝင်ခန်းအတိုင်းဖြစ်နေပါပကော။ ဘိုးတော်အနော်ရထာမင်းကြီးက " မြေးတော်ကလေးများ တစ်ကြိမ်တစ်ခါ မလိမ္မာလို့မိုက်မိတာကို ကြိမ် တံပြားနဲ့ ဆုံးမလိုက်ပါကွယ်" ဟု အမိန့်ပေးသည်ကို အခွင့်ကောင်းယူကာ ဦးရီးတော် မင်းကျန်ရစ်က ဝါးရင်းတုတ်နှင့် ရိုက်သတ်လိုက်သကဲ့သို့ဖြစ်မနေ ပါလား။

## ပရိဏာတသိက္ခာပုဒ်

သာသနာရေးဦးစီးဌာနက ပုဂ္ဂိုလ်များသည် ကျောင်းတော်ကြီးကို အပိုင်သိမ်းနိုင်ရေးအတွက် မခိုင်မာသည့် အကြောင်းပြမခိုင်လုံသည့် အထောက်အထားဖြင့် ကြိုးစားခဲ့ကြသကဲ့သို့ပင် ကျောင်းတော်ကြီးကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရေးအတွက် ပီနန်ဆရာတော်ကြီးထံ ပြန်၍

မပေးမလှူရရေးအတွက်လည်း ရဟန်းတို့ကျင့်ဝတ် ၂၂၇ သွယ်သော သိက္ခာပုဒ် တော်များထဲက ပရိဏတသိက္ခာပုဒ်ကို အသုံးပြုကြပြန်ပါ၏။ ပရိဏတ သိက္ခာပုဒ်လာ မြတ်စွာဘုရား၏ ပညတ်တော်အားလုံးကို မသုံးသပ်ဘဲ မိမိတို့ အတွက် အသုံးတည့်မည့်အချက်ကလေးကိုသာ ကွက်ယူ၍ ခုခံကာကွယ် ခဲ့ကြပါ၏။ မြတ်စွာဘုရား၏ ပညတ်တော်လာ သိက္ခာပုဒ်ကို လှည့်စားသမှုပြုခဲ့ပါ၏ရှင်းလင်းအောင်ဖွင့်ဆိုပါသည်။

အထက်ပါသာသနာ့သမိုင်းဝင် အမိန့်စာထဲမှာပင်-

"ဦးပညာဝံသ အနေဖြင့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း တော်ကြီးမြေနှင့် အဆောက်အဦးတစ်ခုခုကိုမျှ ပိုင်ဆောင်ကြောင်း မပြနိုင်သည့်အတွက် နိုင်ငံတော်အကြီးအကဲများက ၂၅-၁၂-၂၀၀၂ ရက်နေ့တွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့အား ရေစက်ချလှူဒါန်းထားပြီးဖြစ်ခြင်းကြောင့် သံဃိကပိုင် သာသနိက အဆောက်အအုံများကို ပုဂ္ဂလိက လက်ဝယ်သို့ ဝိနည်းတရားတော်များအရ ပေးပိုင်ခွင့်မရှိသည်ကတစ်ကြောင်း စသည်ဖြင့် ဖော်ပြထား၏။

ထိုအမိန့်စာ၌ ဝိနည်းတရားတော်များအရ ဟူ၍သာ ဖော်ပြ၍ မည်သည့်သိက္ခာပုဒ်ဟူ၍ကား ကွဲကွဲပြားပြားဖော်ပြမထားပါ။ သို့ရာတွင် ဆရာတော်ကြီးများ၏ ညွှန်ကြားချက်အရ ၁၁-၆-၂၀၁၄ ရက်နေ့က ပြုလုပ်ခဲ့သော သာသနာရေးအရာရှိများ၏ သတင်းစာရှင်းလင်းပွဲတွင်ကား ပရိဏတသိက္ခာပုဒ်ကို သုံးကြိမ်မြောက်တိုင်တိုင် ထည့်သွင်း၍ အကိုးအကား ပြုခဲ့ကြသဖြင့် မဟာနာယက ဆရာတော်ကြီးများ၏ "ဝိနည်းတရားတော်များအရ" ဟူသည်မှာ ဤပရိဏတ သိက္ခာပုဒ်ကို ရည်ညွှန်းသည် ဟု ခန့်မှန်းနိုင်၏။ ဆရာနှင့် တကာအတိုင်အဖောက်ညီညီ၊ ရှေ့သွားနောက်လိုက်ညီညီ ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုလောက်ပါပေသည်။

**သတင်းစာရှင်းလင်းပွဲတုန်းက**

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင်ဆရာတော်များ ထံ ၁၆.၆.၂၀၁၄ရက်စွဲဖြင့် ဖြန့်ဝေထားသည့်စာတွဲတွင် နိုင်ငံပိုင် သတင်းစာ များ၌ ပုံနှိပ်ဖော်ပြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် "သတင်းစဉ်" ပါရှိ၏။ စာမျက်နှာ ရှစ်မျက်နှာပါရှိသော ထိုသတင်းစဉ် စာမျက်နှာ ၄ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၏ ရှင်းလင်းချက်၌-

"..... ရဟန်းတော်များ စောင့်ထိန်းရတဲ့သည့် ၂၂၇သွယ် သိက္ခာပုဒ် များမှ ပရိဏာတ သိက္ခာပုဒ်ဆိုတာရှိကြောင်း၊ အလှူရှင်က သံဃိကလှူဒါန်း ထားတာကို ပုဂ္ဂလိက လုပ်လို့မရပါဘူး၊ သံဃိကပစ္စည်းကို ပုဂ္ဂလိကလုပ်ရင် အာပတ်သင့်မှာ ဖြစ်ကြောင်း...' ဟူ၍ ပါရှိ၏။

ထို့ပြင် ထိုသတင်းစဉ် စာမျက်နှာ ၇ သာသနာရေးဦးဌာန၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲညွှန်ကြားရေးမှူး ဦးထွန်းထွန်း၏ ရှင်းလင်းချက်၌လည်း -

" ....၂၂၇ သွယ်သော သိက္ခာပုဒ်တွင် ပါရှိသည့် ပရိဏာတသိက္ခာ ပုဒ်အရ သံဃိကပစ္စည်းကို ပုဂ္ဂလိကပြုလုပ်ပါက သိက္ခာပုဒ်ကျိုးပေါက်မည် ဖြစ်သည့်အပြင် ...." စသည်ဖြင့် ပါရှိ၏။

ထို့အတူပင် ညွှန်ကြားရေးမှူး ဦးထွန်းညွှန့်က သတင်းစာရှင်းလင်းပွဲ တွင် ရှင်းလင်းတင်ပြပုံ ရေးသားထားသည့်စာ စာမျက်နှာ ၃ တွင်လည်း အထက်ပါအတိုင်းတွေ့ရ၏။

ထိုစာတွဲထဲ၌ပင် "မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော် ကြီးနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်အခြေအနေများ" ဟူသော ခေါင်းစဉ်ဖြင့် စာမျက်နှာ ကိုးမျက်နှာရှိသော စာများ၏ စာမျက်နှာ ၄ ၌လည်း-

"ရဟန်းတော်များ စောင့်ထိန်းရတဲ့ ၂၂၇ သွယ် သိက္ခာပုဒ်များမှ ပရိဏတသိက္ခာပုဒ်ဆိုတာ ရှိပါတယ်။ အလှူရှင်က သံဃိကလှူဒါန်းထားတာကို ပုဂ္ဂလိကလုပ်ရင် ပါရာဇိကအာပတ်သင့်ပါတယ်··တဲ့။

**တာဝန်မဲ့အရေးအသား**

ပရိဏတသိက္ခာပုဒ်မှာ ရဟန်းများအတွက် အပြစ်ကြီးလေးပုံ အဆင့်အားဖြင့် တတိယအဆင့်မှာရှိနေ၏၊ ပထမအဆင့် ပါရဇိက အာပတ်ကြီးလေးပါး သင့်လျှင် သာသနာ့ဘောင်မှ ရွေ့လျားရတော့၏။ လူထွက်ရတော့၏။ ဒုတိယအဆင့် သံဃာဒိသိတ် (သံဃာဒိသေသ) အာပတ်သင့်လျှင် သံဃာတော်များ၏ အကူအညီဖြင့် ပရိဝတ်ဆောက်တည်ခြင်း၊ မာနတ်ကျင့်ခြင်း၊ အဗ္ဘာန်သွင်းခြင်းဟူသော သံဃာကိစ္စအဆင့်ဆင့်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးမှ သံဃာ့ပရိသတ်သို့ ပြန်၍ ဝင်ခွင့်ရ၏။ ပရိဏတသိက္ခာပုဒ်မှာ တတိယအဆင့် နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်သုံးဆယ်၏ အဆုံးသတ်ဖြစ်၏။ နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်မှာ ပါဝင်သည့်အတိုင်း ဝိနည်းတော်နှင့်မလျော်ညီဘဲ အလှူခံထားခဲ့သော ဝတ္ထုပစ္စည်းကို စွန့်လွှတ်ပြီးလျှင် ပါစိတ်အာပတ်ကို ရဟန်းတစ်ပါးပါးထံမှာ ဒေသနာကြားလိုက်ခြင်းဖြင့် အာပတ်မှ လွတ်မြောက်သွားတော့၏။

**ထို့ကြောင့် ဤပရိဏတသိက္ခာပုဒ် ကျိုးပေါက်ရုံမျှဖြင့် ပါရာဇိက အာပတ်သင့်သည်ဟု တာဝန်မဲ့အဆိုသာဖြစ်ပါ၏။ ကျောင်းတော်ကြီးကို ပြန်ပြီး စွန့်လွှတ်လိုက်ရမှာ စိုးလှသဖြင့် ပြောမိပြောရာ ပြောလိုက်မိဟန်တူပါ၏။**

အကယ်၍ ရဟန်းတစ်ပါးပါးဖြစ်လျှင်တော့ ဤလို တာဝန်မဲ့အရေးအသားမျိုး ရေးသားမည်မဟုတ်ပါ။ ပထမငယ်တန်း စာမေးပွဲအတွက်

ဘိက္ခုပါတိမောက် ကျမ်းစာသင်ယူထားသည့်ကို ကိုရင်တစ်ပါးကပင် ဤသို့သော အမှားမျိုး ကျူးလွန်မည်မဟုတ်ပါ။

ထို့ကြောင့် ဤခေါင်းစဉ်ပါ အရေးအသားတို့မှာ သာသနာရေး ဦးစီးဌာနမှ အရာရှိတစ်ယောက်၏ လက်ရာသာဖြစ်နိုင်၏။ ထိုအရာရှိမှ ဝိနည်းငယ်လေးစောင် ပါဠိနိဿယစာအုပ်မျိုးကို မြင်ရုံမျှမငြင်းဘူးပဲ ဤဦးစီးဌာနသို့ ခေါင်းဖြဲ၍ ဝင်ရောက်လာခဲ့သော မိုးကျရွှေကိုယ်ဖြစ်စရာ ရှိ၏။ အရာရှိတစ်ယောက်၏ လက်ရာဖြစ်နိုင်သော်လည်း နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့၏ ဦးစီးခေါင်းဆောင် ဆရာတော်ကြီးနှစ်ပါး လက်မှတ်ရေးထိုးထားသောစာဖြင့် တစ်နိုင်ငံလုံးရှိ ရဟန်း ပရိသတ်အားလုံး ထံ ဖြန့်ဝေထားသော စာတွဲတွင် ပါဝင်နေသဖြင့် အလွန်တရာ အရုပ်ဆိုးလှ ပါဘိ၏။ "တပည့်မကောင်းဆရာ့ခေါင်း" ဟူသော မြန်မာစကားပုံ အရ တပည့်သာသနာရေးအရာရှိများ၏ တရားလက်လွတ် အရေးအသားကြောင့် ဆရာတော်များအပေါ် တာဝန်ကျရောက်သွားမည်အရေးက ရင်လေးစရာ ကောင်းလှပါ၏။

## ဆဋ္ဌပါရဇိက

ဟိုယခင်က မိုလ်ချုပ်မှူးကြီးစောမောင် လက်ထက်တုန်းကလည်း ပဥ္စမပါရာဇိက ဟူ၍ပေါ်ပေါက်ခဲ့ဘူးပါပြီ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးကောင်စီက ထုတ်ပြထားသော ဥပဒေတစ်ခုကို ကျူးလွန် ပါက သမုတိသံဃာအဖြစ် တည်ရှိခွင့်မပြုရ ဟူသော အမိန့်ဖြစ်၏။ မြတ်စွာ ဘုရားကိုယ်တော်က ရဟန်း များအတွက် ပညတ်တော်မူခဲ့သော ပါရဇိက အာပတ်မှာ လေးမျိုးသာရှိရာက နဝတလက်ထက်တွင် နောက်တစ်မျိုး တိုးလာသဖြင့် တစ်နိုင်ငံလုံးရှိ ရဟန်းပရိသတ်က ပဥ္စမပါရဇိက ဟူ၍ ကင်ပွန်းတပ်ခဲ့ကြရပါလေသည်။

ယခုလည်း သာသနာရေးအရာရှိများ၏ လက်ချက်ဖြင့် ခြောက်ခု မြောက်ဆဋ္ဌပါရာဇိကပေါ်လာခဲ့ပြန်ပါပြီ။ တကယ်တော့ ကျောင်းတော်ကြီး လက်လွှတ်လိုက်ရမည့် အရေးကို ပရိဏတသိက္ခာပုဒ်ဖြင့် အကာအကွယ် ပြုလိုမှုက ရှေ့တန်းသို့ ရောက်နေသဖြင့် ဤမျှလောက် အလွန်အကျွန် အမှားအမှားအယွင်းယွင်း ပြောဖြစ်ရေးဖြစ်ခဲ့သွားကြ ဟန်ရှိပါသည်။ အကာအကွယ်ရလျှင်ပြီးရောဟု သဘောထားခဲ့ကြဟန်တူပါသည်။

**နှစ်ဖက်ရသိက္ခာပုဒ်**

**ပရိဏတသိက္ခာပုဒ်ကို လက်ကိုင်ပြု၍ ဤသို့သော အကာအကွယ် စကားပြောဆိုကြရခြင်းမှာ ၁၂.၃.၂၀၁၃ ရက်စွဲဖြင့် စာရေးဆရာ ချစ်စံဝင်း က ပီနန် ဆရာတော်ကြီးကိုယ်စား ဤကျောင်းတော်ကြီး ပြန်လည် ထိန်းသိမ်း လွှဲအပ်စောင့်ရှောက်ခွင့်ပြုပါရန် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံ လိပ်မူ၍ လျှောက်လွှာတင်ခဲ့၍ ဖြစ်၏။ ထိုလျှောက် တင်ချက်ကို ပယ်ဖျက်ရန် ကြိုးစားရာတွင် ပရိဏတသိက္ခာပုဒ်ကို အားကိုး အားထားပြုကြခြင်းဖြစ်၏။**

ဤတွင် ဤပရိဏတသိက္ခာပုဒ်သည် သာသနာရေးအရာရှိများ အတွက်သာ အကိုးအကားပြုဖွယ်ဖြစ်၍ အခြားတစ်ဖက်ကကော အကိုး အကားပြု၍ မရနိုင် ပေလောဟု မေးဖွယ်ရှိလာ၏။ ဤသို့မေးလာပါက "နှစ်ဖက်လုံးအတွက် ဖြစ်နိုင်သည်" ဟူ၍ ဖြေရပါမည်။

ဟိသစ္စ-ထိုစကားမှန်လှပေစွ၊ ပရိဏတသိက္ခာပုဒ် ပါဠိတော် အဋ္ဌကထာတို့၌ "**သံဃာအားရည်မှန်းထားပြီးသောပစ္စည်းကို ပုဂ္ဂိုလ်တစ်ပါး ပါးအား မပေးကောင်း**"။ ဤသို့သော-ဖွင့်ဆိုချက်များ ရှိနေသကဲ့သို့ပင် ပုဂ္ဂိုလ်တစ်ပါးပါးကို ရည်မှန်းထားပြီးသော ပစ္စည်းကို အခြားပုဂ္ဂိုလ်က ကြားဖြတ်ဝင်၍ အလှူမခံကောင်း၊ ထိုပစ္စည်းကို အခြားပုဂ္ဂိုလ်အား

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး ရန်ကုန်



မပေးကောင်း၊ သံဃာအားမပေးလှူကောင်း၊ သံဃိကမလုပ်ကောင်း၊ ဤသို့သော ဖွင့်ဆိုချက်များလည်း ပါဝင်နေပါ၏။

ထို့ကြောင့် နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်ကြီးများနှင့် တကွ တပည့်အရာရှိများက မိမိတို့အတွက် အနိုင်မာဆုံး၊ စိတ်အချရဆုံး၊ အားကိုးအားထားအပြုရဆုံးဟု သဘောထား၍ အကြိမ်ကြိမ်အခါခါ ကိုးကားခဲ့ကြသော ပရိဏတသိက္ခာပုဒ်အကြောင်းကို အရင်းအမြစ်ကစ၍ ရှင်းလင်းဖော်ပြပါဦးမည်။

## ၂၂၇ သွယ်သော သိက္ခာပုဒ်များ

မြတ်စွာဘုရားက တပည့်သားရဟန်းအပေါင်းတို့ လိုက်နာကျင့်သုံးရန် ပညတ်တော်မူခဲ့သော ၂၂၇ သွယ်သိက္ခာပုဒ်များတွင် -

| | | |
|---|---|---|
| ၁။ | ပါရာဇိက | ၄-ပါး |
| ၂။ | သံဃာဒိသိသ် | ၁၃-ပါး |
| ၃။ | အနိယတ | ၂-ပါး |
| ၄။ | နိဿဂ္ဂိပါစိတ် | ၃၀-ပါး |
| ၅။ | သုဒ္ဓပါစိတ် | ၉၂-ပါး |
| ၆။ | ပါဋိဒေသနီ | ၄-ပါး |
| ၇။ | သေခိယ | ၇၅-ပါး |
| ၈။ | အဓိကရဏသမထ | ၇-ပါး |

ဤသို့အားဖြင့် ၂၂၇ ပါးရှိ၏။

ထိုတွင် ပရိဏတသိက္ခာပုဒ်သည် နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ တွင် ပါဝင်ပေ၏။ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်များတွင် စီဝရဝဂ်၊ ကောသိယဝဂ်၊ ပတ္တဝဂ် ဟူ၍ ၁၀ခုစီဖွဲ့ထားသော အဖွဲ့သုံးဖွဲ့ရှိလေရာ နောက်ဆုံးဖြစ်သော

၂၉၆၆၃

ပတ္တဝဂ်၏ အဆုံးသတ်လည်းဖြစ်၏။ နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ လုံး၏ အဆုံးသတ် လည်းဖြစ်၏။

**အဆင့်ဆင့်အပြစ်ကြီးလေးပုံ**

နိဿဂ္ဂိပါစိတ်သိက္ခာပုဒ်များသည် သိက္ခာပုဒ်အစီအစဉ်အရ အမှတ်စဉ် (၄)မှာ တည်ရှိသကဲ့သို့ပင် အပြစ်အာပတ်အလေးအပေါ့ အစီအစဉ်မှာလည်း အမှတ်စဉ် (၄) မှာပင် တည်ရှိ၏။

| | | |
|---|---|---|
| ၁။ | အပြစ်အကြီးဆုံးက | ပါရာဇိကအာပတ် |
| ၂။ | ထိုအောက် | သံဃာဒိသိသ်အာပတ် |
| ၃။ | ထိုအောက် | ထုလ္လစ္စဥ်း(ထုလ္လစ္စယ)အာပတ် |
| ၄။ | ထိုအောက် | ပါစိတ်အာပတ် |
| ၅။ | ထိုအောက် | ပါဋိဒေသနီအာပတ် |
| ၆။ | ထိုအောက် | ဒုက္ကဋ် (ဒုက္ကဋ) အာပတ် |
| ၇။ | ထိုအောက် | ဒုဗ္ဘာသီအာပတ် |

ဤအစီအစဉ်၌ပါဝင်သော ထုလ္လစ္စဥ်းအာပတ်အတွက် သီးခြားပညတ်ထားသည့် သိက္ခာပုဒ်မရှိပါ။ ပါရာဇိက သံဃာဒိသိတ် သိက္ခာပုဒ်ကြီးများကို ချိုးဖောက်ရာတွင် အဆုံးစွန်အဆင့်သို့ မရောက်ခင်လေးအဆင့်အထိ ကျူးလွန်ခြင်းအတွက် ပညတ်ထားခြင်းဖြစ်၏။ ထို့ပြင် နိဿဂ္ဂိပါစိတ် သိက္ခာပုဒ်သုံးဆယ်ကို ကျူးလွန်လျှင် ဝိနည်းတော်နှင့်မလျော်မညီအလျှုခံထားသော ပစ္စည်းကို ရှေးဦးစွာ စွန့်ပစ်ရသော တာဝန်တစ်ခုသာပိုလာ၍ သင့်သောအာပတ်မှာမူ ရိုးရိုး သုဒ္ဓပါစိတ်အာပတ်များနှင့် အတူတူသာဖြစ်၍ အမှတ်စဉ် ၄ မှသာ ပါနိုင်၏။ **ဤသို့ အားဖြင့် အမှတ်စဉ် ၄မှာမှ ပါဝင်နေသော ပါစိတ်အာပတ်ကို ဤသာသနာတော်ကြီး တစ်ခုလုံးမှာ အပြစ်အကြီးလေးဆုံး အမှတ်စဉ် ၁ သို့ ပို့ဆောင်ပေးခဲ့သူများမှ သာသနာ**

တော် ၂၅၀၀ ကျော်ခရီးရှည်ကြီးတွင် ယခုခေတ်ကျမှ ပေါ်ပေါက်လာသည်ဟု သာသနာ့သမိုင်းမှာ မော်ကွန်းထိုးကြရပါတော့မည်။

## ဆဗ္ဗဂ္ဂီရဟန်းများ

ဤပရိဏာတသိက္ခာပုဒ် ပေါ်ပေါက်လာပုံဖြစ်စဉ်ကို လေ့လာကြည့်ပါက မဟာသန္တိသုခကျောင်းတော်ကြီး၏ ဖြစ်စဉ်ကိုပို၍ သဘောပေါက်ကြပါလိမ့်မည်။

သာဝတ္ထိမြို့တော်က ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းနိဒါန်းပြု၍ ဤပရိဏာတသိက္ခာပုဒ်ကို ပညတ်တော်မူခဲ့၏။

ဤသာသနာတော်၌ အရှင်ပညာသိကောဏ္ဍည အစရှိသောပဉ္စဝဂ္ဂီရဟန်း ငါးပါးတို့သည် ကောင်းသတင်းဖြင့် ကျော်ကြားကြသကဲ့သို့ပင် ဤဆဗ္ဗဂ္ဂီရဟန်း ခြောက်ပါးတို့ကလည်း မကောင်းသတင်းဖြင့် ကျော်ကြားခဲ့ကြ၏။ သို့ရာတွင် သူတို့သည် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလန်တို့၏ တပည့်များဖြစ်ခဲ့ကြပါ၏။

သာဝတ္ထိမြို့နယ်ကြီးတွင် နေရာတကာ ပူးတွဲပူးတွဲသွားလာလှုပ်ရှားနေကြသဖြင့် သူတို့ကို လူအများက ဆဗ္ဗဂ္ဂီ (ခြောက်ယောက်အစု) ဟူ၍ ခေါ်လာကြရ၏။ ထိုခြောက်ယောက်ထဲကမှ တစ်ဖန်အတွဲအများဆုံးဖြစ်ပုံကို အကြောင်းပြု၍ အတွဲ သုံးတွဲထင်ရှားလာကြ၏။ ထိုအတွဲများမှာ-

ပဏ္ဍုက နှင့် လောဟိတက

မေတ္တိယ နှင့် ဘူမဇက

အဿဇိ နှင့် ပုနဗ္ဗသုက တို့ဖြစ်ကြ၏။

နောက်ဆုံးအတွဲထဲက အဿဇိမှာ ပဉ္စဝဂ္ဂီထဲက အရှင်အဿဇိနှင့်မဆိုင်ပါ၊ နာမည်တူများသာဖြစ်၏။

သူတို့ခြောက်ယောက် သာသနာ့ဘောင်သို့ ဝင်လာခဲ့သည်မှာ သဒ္ဓါတရား ရှေ့သွားပြု၍ မဟုတ်ပါ။ လူ့ဘောင်လောကတွင် အနေအစား မချောင်သဖြင့် အနေအစားချောင်ရာသို့ ခိုဝင်လာခဲ့ကြခြင်းသာဖြစ်၏။ ဤသို့ ဝင်လာခဲ့ရာတွင် သူတို့သည် အခြားရဟန်းများထံ မဝင်ရောက်ဘဲ အဂ္ဂသာဝက အရှင်မြတ်ကြီး နှစ်ပါးထံသို့သာဝင်၍ တပည့်ခံခဲ့ကြ၏။ အရှင်မြတ်ကြီးများကို ကြည်ညိုလွန်း၍မဟုတ်ပါ။ သာဝတ္ထိမြို့တော်ကြီး သားများပီပီ သူတို့က ဉာဏ်စေစားမှု ပြုကြခြင်းသာဖြစ်၏။ သာသနာ တော်တွင်းသို့ ရောက်လာပြီးနောက် အကယ်၍ အရေးအခင်းတစ်စုံတစ်ရာ ကြုံလာခဲ့သော် မိမိတို့အား အကျပ်အတည်းများထဲမှ ကယ်ထုတ်ပေးနိုင် မည့်သူကို ရွေးချယ်ခဲ့ကြခြင်းသာဖြစ်ပေသည်။

## ဆဗ္ဗဂ္ဂီတို့၏ ရည်ရွယ်ချက်

သာသနာ့ဘောင်ရောက်ပြီးပြန်တော့လည်း သူတို့က ကျရာအရပ်မှ မနေကြပါ။ လူတို့ရပ်ရွာဆိုသည်မှာ အစဉ်အမြဲ သာယာစိုပြေနေသည် မဟုတ်ချေ။ တစ်ခါတစ်ရံတွင် အစာရေစာ ရှားပါးပြတ်လပ်သည့် ကပ်ဘေးကြီးများလည်း ဆိုက်တတ်သေး၏။ ထိုအခါမျိုးတွင် ခြောက်ပါး လုံးအတူနေကြပါက ခြောက်ပါးလုံး ဘေးသင့်ကြရတော့မည်။ ထို့ကြောင့် တစ်နေရာက ကပ်ဘေးသင့်လျှင် အခြားနေရာရှိ ပုဂ္ဂိုလ်တို့က ကူညီနိုင် စေရန် နှစ်ပါးတစ်တွဲစီ သုံးနေရာခွဲ၍နေကြ၏။ ရောက်လေရာအရပ်တွင် ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်ရန် ကြိုးစားကြ၏။ တပည့်တပန်းပေါ်များလာအောင် နည်းမျိုးစုံဖြင့် စည်းရုံးကြ၏။ ထိုသုံးတွဲထဲက အရှင်ပဏ္ဍုကနှင့် အရှင် လောဟိတ တို့မှာ သူတို့၏ တပည့်များနှင့်တကွ သီလစင်ကြယ်ကြ၏။ မြတ်စွာဘုရားဒေသစာရီ ကြွချီသေအခါ အခြားရဟန်းများနှင့် အတူ နောက်တော်ပါးမှ လိုက်ပါခဲ့ကြ၏။ သူတို့သည် မြတ်စွာဘုရား မတားမြစ်

ရသေးသည့် အမှုကိုကား ကျူးလွန်ကြ၏။ မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ်၍ တားမြစ်တော်မူလျှင်ကား ထိုအမှုကို မပြုကြတော့ပါ။

အခြားလေးပါးတို့ကတော့ သူတို့၏ တပည့်များနှင့်အတူ သိက္ခာပုဒ် ပညတ်မထားရသေးသည့်အမှုကိုလည်းပြုကြ၏။ ပညတ်ထားပြီးသော သိက္ခာပုဒ်တို့ကိုလည်း ချိုးဖောက်ကြ၏။ မကောင်းမှုပြုရန် အရှက်မရှိသော အလဇ္ဇီပုဂ္ဂိုလ်များပင်ဖြစ်ကြပေသည်။

## သိက္ခာပုဒ်ပညတ်ချိန်

ဤပရိဏာတသိက္ခာပုဒ် ပညတ်တော်မူသည့်အခါမှာတော့ သူတို့ ခြောက်ပါးလုံး သာဝတ္ထိမြို့တော်က ဇေတဝန်ကျောင်းတော်မှာ ရှိနေခဲ့ကြ၏။ ယခုမြန်မာနိုင်ငံအရပ်ရပ်၌ ဘုံဆွမ်းလောင်းအသင်း၊ သဟပုညကာရီအသင်း များ ရှိသကဲ့သို့ပင် မြတ်စွာဘုရား လက်ထက်တော်တုန်းကလည်း ကုသိုလ် ကောင်းမှု အတူတူပြုသော အသင်းများရှိခဲ့ကြ၏။ ထိုအထဲက အသင်း တစ်သင်းသည် ဇေတဝန်ကျောင်းတော်ရှိ သံဃာတော်အားလုံးကို ရည်စူး၍ သံဃိကဆွမ်းဆက်ကပ်ပြီးလျှင် သံဃိက သင်္ကန်းကပ်လှူရန် စီစဉ်ကြ၏။

ထိုအလှူပွဲအကြိုနေ့တွင် အသင်းခေါင်းဆောင်လူကြီးများက ဇေတဝန်ကျောင်းတော်သို့သွား၍ မိမိတို့စီစဉ်ထားသော လှူဖွယ်ဝတ္ထု အရေအတွက်အားလျော်စွာ အလှူခံသံဃာအရေအတွက်ကို လျှောက်ထား ကြ၏။ ဤကဲ့သို့ တာဝန်များကို ဆောင်ရွက်ရန် သံဃာတော်များက ဘတ္တုဒ္ဒေသက ရဟန်းတစ်ပါးကို တာဝန်ပေးထားရ၏။ ဘတ္တုဒ္ဒေသကရဟန်း ဟူသည်မှာ ဆွမ်းညွှန်ရဟန်းဖြစ်၏။ စာသင်တိုက် ကြီးများက ဆွမ်းစား ကျောင်း ဘုန်းကြီးကဲ့သို့ဖြစ်၏။ ထိုဘတ္တုဒ္ဒေသကရဟန်းက ဒါယကာများ လျှောက်ထားသည့် သံဃာတော်အရေအတွက်အတိုင်း ထေစဉ် ဝါလိုက်

စာရင်းအရ အလှည့်ကျရာပုဂ္ဂိုလ်ကို လျှောက်ထားပေးမည်ဟု တာဝန်ယူလိုက်သဖြင့် ဒါယကာများပြန်လာခဲ့ကြပေသည်။

**ဗွတ်အတင်းအလှူခံသူများ**

ထိုအလှူပွဲသို့ ကြွရောက်ခွင့်ရသူများထဲတွင် ဆဗ္ဗဂ္ဂီရဟန်းများ မပါပါ။ စောစောက အလှည့်ကျပြီး၍လည်းဖြစ်နိုင်၏။ အလှည့်မကျသေး၍လည်းဖြစ်နိုင်၏။ အခြားပုဂ္ဂိုလ်များဆိုပါက ဤကိစ္စအတွက် မည်သို့မျှ သဘောထားမည်မဟုတ်ပါ။ ဤအလှူပွဲအတွက် အလှည့်မကျလျှင် နောက်တစ်ခုခုမှာ ကျလာမည်အလှည့်ဟု သဘောထားကြမည်ဖြစ်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့ကတော့ ဤသို့သဘောမထားနိုင်ပါ။ ဆွမ်းညွှန်ရဟန်းချပေးမည့်အလှည့်ကို စောင့်မနေနိုင်ပါ။ ထို့ကြောင့်သူတို့သည် ဤသတင်းကို ကြားကြားချင်းအလှူပွဲကျင်းပရာသို့ သွားရောက်ပြီးလျှင်

"တကာတို့၊ အခုလှူဖို့စီစဉ်ထားတဲ့ သင်္ကန်းတွေကို ဦးဇင်းတို့ခေါင်းပါးကို လှူကြပါ" ဟု ဗွတ်ဝင်၍ အလှူခံကြသဖြင့် -

"အရှင်ဘုရားတို့ တပည့်တော်တို့က သံဃာကို ရည်မှန်းပြီး နှစ်စဉ်နှစ်တိုင်းလိုလဲ သံဃိကအလှူလုပ်ဖို့ စီစဉ်ထားကြတာပါ။ ဒါကြောင့် မလှူနိုင်ပါဘူး"

ဤသို့ ဒါယကာများက လျှောက်ထားကြသော်ငြားလည်း ဆဗ္ဗဂ္ဂီရဟန်းတို့က နောက်ဆုတ်မသွားကြပါ။

"တကာတို့ရယ်၊ သံဃာဆိုတာ လှူမယ့်တန်းမယ့် သူတွေများပါတယ်။ လာဘ်လာဘတွေ ပေါပါတယ်။ ဦးဇင်းတို့ မှာတော့ တကာတို့ကို အမှီပြုပြီးနေကြရတာပါ။ တကာတို့လှူမယ့်တန်းမယ့်နေ့ကို မျှော်ကိုးပြီး နေကြရတာပါ။ ဦးဇင်းတို့ကို တကာတို့ကမှ မလှူဘူးဆိုရင် ဘယ်သူက

လှူကြတော့မှာလဲဗျာ၊ ဒါကြောင့် ဒီသင်္ကန်းတွေကို ဦးဇင်းတို့ကိုပဲ လှူလိုက်ကြပါတော့"

ဤသို့ ဇွတ်ပေကပ်ပြီး အကျပ်ကိုင်သောပုံစံဖြင့် အလှူခံနေကြသဖြင့် ဒါယကာများကလည်း အားနာပါနား သံဃိကလှူရန်စီစဉ်ထားသောသင်္ကန်းတို့ကို ဆဗ္ဗဂ္ဂီရဟန်းတို့အား လှူလိုက်ကြရပါတော့သည်။

## သိက္ခာပုဒ်ကို ပညတ်ရပြီ

နောက်နေ့ နံနက်ခင်း၌ ထိုအလှူပွဲသို့ အလှည့်ကျသော ရဟန်းများ ကြွရောက်လာကြ၏။ ထိုအထဲက ရဟန်းအချို့မှာ ဆွမ်းကျွေးနှင့်အတူ သင်္ကန်းပါ လှူမည့်အကြောင်းကို ကြားသိထားကြ၏။ သို့ရာတွင် ထိုသင်္ကန်းတို့ကို ဆဗ္ဗဂ္ဂီ ရဟန်းများက ကြားဖြတ်၍ အလှူခံသွားခဲ့ကြသည်ကို မသိသေးပါ။ ထို့ကြောင့် ရဟန်းတို့ ဆွမ်းဘုဉ်းပေးပြီးကြသောအခါ -

"ကဲ တကာတို့ ဆွမ်းကိစ္စတွေပြီးသွားပြီဆိုတော့ သံဃာအား သင်္ကန်းကပ်ကြပါတော့" ဟု နှိုးဆော်လိုက်၏။ ဤတွင်မှ ဒါယကာတို့ကလည်း အဖြစ်မှန်ကို လျှောက်ကြရတော့၏။

ဤအကြောင်းကို အလိုနည်းသော ရဟန်းတို့ကြားသိ၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချကြ၏။ ထိုမှတစ်ဆင့်မြတ်စွာဘုရား၏ ရှေ့နားတော်သို့ ပေါက်ကြားသောအခါ မြတ်စွာဘုရားက ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်ယူစစ်ဆေးမေးမြန်း၍ အမျိုးမျိုးအဖုံဖုံ ရှုတ်ချတော်မူပြီးလျှင် -

**ယော ပန ဘိက္ခုဇာနံ သံဃိက လာဘံ ပရိဏတံ အတ္တနော ပရိဏာ မေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ"** ဟူသော သိက္ခာပုဒ်ကို ပညတ်တော်မူပေသည်။

**မြန်မာပြန်။** ။ အကြင်ရဟန်းသည် သံဃာအား လှူဒါန်းရန် ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုပစ္စည်းကို သံဃာအားလှူဒါန်းရန် ရည်မှန်းထားမှန်းသိပါလျက် မိမိအတွက် အလှူခံငြားအံ့၊ ထိုရဟန်းအား အလှူခံထားသော ပစ္စည်းကို စွန့်ပစ်ခြင်းဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်စေ။

**ပရိဏတပုဒ်၏ အနက်အဓိပ္ပါယ်**

ဤမြန်မာပြန်၌ "သံဃာအားလှူဒါန်းရန် ရည်ရွယ်ထားပြီးသော" ဟူသော ဘာသာပြန်မှာ ပရိဏတ ဟူသော ပါဠိကို ပြန်ဆိုထားခြင်းဖြစ်၏။ ပရိဏတသိက္ခာပုဒ်၏ အကျယ်ဝေဖန်ရာ ပဒဘာဇနီ၌ "ငါတို့သည် ဆွမ်းကပ်ပြီးလျှင် သင်္ကန်းကပ်ကြကုန်အံ့" ဟူ၍ ဒါယကာတို့ နှုတ်မြွက်ပြောဆိုပုံဖြင့် ဖွင့်ဆိုထား၏။

ထိုပရိဏတပုဒ်ကို အဋ္ဌကထာဖွင့်ဆိုရာတွင်မူ-

**သံဃဿ နိန္နံ၊ သံဃဿ ပေါဏံ၊ သံဃဿ ပဗ္ဘာရံ ဟုတွာ ဋ္ဌိတံ**-ဟူ၍ ပြဆိုထား၏။

ထိုအဋ္ဌကထာဖွင့်ဆိုချက်ကို တောင်မြို့ ဘာသာဋီကာဆရာတော်ကြီး၏ ပါရာဇိကဏ် အဋ္ဌကထာနိဿယ၌ ပြဆိုထားသည်မှာ-

ပရိဏတန္တိ-ပရိဏထ ဟူသည်ကား သံဃဿ-သံဃာ၏အထံသို့၊ နိန္နံ-ညွှတ်ပြီးသည်၊ သံဃဿ-သို့၊ ပေါဏံ-ကိုင်းပြီးသည် သံဃဿ-သို့၊ ပဗ္ဘာရံ-ရှိုင်းပြီးသည် (ဟုတွာ-ဖြစ်၍) ဋ္ဌိတံ-တည်သော-ဟူ၍ဖြစ်၏။

ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်သည် တောင်ဖက်သို့ ညွှတ်နေ၏၊ ကိုင်းနေ၏။ ယခုလောလောဆယ်တွင် မြေပြင်ပေါ်သို့ မရောက်လာသေးသော်ငြားလည်း တစ်ချိန်ချိန်မှာတော့ လဲကျသွားမည်သာ၊ လဲကျသွားတော့လည်း အခြားတစ်ပါးသောအရပ်မျက်နှာတို့သို့ လဲကျမည်

မဟုတ်၊ မူလပထမကတည်းက ညွှတ်ထားပြီး၊ ကိုင်းထားပြီးဖြစ်သော တောင်ဖက်အရပ်မျက်နှာသို့သာ လဲကျမည်ဖြစ်၏။

ထို့အတူပင် ထိုဒါယကာတို့ကလည်း "ငါတို့သည် သံဃာအား ဆွမ်းကပ်ပြီးလျှင် သင်္ကန်းကပ်ကြမည်" ဟု အချင်းချင်းပြောဆို၍ လည်းကောင်း၊ ပတ်ဝန်းကျင်ပရိသတ်များကြား သိအောင်ကြေညာ၍ လည်းကောင်း စီစဉ်ထားသော လှူဖွယ်ပစ္စည်းသည် အလှူခံသံဃာ၏ လက်ဝယ်သို့ ကေန်မရောက်သေးသော်ငြားလည်း အချိန်ကျလျှင် ကေန်မုချရောက်ရမည်သာဟု မှတ်ယူထားခြင်းဖြစ်၏။ ထိုသဘော အားလုံးကို ခြုံမိငုံမိစေရန် ပရိဏတပုဒ်ကို "ရည်ရွယ်ခြင်း" ဟူ၍ မြန်မာပြန် လိုက်ရပါသည်။

**အာပတ်သင့်နိုင်ပုံအဆင့်ဆင့်**

ဤသို့ ပရိဏတပုဒ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြပြီးသောအခါ ထိုသိက္ခာပုဒ်ကို ကျူးလွန်သဖြင့် အာပတ်သင့်နိုင်ပုံ အဆင့်ဆင့်ကို ပဒဘာဇနီအပိုင်း၌ အကျယ်ပြဆိုထားပေသည်။

**သံဃာအားလှူဒါန်းရန် ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုပစ္စည်း၌ ရည်မှန်းထားပြီးမှန်းသိပါလျက် မိမိအတွက် အလှူခံဖို့ကြိုးစားလျှင် ဒုက္ကဋ် အာပတ်သင့်၏။**

**တကယ်လက်ရောက်အလှူခံရရှိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။**

**သံဃာအားလှူဒါန်းရန် ရည်မှန်းထားသည့် လှူဖွယ်ဝတ္ထုပစ္စည်း၌ ရည်မှန်းထားပြီးမှန်းသိပါလျက် မိမိအတွက် အလှူခံလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။** သံဃာအားရည်မှန်းထားသည်၌ ရည်မှန်းထားမှန်း မဟုတ်ဟုယူဆ၍ (ရှင်းရှင်းလင်းလင်းသိ၍) မိမိအတွက် အလှူခံလျှင် အာပတ် မသင့်။

ကျောင်းတိုက်တစ်ခုရှိ သံဃာအား ရည်မှန်းထားသည်ကို အခြား ကျောင်းတိုက်ရှိ သံဃာအားဖြစ်စေ၊ စေတီတစ်ဆူဆူဖြစ်စေ လှူဒါန်းစေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

စေတီတော်ဆူဆူအား ရည်မှန်းထားပြီးသော လှူဖွယ်ပစ္စည်းကို အခြား စေတီအားဖြစ်စေ၊ သံဃာအားဖြစ်စေ၊ ပုဂ္ဂိုလ်အားဖြစ်စေ လှူဒါန်းစေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

**ပုဂ္ဂိုလ်တစ်ပါးပါးအား လှူဒါန်းရန် ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုပစ္စည်းကို အခြားပုဂ္ဂိုလ်အားဖြစ်စေ၊ သံဃာအားဖြစ်စေ၊ စေတီအားဖြစ်စေ လှူဒါန်းစေလျှင် ဒုက္ကဋ်အာပတ်သင့်၏။**

မည်သူ့ကိုမျှ ရည်မှန်းမထားသော လှူဖွယ်ဝတ္ထုပစ္စည်း၌ တစ်ခုခုအား ရည်မှန်းထားသည်ယူဆလျက် တစ်ဦးဦးအား လှူဒါန်းစေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ထို့ပြင် ဒါယကာတို့က "တပည့်တော်တို့ အဘယ်ဌာနမှာ လှူရပါမည်နည်း" ဟု မေးလျှောက်ကြသဖြင့် "ဒါယကာတို့၏ လှူဖွယ်ဝတ္ထုပစ္စည်းကို အကျိုးရှိရှိ အသုံးချနိုင်မည့်ဌာနမှာဖြစ်စေ၊ ပျက်စီးလျှင် ပြင်ဆင်ပေးမည့်ဌာနမှာဖြစ်စေ၊ ကြာရှည်သဖြင့် တည်ရှိနေအောင် ထိန်းသိမ်းပေးထားနိုင်သည့်ဌာနမှာဖြစ်စေ သို့မဟုတ် သင်တို့ကြည်ညိုရာမှာဖြစ်စေ ဤသို့ ပြောဆိုလျှင်အာပတ်မသင့်။

ရူးသွပ်သောရဟန်းနှင့် ဤအမှုကိုအစပြု၍ ကျူးလွန်သောရဟန်းတို့အား အာပတ်မသင့်။

ဤသည်မှာ ပရိဏတသိက္ခာပုဒ်ပါဠိတော်လာ အကျယ်ဝေဖန်ချက်ဖြစ်၏။

## ပါဠိတော်၌တိုက်ရိုက်မပါ

မဟာနာယကဆရာတော်ကြီးများ ရည်ညွှန်း၍ သာသနာရေး အရာရှိများ သတင်းစာရှင်းလင်းချက်တွင် သိက္ခာပုဒ်အမည်ထုတ်ဖော်၍ အကြိမ်ကြိမ်အလီလီ ကိုးကားခဲ့ကြသော ဤသိက္ခာပုဒ်တွင် သူတို့၏ အဆိုဖြစ်သော "သံဃိကပစ္စည်းကို ပုဂ္ဂလိကသို့ မပေးကောင်း" ဟူသော အချက်သည် ပါဠိတော်၌ တိုက်ရိုက်အားဖြင့် မပါဝင်ပါ။ **သံဃာအား ရည်မှန်းထားပြီးသောပစ္စည်းနှင့် ပုဂ္ဂိုလ်တစ်ပါးပါးအား ရည်မှန်း ထားပြီးသော ပစ္စည်းကို မိမိအတွက်လည်း အလှူမခံရ၊ အခြားသူများ ကိုလည်း မပေးစေရ ဟူ၍သာ ပါဝင်ပေသည်။**

သူတို့၏အဆိုကို ထောက်ခံသော ဖွင့်ဆိုချက်သည် ပါဠိတော်လာ ဖွင့်ဆိုချက်များတွင် မပါဝင်သေးသော်ငြား ပါဠိတော်၏အဖွင့်၌-

"သစေ ပန သံဃဿဒိန္နံ ဟောတိ၊ တံ ဂဟေတုံ န ဝဋ္ဋတိ၊ သံဃဿေဝ ဒါတဗ္ဗံ" ဟူ၍ ပါရှိ၏။

မြန်မာပြန် ။ ။ အကယ်၍ ပစ္စည်းကို သံဃာအား လှူဒါန်းပြီးဖြစ်လျှင် (သံဃိကဖြစ်နေလျှင်) ထိုပစ္စည်းကို မယူသင့်၊ သံဃာအားသာ လှူသင့်၏။

ဤဖွင့်ဆိုချက်၌ မိမိအတွက် မယူဟု ဆိုထား၍လည်းကောင်း၊ သံဃာ အားသာ လှူသင့်၏ဟု ဆိုထား၍လည်းကောင်း၊ သံဃိကပစ္စည်းကို ပုဂ္ဂလိက သို့လှူမကောင်းဟူသော သဘောအဓိပ္ပာယ်လည်းပါဝင်နိုင်ပါ သည်။ ယခုကိစ္စမှာ မူကထဲက ပုဂ္ဂလိကကိုရည်မှန်းသောပစ္စည်းဖြစ်သည်။

## အထောက်အထား ၁ ခု နှင့် ၂ ခု

အကယ်၍ သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်များနှင့် ပီနန် ဆရာတော်ကြီးတို့ ဝိနည်းဓမ္မကံလမ်းကြောင်းအတိုင်း တရားဆိုင်ကြရမည် ဆိုပါက ဤအဋ္ဌကထာ ဖွင့်ဆိုချက်သည် သာသနာရေးဦးစီးဌာနမှ ပုဂ္ဂိုလ်

များအတွက် အကောင်းဆုံးသော အထောက်အထားဖြစ်ပါလိမ့်မည်။

ထို့အတူပင် ပီနန်ဆရာတော်ကြီးအတွက်လည်း ဤသိက္ခာပုဒ်မှာပင်လျှင် အကောင်းဆုံးသော အထောက်အထားတွေရနိုင်သည်သာ။ ရနိုင်သည့် အထောက်အထားများမှာ ပါဠိတော်မှ သာမဟုတ်၊ အဋ္ဌကထာမှလည်း ရနိုင်သေး၏။ သာသနာရေးအရာရှိများဖက်တွင် အဋ္ဌကထာ အဆိုအမိန့်တစ်ခုတည်းသာရှိ၍ ပီနန်ဆရာတော်ကြီးဖက်မှာတော့ ကိုးကားစရာ အထောက်အထားနှင့် နှစ်ခုတောင်ရှိနေပါ၏။

ပထမအထောက်အထားမှာ-

ပုဂ္ဂကသ္မ ပရိဏတံ အညပုဂ္ဂလဿဝါ သံဃဿဝါ စေတိယဿဝါ ပရိဏာမေတိ အာပတ္တိဒုက္ကဋဿ။

**မြန်မာပြည်** ။ ။ ပုဂ္ဂိုလ်တစ်ပါးပါးအားလှူဒါန်းရန် ရည်မှန်ထားပြီးသော လှူဖွယ်ဝတ္ထုပစ္စည်းကို အခြားပုဂ္ဂိုလ်အားဖြစ်စေ၊ သံဃာအားဖြစ်စေ၊ စေတီအားဖြစ်စေ၊ ရည်မှန်းစေလျှင် (လှူဒါန်းစေလျှင်) ဒုက္ကဋ် အာပတ်သင့်၏။

ပရိဏတသိက္ခာပုဒ်၏ ပဒဘာဇနီပါဠိတော်လာ ပညတ်ချက်ဖြစ်၏။

**စကားကုန်အဆိုအမိန့်**

ထို့ပြင် ဤသိက္ခာပုဒ်၏ ပါဠိတော်ထဲက ပရိဏတံ ဟူသော ပုဒ်၏ အဖွင့်အဋ္ဌကထာ၌လည်း -

ပုဂ္ဂလဿ ပရိဏတန္တိ မန္တမသော သုနခဿာပိ ပရိဏတံ "ဣမဿ သုနခဿ မာဒေဟိ။ ဧတဿ ဒေထာတိ အညဿ ပုဂ္ဂလဿ ပရိဏာမေတိ၊ ဒုက္ကဋံ" ဟူ၍ ပါရှိ၏။

**မြန်မာပြန်** ။ ။ ပုဂ္ဂလဿပရိဏသံ ဟူသော ပါဠိ၏အနက် အဓိပ္ပါယ်ကို ဤသို့သိအပ်၏။ အယုတ်နိမ့်ဆုံးအားဖြင့် ခွေးတစ်ကောင်အား (ကျွေးရန်)

ရည်မှန်းထားပြီးသော အစားအစာကို ဤခွေးအားမကျွေးနှင့်၊ ထိုခွေးအား ကျွေးကြ။ ခွေးတစ်ကောင်အား (ကျွေးရန်) ရည်မှန်းထားပြီးသော အစားစာကို ဤခွေးအားမကျွေးနှင့်၊ ထိုခွေးအား ကျွေးကြကုန်လော့'' ဟူ၍ (ပုဂ္ဂိုလ် တစ်ပါးအား ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုပစ္စည်းကို) အခြား သောပုဂ္ဂိုလ်အား ရည်မှန်းစေလျှင် (လှူဒါန်းစေလျှင်) ဒုက္ကဋ်အာပတ်သင့်၏။

ပုဂ္ဂိုလ်တစ်ပါးပါးကို ရည်မှန်းထားပြီးသော ဝတ္ထုပစ္စည်းကိုဖွင့်ဆိုရာ၌ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက ဤမျှလောက်ထိ စကားကုန် မိန့်ဆိုထားခဲ့ပါပေသည်။

**ဤမိန့်ဆိုချက်အရ ကောက်ချက်ချ၍ကြည့်လျှင် ပီနန်ဆရာတော်ကြီး ကဲ့သို့ ကမ္ဘာတစ်ဝှမ်းလုံးသို့ ခရီးလှည့်လည်၍ သာသနာပြုနေသည့် အကျော် အမော် သာသနာပြုဆရာတော်ကြီးကို မဆိုထားပါနှင့်ဦး။ သက်ရှိသတ္တဝါ တို့တွင် အယုတ်နိမ့်ဆုံးဖြစ်သော ခွေးတစ်ကောင်ပင်ဖြစ်စေဦးတော့ သူ့အတွက် စောစောက ရည်မှန်းထားပြီးဖြစ်နေပါက သူ့ကိုပင် ကျွေးရမည်။ အခြားခွေးကို မကျွေးရ ဟူ၍ ဆိုနိုင်ပါလိမ့်မည်။**

## ကိစ္စကြီးတစ်လုံးအတွက် သော့ချက်

မိမိတို့ဖက်က အသာစီးရရှိရေးအတွက် သံဃိကအဖြစ်ကို အသေ ဆုပ်ကိုင်ထားလိုသူတိုင်း ဤပါဠိတော်၊ ဤအဋ္ဌကထာစကားတို့ကို အလေး မူသင့်ကြပါ၏။

ပရိဏတသိက္ခာပုဒ်ကို သုံးကြိမ်သုံးခါ အားကိုးအားထားပြုခဲ့ကြ သော သာသနာရေးအရာရှိများသည် ဤမျှလောက်အထိ ထဲထဲဝင်ဝင် လေ့လာသုံးသပ်မှုပြုဖြစ်ချင်မှ ပြုဖြစ်ကြပါလိမ့်မည်။ သို့ရာတွင် ဤသိက္ခာပုဒ်ကို ရည်ညွှန်းခဲ့ကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များမှာမူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တွေ အကြိမ်ကြိမ်

အထပ်ထပ်ရရှိထားသည့် ဦးစီးခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများဖြစ်ကြ၍ ဤပါဠိတော်၊ ဤအဋ္ဌကထာမိန့်ဆိုချက်တို့နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ကြ ပါလိမ့်မည်။

ဤမိန့်ဆိုချက်များနှင့် အကျွမ်းတဝင် ရင်းနှီးထားသည်ဖြစ်ပါလျက် သံဃိကဖက်သို့ အလေးသာသွားကြရခြင်းမှာ ထိုစဉ်က နိုင်ငံတော်အကြီး အကဲဖြစ်သော မိုလ်ချုပ်မှူးကြီးသန်းရွှေက ဤကျောင်းတော်ကြီးကို သံဃိကရေစက်ချခဲ့၍ ဖြစ်၏။

ဤကျောင်းတော်ကြီးနှင့်ပတ်သက်၍ တိုင်းကျော်ပြည်ကျော်၊ ကမ္ဘာကျော်အောင် ပေါ်ပေါက်လာခဲ့လေသမျှ အရေးကိစ္စအားလုံးက အရေး အပါဆုံး၊အချက်အချာအကျဆုံးအချက်မှာ ဤကျောင်းတော်ကြီးကို နိုင်ငံတော် အကြီးအကဲက သံဃိကလှူဒါန်းခဲ့ခြင်းဖြစ်၏။ မဟာနာယကဆရာတော် ကြီးတို့ထုတ်ပြန်ထားသည့် စာများတွင် ဤအချက်ကို အဓိကထား၍ ပြဆို ထား၏။ ဤအချက်ကို ဤအရေးကိစ္စကြီးတစ်ခုလုံးအတွက် သော့ချက် ဖြစ်နေ၏။

သို့ဖြစ်၍ မဟာသန္တိသုခကျောင်းတော်ကြီး၏ တံခါးရွက်များကို ဟင်းလင်းဖွင့်နိုင်ရေးအတွက် အထက်ပါအချက်ကို စကားဆိုဖို့ လိုပါ လိမ့်မည်။ သံဃိကအဖြစ်ဖြင့် ရေစက်ချလှူဒါန်းခဲ့သော ဤအချက်ကို ပယ်ဖျက်နိုင်ရန် ကြိုးစားရပါလိမ့်မည်။ ဤကျောင်းတော်ကြီးကို ရှေးဦး မူလရည်မှန်းချက်ရှိထားခဲ့သည့်အတိုင်း အသုံးပြုနိုင်ရေးအတွက် ပီနန် ဆရာတော်ကြီးအနေနှင့် ဝိနည်းခမ္မကံ လမ်းကြောင်းကသာ ကြိုးစားမည် ဆိုပါက ဤအချက်ကို ပိုင်ပိုင်ကြီး ဆုပ်ကိုင်ရပါလိမ့်မည်။

**ထိပ်ဆုံးကပုဂ္ဂိုလ်ကြီး နှစ်ဦး**

ဝိနည်းဓမ္မကံလမ်းကြောင်းက ကြိုးစားရာတွင် ပထမဦးစွာ ဤကျောင်းတော်ကြီးကို သံဃိကအဖြစ် ရေစက်ချလှူဒါန်းထားခဲ့သည့်ကိစ္စကို ပယ်ဖျက်နိုင်မှ ဖြစ်ပါမည်။

ဤမဟာသန္တိသုခကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းရာ၌ ရေစက်ခွက်ကိုင်၍ လှူဒါန်းခဲ့သူမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်၏။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအရ ရေစက်ချလှူဒါန်းသူတို့၏ကိုယ်စား ရေစက်ချစကားများ ရွက်ဆိုပေး၍ အလှူခံရသူမှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် မကွေးဆရာတော်ကြီးဖြစ်၏။

တစ်ဦးသော ပုဂ္ဂိုလ်က နိုင်ငံတော်ကြီးတစ်ခုလုံး၏ အုပ်ချုပ်မှု အာဏာအရပ်ရပ်ကို ချုပ်ကိုင်ထားသူ၊ တစ်ပါးသော ပုဂ္ဂိုလ်က သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းကြီး၏ အကျိုးတော်ဆောင်။

ဤကဲ့သို့သော ထိပ်သီးပုဂ္ဂိုလ်ကြီးများက ပရိသတ်ဗိုလ်ပုံအလယ်၌ ရေစက်ချ၍ အပေးအယူပြုခဲ့ကြသော ကိစ္စကြီးကို ပယ်ဖျက်ရန်ဆိုသည်မှာ မတွေးကောင်း၊ မကြံကောင်းသည့်ကိစ္စများဟူ၍ပင် ဆိုရပါလိမ့်မည်။

**သို့ရာတွင် ပီနန်ဆရာတော်ကြီးအဖို့ ဤကျောင်းတော်ကြီးကို မိမိမူလရည်မှန်းထားခဲ့သည့်အတိုင်း အသုံးပြုခွင့်ရရေးအတွက် ကြိုးစားရန်မှာ ဤလမ်းကြောင်းတစ်ခုသာရှိနေပါ၏။**

**မကောင်းသဖြင့် ပြုအပ်သောအမှု**

ဝိနည်းဓမ္မကံလမ်းကြောင်းက ကြိုးစားရတော့မည်ဖြစ်၍ ရေစက်ချ၍ အပေးအယူပြုခဲ့ကြသော ပုဂ္ဂိုလ်ကြီးများအနက် ဒါယကာအပိုင်းကို

ချန်ထားခဲ့ရမည်။ အလှူခံ ပုဂ္ဂိုလ်အပိုင်းကိုသာ အလေးထားရပါမည်။ ဝိနည်းဓမ္မကံလမ်းကြောင်းအရ စကားဆိုရာတွင် ဝိနည်းသိက္ခာပုဒ်များနှင့် သက်ဆိုင်သည့် သာသနာ့ဝန်ထမ်းရဟန်းပုဂ္ဂိုလ်ကိုသာ အလေးထားရပါမည်။ သစ်ပင်ကြီးတစ်ပင်နှင့် ဥပမာ ပြုရပါလျှင် အလှူပေးပုဂ္ဂိုလ်က ကိုင်းဖျားဖြစ်၍ အလှူခံပုဂ္ဂိုလ်က အရင်းပိုင်းဖြစ်၏။ "အရင်းလဲသော် အဖျားထင်းဖြစ်" ဟူသော ဆိုရိုးစကားအတိုင်း အရင်းကိုလှဲနိုင်ပါက အဖျားကလည်း ထင်းဖြစ်သွားရပါလိမ့်မည်။

သို့ဖြစ်၍ အပင်ကြီး၏အမြစ်ကို တူးဖြိုလှဲချနိုင်ရန် ဤကျောင်းတော်ကြီးကို ရေစက်ချပေး၍ အလှူခံခဲ့သော အမှုကိစ္စကို ဝိနည်းတော်နှင့် ညီ၊ မညီ၊ အထူးအားဖြင့် ပရိဏတသိက္ခာပုဒ်နှင့်ညီ မညီ ဝေဖန်သုံးသပ်ရပါမည်။ ဝိနည်းတော်နှင့်မလျော်ညီလျှင် ထိုအမှုကြောင့် ထိုအမှုပြုသည့် ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်ပါလိမ့်မည်။ **ဒုက္ကဋ်အာပတ်ဟူသည်မှာ ဒုကတဟူသော မူရင်းပုဒ်မှ ရွေ့လျော လာသည်ဖြစ်၍ မကောင်းသဖြင့် ပြုအပ်သောအမှု (ဝါ) မှားမှားယွင်းယွင်းပြုအပ်သောအမှု (ဝါ) သာသနာပိုင်း အာဏာပိုင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ အမိန့်အာဏာတော်ကို ချိုးဖျက် ကျူးလွန်သောအမှုသာဖြစ်ပါလိမ့်မည်။**

ဤသို့ဆိုလျှင် ထိုအမှုကို မှန်ကန်သောအမှု၊ ဝိနည်းတော်နှင့် လျော်ညီ သောအမှု၊ ရဟန်းရှင်ပြည်သူအပေါင်းတို့ လက်ခံနိုင်သောအမှုဟူ၍ ဆိုထိုက်ပါဦးမည်လော့။

**သံဃိကအသံလုံးဝမထွက်ခဲ့**

ဤကဲ့သို့ ဆိုထိုက်၊ မဆိုထိုက် ဝေဖန်ဆန်းစစ်ရာတွင် ဤကျောင်း တော်ကြီးကို စတင်ဆောက်လုပ်သည်ကစ၍ သံဃိကရေစက်မချမီအထိ ဤကျောင်းတော်ကြီး ဆောက်လုပ်ရေးကိစ္စအဝဝကို အကြီးအမှူးဦးစီးဦးကိုင်

ပြုလုပ်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်တကွ ဤကျောင်းတော်ကြီးအတွက် အလှူငွေထည့်ဝင်ခဲ့ကြသော မြန်မာနိုင်ငံအရပ်ရပ်မှ လူတန်းစားပေါင်းစုံမှ ကုသိုလ်ရှင် အပေါင်းက မည်သူ့အတွက် ရည်မှန်းခဲ့ကြပါသလဲ။ ပီနန်ဆရာတော်ကြီးကို ရည်မှန်းခဲ့ကြပါသလား၊ ပီနန်ဆရာတော်ကြီး၏ ဘွဲ့မည်ကို အသုံးပြုခဲ့ကြပါသလား သို့မဟုတ် ပီနန်ဆရာတော်ကြီး၏ ဘွဲ့မည်ကို အသုံးမပြုဘဲ သံဃိကရေစက်ချလှူဒါန်းရန် ရည်မှန်းခဲ့ကြပါသလား၊ ဤအချက်ကို အခြေပြုကြပါရလိမ့်မည်။

ထို့ပြင် ကျောင်းတော်ကြီးတည်ဆောက်ရေးကိစ္စအဝဝကို ဦးဆောင်ဦးရွက်ပြုခဲ့သော ဒုတိယဗိုလ်ချုပ်မှူးကြီးခင်ညွန့်နှင့်တကွ တာဝန်ရှိသူများက အလှူရှင်များပေါ်ထွက်လာရေးအတွက် နှိုးဆော်တိုက်တွန်းမှုပြုရာတွင် မည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြပါသလဲ။ ပီနန်ဆရာတော်ကြီး ဘွဲ့မည်ကို အသုံးပြု၍ နှိုးဆော်တိုက်တွန်းခဲ့ကြပါသလား သို့မဟုတ် မည်သည့် ဆရာတော်ကြီးကိုမျှ ဦးတည်မှု မပြုဘဲ သံဃိကရေစက်ချလှူဒါန်းမည်ဟု ပြောဆိုခဲ့ကြပါသလား။

**တကယ်တော့ဖြင့် ကျောင်းတော်ကြီး တည်ဆောက်စဉ်ကာလတစ်လျှောက်လုံးတွင် ပီနန်ဆရာတော်ကြီးအတွက်ဟူ၍ တစ်သံတည်းထွက်ခဲ့ကြ၏။ သံဃိက လှူဒါန်းမည်ဟူကား မည်သူ့ထံကမျှ လေသံကလေးမျှမထွက်ပေါ်ခဲ့ပါ။**

**ထိုနေ့ထိုအချိန်ကျမှ သံဃိကတဲ့**

ဤကဲ့သို့ တစ်လျှောက်မှာ လေသံကလေးမျှ မပေါ်ထွက်ခဲ့သော သံဃိကလေသံသည် ၁၈.၁၂.၁၉၉၉ ရက်နေ့ ကျခါမှ မိုးပေါ်ကကျလာဘိသကဲ့သို့ ရုတ်တရက်ပေါ်လာခဲ့ပေသည်။ ကျောင်းတော်ကြီးဖွင့်ပွဲကို

၁၇.၁၂.၁၉၉၉ ရက်နေ့က ခြိမ့်ခြိမ့်သည်းမျှ အောင်မြင်စွာကျင်းပခဲ့ကြပြီး၍ နောက်တစ်ရက်၌ ရေစက်ချပွဲကျင်းပရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေစက်ချတော့မည်ဆဲဆဲကလေးတွင်မှ ဤအသံ ပေါ်ထွက်လာခဲ့၏။

နိုင်ငံတော်အကြီးအကဲက ရေစက်ခွက်ကို ကိုင်ရန်ဟန်ပြင်လိုက်ချိန်တွင် သာသနာရေးအကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က-

"ပုဂ္ဂလိက ရေစက်ချမည်လော၊ သံဃိက ရေစက်ချမည်လော" ဟုမေးလိုက်၏။ ဤတွင်မှ နိုင်ငံတော်အကြီးအကဲ၏ နှုတ်ဖျားမှ သံဃိက အသံထွက်ပေါ်လာခဲ့ပေသည်။

## ယောဘုယျထဲကခြွင်းချက်

ပုဂ္ဂလိက သံဃိကအလှူနှစ်မျိုးတွင် သံဃိကအလှူက မြတ်သည် ဟူ၍ ဗုဒ္ဓဘာသာဝင်တိုင်းက မှတ်ယူထားကြ၏။ ယေဘုယျသဘောဆိုပါက ဤအမှတ်အယူမမှားပါ။ မှတ်ယူထားခဲ့ကြသည့်အထဲတွင် ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ် သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေလည်းပါဝင်ပါလိမ့်မည်။

သို့ရာတွင် ယေဘုယျသဘောဟု ဆိုထားခဲ့သည့်အတိုင်း ခြွင်းချက် ကရှိနေ၏။ ထိုခြွင်းချက်က ပရိဝါတသိက္ခာပုဒ်တော်ထဲက "ပုဂ္ဂိုလ်တစ်ပါး ကို ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုကို အခြားပုဂ္ဂိုလ်အား မလှူအပ်၊ သံဃာအား မပေးလှူအပ်။ (သံဃိကမပြုအပ်)။ စေတီအား မလှူအပ်" ဟူသော ပညတ်ချက်ပင် ဖြစ်ပါ၏။

*ဤအချက်ကို ဗိုလ်ချုပ်မှူးကြီး မသိနိုင်။ ဤသည်ကို ချက်ကောင်း ယူကာ ဦးအုံ့မောင်က ဉာဏ်ဆင်၍ အလစ်ဝင်လှည့်စားမှုပြုခြင်းဖြစ်ပါ၏။ ဤလိုပုဂ္ဂိုလ်မျိုးသည် ဗိုလ်ချုပ်ကြီးဘေးတွင်ရှိသင့်သလော့။ သမ္မတအကြံပေး ရာဖြစ်သင့်သလော၊ ရိုသားသူဟုရေးဆိုသင့်သလော့။*

ဤနေရာ၌ ဗိုလ်ချုပ်မှူးကြီးက ဤပြည်တ်ချက်ကို သတိမမူခဲ့သည်ကို ဝေဖန်ရန်မလိုအပ်ပါ၊ ဗိုလ်မှူးကြီးမသိနိုင်ပါ။ သို့ရာတွင် ဘုံဘေတက္ကသိုလ်ကြီးမှ မဟာဝိဇ္ဇာဘွဲ့နှင့်တကွ သာသနာ့ဘောင်မှာတုန်းက ပါဠိပါရဂူဘွဲ့ရခဲ့သောအကြံ ပေးပုဂ္ဂိုလ် ဦးအုံ့မောင်အနေနှင့်ကတော့ မုချသိကို သိထားခဲ့ရပါလိမ့်မည်။

ကေန်မုချသိထားပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ရေလာမြောင်းပေးလုပ်လိုက်ရပါသလဲ၊ ဗိုလ်ချုပ်မှူးကြီးကလည်း သူမှူးပြီးခေါ်ရာနောက်သို့ မသိသောကြောင့်ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရပါသည်။ ဤကျောင်းတော်ကြီး သံဃိကရေစက်ချလှူဒါန်းဖို့ အခွင့်ကောရှိပါရဲ့လား။

ဤမေးခွန်းများ၏ အဖြေကို မိမိတို့ကိုယ်တိုင် မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်သုံးသပ်နိုင်ဖို့၊ အဆုံးအဖြတ်ပေးနိုင်ဖို့ကတော့ ဤကျောင်းတော်ကြီး၏ ပေါ်ပေါက်လာပုံအကြောင်းစုံကို သိထားမှဖြစ်ပါလိမ့်မည်။

အကြောင်းစုံကို ချိန့်ငုံသုံးသပ်လိုသူများအတွက် ကျောင်းတော်ကြီး၏ ဖြစ်စဉ်ကို အကျဉ်းအားဖြင့် ရေးသားတင်ပြပါမည်။

## သန္တိသုခပြည်တွင်းပြည်ပသာသနာပြုမဂ္ဂဇင်း

ဤသို့ ရေးသားနိုင်ရေးအတွက်ကျွန်တော်ထံရှိနေသော အထောက်အထားမှာ "မဟာသန္တိသုခပြည်တွင်းပြည်ပသာသနာပြု မဂ္ဂဇင်း" ဖြစ်ပါ၏။ လစဉ်ထုတ်မဂ္ဂဇင်းမဟုတ်ပါ။ မဟာသန္တိသုခကျောင်းတော်ကြီး ဖွင့်ပွဲအတွက် ဆရာချစ်စံဝင်း ထုတ်ဝေသူအဖြစ်အကျိုးဆောင် ရိုက်နှိပ်ထုတ်ဝေခဲ့သော စာမျက်နှာမှာ ၂၇၀ ရှိသော မဂ္ဂဇင်းဖြစ်၏။

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၆/၉၉ (၁၀)
စာမူခွင့်ပြုချက်အမှတ် ၅၀၂/၉၉ (၈)
စောင်ရေ ၂၀၀၀

ကျောင်းတော်ကြီးဖွင့်ပွဲအတွက် အချိန်မီပုံနှိပ်ထုတ်ဝေခဲ့သော မဂ္ဂဇင်းဖြစ်၍ကျောင်းတော်ကြီးဖွင့်ပွဲလာအလှူရှင် ဒါယကာ၊ ဒါယိကာမများ၏ လက်ထဲတွင်လည်း ဤမဂ္ဂဇင်းက ယခုတိုင်ရှိကြပါသည်။ နိုင်ငံတော်အကြီးအကဲများထံမှာလည်းရှိနေပါသည်။ ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချ ပွဲမှာ ပါဝင်ခဲ့သော ဆရာတော်ကြီးများထံမှာလည်း ရှိနေပါသည်။

"မဟာသန္တိသုခ ပြည်တွင်းပြည်ပ သာသနာပြုမဂ္ဂဇင်း" ဟူ၍ အမည် တပ်ထားသော ဤစာအုပ်တွင် ပီနန်ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး အဖုံဖုံကို အစုံအလင်ဖော်ပြထားပေသည်။ မဂ္ဂဇင်အဖုံးပုံသည် ရုပ်ရှင် မင်းသမီးချော မေသဉ္ဇာဦး၏ ပုံနှင့်ဖြစ်ပါသည်။

ဤမဂ္ဂဇင်းထဲတွင် စာရေးဆရာ၊ ကဗျာဆရာကြီးများ ဖြစ်ကြသော မင်းသုဝဏ်၊ မောင်ယဉ်နွယ်၊ မောင်ခိုင်မာ၊ မြေလတ်မောင်မြင့်သူ၊ သူရဇော် နှင့် ဆရာမရွှေသဉ္ဇာတို့က ပီနန်ဆရာတော်ကြီး၏ သာသနာပြုဂုဏ်ကျေးဇူး တို့ကို ကဗျာဖွဲ့သီ၍ ချီးကျူးပူဇော်ထားကြ၏။

ထို့အတူပင် စာရေးဆရာ၊ စာရေးဆရာမအသီးသီးတို့ကလည်း မဟာသန္တိသုခကျောင်းတော်ကြီး စတင်တည်ဆောက်ပုံအကြောင်းစုံမှစ၍ ပီနန်ဆရာတော်ကြီး၏ သာသနာပြုစွမ်းရည်သတ္တိများ၊ ပီနန်၊ ကွာလာလန်ပူ၊ စင်ကာပူနှင့် အမေရိကန်၊ ဩစတြေးလျစသည်တို့၌ သာသနာတော်ပြန့်ပွားအောင် စွမ်းဆောင်မှုများ၊ ပီနန်၊ ကွာလာလန်ပူနှင့် စင်ကာပူရှိ ဆရာတော်ကြီး၏ ကျောင်းတော်ကြီးများ၏ တင့်တယ်ခန်းနားပုံများ၊ မဟာသန္တိသုခ ကျောင်းတော်ကြီး၏ ရှေ့လုပ်ငန်းစဉ်များစသည်တို့ကို ဝေဝေဆာဆာဖော်ပြ ထားပေသည်။

**ကျောက်စာတိုင်ကဲ့သို့ အခိုင်အမာ**

ထိုဆောင်းပါးများထဲက မှူးသမိန်ကလောင်အမည်ခံ မဟာသဒ္ဓမ္မဇောတိကဓဇမဟာသရေစည်သူ မိုလ်မှူးကြီးစောမြင့် (ငြိမ်း)နှင့် မောင်ခေတ်ထွန်းတို့၏ ဆောင်းပါးတို့ကို ကိုးကား၍ မဟာသန္တိသုခ ကျောင်းတော်ကြီး ပေါ်ပေါက်လာပုံကို ခြုံငုံမိရုံမျှ ဖော်ပြပါဦးမည်၊ ဖော်ထုတ်ရေးသားပါမည်။ ဤမဂ္ဂဇင်းသည် ကမ္ဗည်းတင်ထားသော သမိုင်းကျောက်စာတိုင်ကဲ့သို့လည်း အခိုင်အမာတည်ရှိနေပါလိမ့်မည်။

ဤတွင် သတင်းစာစက္ကူ အကြမ်းစားဖြင့် ရိုက်နှိပ်ထုတ်ဝေထားသော ဤမဂ္ဂဇင်းကို ကျောက်စာတိုင်နှင့် အဘယ့်ကြောင့် နှိုင်းယှဉ်ရပါသနည်းဟု မေးရန်ရှိလာ၏။ "ဤမဂ္ဂဇင်းထဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်က ဤကျောင်းတော်ကြီးကို ပီနန်ဆရာတော်ကြီးကို ရည်စူး၍ ဆောက်လုပ်သည့်အကြောင်းကို အကြိမ်ကြိမ် ပြောကြားထားခဲ့၍ဖြစ်ပါသည်၊ အခိုင်အမာ ပြောကြားခဲ့၍ ဖြစ်ပါသည်။ ပရိသတ် မိုလ်ဘုံအလယ်တွင် အထင်အရှား၊ ပြတ်ပြတ်သားသားပြောကြားထားခဲ့၍ ဖြစ်ပါသည်။

*ဤမဂ္ဂဇင်းတွင် သရေစည်သူမိုလ်မှူးကြီးစောငြိမ် (မှူးသလိန်)ကလည်း ကလောင်အမည်အမျိုးမျိုးဖြင့် မဟာသန္တိသုခကျောင်းတော်ကြီးကို ပီနန်ဆရာတော်ကြီးအတွက် တည်ဆောက်ခဲ့ကြောင်း အကြိမ် တစ်ရာလောက် ဝန်ခံရေးသားထားပါသည်။*

ဤကျောင်းတော်ကြီးပေါ်ပေါက်လာရန် အစပျိုးလိုက်သောနေ့မှာ လွန်ခဲ့သော နှစ်နှစ်ဆယ်မြန်မာသက္ကရာဇ် ၁၃၅၅ခုနှစ်၊ တပေါင်းလပြည့်နေ့ ဖြစ်၏။ ထိုနေ့ တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် နိုင်ငံတော်အစိုးရက ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား သာသနာပြုဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည့် အခမ်းအနား

ကြီးကျင်းပနေစဉ်ဖြစ်၏။ ထို ၁၉၉၄ ခုနှစ်အတွက် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော် အလှူခံရမည့် ပြည်ပဆရာတော်ကြီးများတွင် ပီနန်ဆရာ တော်ကြီး ဦးပညာဝံသသည်လည်း အပါအဝင်ဖြစ်ပေသည်။

## ပီနန်ကျွန်းက မြန်မာကျောင်း

မလေးရှားနိုင်ငံ ပီနန်ကျွန်းရှိ ဓမ္မိကာရာမကျောင်းတိုက်တွင် ကျောင်း ထိုင်၍ ပြည်ပသာသနာပြုလုပ်ငန်းများ လုပ်ကိုင်နေသဖြင့် ပီနန်ဆရာတော် ကြီးဟု ခေါ်ကြရသော်ငြားလည်း ဆရာတော်ကြီးသည် ပြည်ပပုဂ္ဂိုလ်တော့ မဟုတ်ပါ၊ ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကြံဆင်ကူးရွာတွင် ဖွားမြင် ခဲ့သော မြန်မာအမျိုးသား၊ မြန်မာ့ဂုဏ်ဆောင်ဆရာတော်ကြီး တစ်ပါးသာ ဖြစ်၏။

ယခုအချိန်၌ ကမ္ဘာအေးတွင်ရုံးစိုက်ထားသော နိုင်ငံတော်သံဃာ့ မဟာ နာယကဆရာတော်ကြီးများ၏ ဖယ်ရှားမှုကို ခံယူထားရသော်ငြားလည်း ဆရာတော်ကြီး၏ ပြည်ပသာသနာပြုလုပ်ငန်းများသည် ကမ္ဘာအေးရှိ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ တာဝန်ပေးစေလွှတ်မှုက စတင်လာခဲ့၏။ ကမ္ဘာအေး ရွေးချယ်စေလွှတ်သဖြင့် ပထမဦးစွာ အိန္ဒိယနိုင်ငံပိုင် အန္ဒမံကျွန်း သို့ သာသနာပြုကြွခဲ့ရ၏။ ယင်းမှတစ်ဖန်အိန္ဒိယနိုင်ငံတောင်ပိုင်း တမီးလ် လူမျိုးတို့၏ ၁၃ ဌာန သာသနာပြု ပုဂ္ဂိုလ်အဖြစ်ဖြင့်ဆောင်ရွက်ခဲ့၏။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်ကြွလာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အောင်မင်္ဂလာသိဒ္ဓိကျောင်း၌ စာချပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ပီနန်သာသနာပြုလုပ်ငန်းအတွက် ကမ္ဘာအေးမှ ရွေးချယ်ခြင်းခံခဲ့ရပေ သည်။

မလေးရှားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ပီနန်ကျွန်းပေါ်၌ ရှေးနှစ်ပေါင်း ၅၀၀ ကျော်ကပင် မြန်မာလူမျိုးများသွားရောက်နေထိုင်ခဲ့ကြ၍ အခြေတကျဖြစ်လာသောအခါ ဗုဒ္ဓဘာသာဝင်များပီပီ ကိုးကွယ်ဆည်းကပ်ရန်

ဘုန်းတော်ကြီးကျောင်းကို ဓမ္မိကာရာမဟု ကမ္ပည်းတပ်၍ မြန်မာနိုင်ငံအတွင်း ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ ပုံစံအတိုင်း ပီပီပြင်ပြင် တည်ဆောက်ခဲ့ကြ၏။ မြန်မာနိုင်ငံသား ဆရာတော်ကြီးများကို ပင့်တင်၍ လှူဒါန်းခဲ့ကြ၏။ ထိုကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ် ၇ ဆက်မျှ ကျောင်း ထိုင်၍ သာသနာပြုတော်မူလာခဲ့ကြရာ နောက်ဆုံး ကျောင်းထိုင် ဆရာတော်ကြီးသည် သက်တော် ၇၀ ကျော်ရှိလာပြီဖြစ်၍ မိမိပျံလွန်တော်မူ ပါက ဤကျောင်း၌ မြန်မာဘုန်းတော်ကြီးများ အဆက်ပြတ်သွားမည် စိုးရသဖြင့် ကျောင်းထိုင်ပုဂ္ဂိုလ်လွှတ်ပေးပါရန် ရန်ကုန်မြို့ကမ္ဘာအေးသို့ ပန်ကြားခဲ့၏။

ထိုပန်ကြားချက်အရ ကမ္ဘာအေးရှိ သာသနာရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက ဆရာတော်က ဦးပညာဝံသကို ရွေးချယ်ခဲ့ကြ၏။ ပထမ အရွေးခံရသူမှာ ဦးဇင်းဦးအုံ့မောင် (ယခု-သမ္မတအကြံပေးပုဂ္ဂိုလ်ဖြစ် သည်။ ဦးအုံ့မောင်က လူထွက်သွားသောကြောင့် ထိုနေရာတွင် ဦးပညာဝံသကို ဒုတိယထပ်မံရွေးရခြင်းဖြစ်သည်။ ဘာကြောင့် လူထွက်ရသည်ကား အကြောင်းရှိပါမည်။ ထိုစဉ်က တော်လှန်ရေး ကောင်စီအစိုးရ လက်ထက် ဖြစ်၍ ပြည်တွင်းမှ ပုဂ္ဂိုလ်များအတွက် ပြည်ပသို့ထွက်ခွာရန် လုံးဝအခွင့် မသာပါ။ ဆရာတော် ဦးပညာဝံသကိုသာ အထူးအခွင့်အရေးအဖြစ် ထွက်ခွင့်ပြုခဲ့ခြင်းဖြစ်၏။ သို့ဖြစ်၍ သာသနာပြုပုဂ္ဂိုလ် ဦးပညာဝံသ သည် တော်လှန်ရေးအစိုးရက ခရီးစရိတ် အဖြစ် ဆက်ကပ်လိုက်သော ဒေါ်လာ ၃၀ ကို အရင်းပြုကာ ထိုင်းနိုင်ငံမှ တဆင့် ပီနန်ကျွန်း ဓမ္မိကာရာမကျောင်းသို့ မရောက်ရောက်အောင် လျှောက်လှမ်းခဲ့ရပေသည်။

ထိုစဉ်က ဒေါ်လာ ၃၀ နှင့် အစပြုခဲ့ရသော ဆရာတော်ဦးပညာဝံသ ၏ သာသနာပြုလုပ်ငန်းမှာ ယခုတော့ ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ဒေါ်လာတွေ

ကုဋေကုဋာထိုက်တန်သည့် သာသနာပြုကျောင်းတော်ကြီးများ ပေါ်ထွန်းလာခဲ့ကြပါပေပြီ။

**ကျောင်းတော်ကြီး၏ မူလအစ**

ထိုကဲ့သို့ ပြည်ပသာသနာပြုလုပ်ငန်းများ အောင်မြင်မှုကို အကြောင်းပြု၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရက ၁၉၉၄ ခုနှစ်အတွက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ရန် ပင့်လျှောက်လေရာ ထိုပင့်လျှောက်ချက်အရ ဆရာတော် ဦးပညာဝံသသည် ရန်ကုန်မြို့သို့ ကြွလာ၍ ကမ္ဘာအေးရှိ နိုင်ငံခြားဧည့်ဂေဟာ၌ အာဂန္တုအဖြစ် တည်းခိုနေထိုင်၏။ ထိုအခါ ယခင်ကပင် ပီနန်ဆရာတော်ကြီးနှင့် တရင်းတနှီးဆည်းကပ်လာခဲ့သော ဗိုလ်မှူးကြီး (ငြိမ်း) ဦးစောမြင့်က-

"ဆရာတော်၊ အခုလိုကြွလာတဲ့အခါ သီတင်းသုံးဖို့၊ ဒါမှမဟုတ် ပြည်ပ သာသနာပြုလုပ်ငန်းတာဝန်မှအနားယူပြီး အမိမြန်မာနိုင်ငံသို့ ပြန်ကြွလာတဲ့အခါ သီတင်းသုံးဖို့ ကျောင်းတစ်ဆောင်တော့ လိုပါလိမ့်မယ်။ ဒီ အတွက် ဒီက တကာတွေ စုပြီး ကျောင်းဆောက်ပေးရင် ကောင်းပါမလား ဘုရား"

ဤသို့ လျှောက်ထားလိုက်ရာ ဆရာတော်ကြီးက "ကျုပ်အတွက်တော့ ကျောင်းလုံးဝမလိုပါဘူး တကာကြီးတို့တကယ်စိတ်ဝင်းစားမယ်ဆိုရင်တော့ ပြည်ပသာသနာပြု သံဃာတော်များ ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးမယ့် သင်တန်းကျောင်းတစ်ကျောင်းဖြစ်ပေါ်လာဖို့ ဆန္ဒရှိတာတော့ကြာပြီ။ ဒီအတွက်တတ်နိုင်မယ် ဆိုရင်တော့ လုပ်ကြပေတော့" ဟု အမိန့်ရှိ၏။ ဦးစောမြင့်ကိုယ်တိုင်ရေးသားချက်ဖြစ်ပါသည်။

**တာမွေနတ်ချောင်းရပ်ကွက် မြေ နှစ် ဧက**

ဤတွင် ဦးစောမြင့်က ဆရာတော်ကြီး၏ ဆန္ဒတော်ကို ဖြည့်ဆည်းပေးရန် ပထမဦးစွာ နိုင်ငံတော်အစိုးရသို့ အကျိုးအကြောင်း ပြည့်စုံစွာ ရေးသား၍ ရန်ကုန်မြို့ သင့်တော်သောနေရာတွင် မြေကွက်တစ်ကွက်ရရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လျှောက်လွှာတင်၏။ မကြာမီမှာပင် အတွင်းရေးမှူး(၁)၏ လမ်းညွှန်ချက်အရ တာမွေမြို့နယ် နတ်ချောင်း ရပ်ကွက်၌ ထိုအချိန်ကပင် ကျပ်သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိသော မြေနှစ်ဧကကို ရန်ကုန်မြို့ မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်က ဂရံချပေး၏။ ဂရန်ချပေးသည့် ရက်စွဲကို ၂၂.၈.၁၉၉၆ ဟု မှူးသမိန်၏ အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ကြည့်ခြင်းဆောင်းပါး ၌ မှတ်တမ်းတင်ထားပေသည်။ မှူးသမိန်သည် ဦးစောမြင့်၏ ကလောင်အမည်ဖြစ်ပါသည်။

**ကြီးကျယ်လွန်းလှသော အိပ်မက်**

ထိုဆောင်းပါးခေါင်းစဉ် "အိပ်မက်တစ်ခု" ဟူသည်မှာယခုလက်ရှိ မဟာသန္တိသုခကျောင်းတော်ကြီးပင်ဖြစ်ပါ၏။ ကျောင်းတော်ကြီး၏ ဗိသုကာပုံစံမှာ စင်ကာပူက မြန်မာတိုင်းရင်းသား ဗိသုကာပညာရှင် စိုင်းရီလိတ်၏ လက်ရာဖြစ်၏။ ဆရာတော်ကြီး ဦးပညာဝံသက အကြိမ်ကြိမ်ခေါ်ယူ တွေ့ဆုံ၍ ညွှန်ကြားခဲ့သော အချက်အလက်များကို ဗိသုကာပညာဖြင့် အကောင်အထည်ဖော်ဆောင်ထားခြင်းဖြစ်၏။ လွန်ခဲ့သည် နှစ်ပေါင်းမြောက်မြားစွာကပင် ဆရာတော်ကြီးသည် ဤမျှလောက်ကြီး ကျယ်ခမ်းနားသည့်စိတ်ကူး စိတ်သန်းတို့ကို မွေးမြူးထားခဲ့ဟန်တူပါသည်။

သို့ရာတွင် ထိုစိတ်ကူးစိတ်သန်း၊ ထိုအိပ်မက်ကို အကောင်အထည်ဖော်ရန်ကတော့ခက်ပါလှ၏။ ထိုဗိသုကာပုံစံကို မြန်မာပညာရှင်များ

တွက်ချက်ကြည့်ကြရာ ထိုပုံစံအတိုင်းတည်ဆောက်လျှင် အတွင်းပိုင်း ပစ္စည်းများထည့်သွင်းခြင်းမပါသေး၊ အလုံးအထည်သက်သက်မှာပင် ကျပ် သိန်းပေါင်း ၃၅၀၀ အထက်မှာ ရှိနိုင်ကြောင်း ပေါ်ထွက်လာ၏။ တကယ် ဆောက်လုပ်ပြီးစီးသောအခါတွင်မူ ကျပ်သိန်း ၉၀၀၀ မျှ ကုန်ကျ ပေသည်။

## နိုင်ငံတော်၏ အကူအညီ

ဦးစောမြင့်တို့အနေနှင့် ဤမျှလောက်ကုန်ကျမည့်လုပ်ငန်းကြီးကို မစွမ်းဆောင်နိုင်ပါ။ သို့ဖြစ်၍ ကျောင်းတော်ကြီး၏ ပုံစံသည် ဦးစောမြင့် လက်ထဲမှာပင် သည်အတိုင်းရှိနေခဲ့ရ၏။ ဘွဲ့ခံရန် ဆရာတော်ကြီးကြွလာ ခဲ့သည့် ၁၉၉၄ ခုနှစ် ကုန်ဆုံးကာ ၁၉၉၅ ခုနှစ်ထဲအထိပင် ရောက်လာခဲ့၏။ ဤမျှလောက်ကြီးကျယ်ခမ်းနားသည့် သာသနိက အဆောက်အအုံကြီးကို မိမိတို့လိုအရပ်ဖက်အင်အားသက်သက်ဖြင့် တည်ဆောက်ရန်မလွယ်ကူပါ။ သို့ဖြစ်၍ ဤကျောင်းတော်ကြီးအကောင်အထည်ပေါ်လာရန် နိုင်ငံတော် အစိုးရထံ အကူအညီတောင်းမှသာ ဖြစ်နိုင်ပါတော့မည်။

ဤသို့သောအကြံအစည်ကို ဦးစောမြင့်က ပီနန်ဆရာတော်ကြီးထံသို့ အကြောင်းကြားလျှောက်ထား၏။ ဆရာတော်ကြီးကလည်း ဘက်ပေါင်းစုံ စဉ်းစားပြီးလျှင် ဤနည်းလမ်းသာရှိတော့သည်ဟု သဘောပေါက်လာ၍ လျှောက်ထားချက်ကို လက်ခံပြီးလျှင် ၅-၇-၁၉၉၅ ရက်စွဲပါစာဖြင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ ဤကျောင်းတော်ကြီး တည်ဆောက်ရေးကိစ္စကို နိုင်ငံတော်က ဦးဆောင်ပေးပါရန် မေတ္တာရပ်ခံ စာရေးတင်ပြလိုက်ပေသည်။

ထိုမေတ္တာရပ်ခံစာအတွက် အတွင်းရေးမှူး (၁) ထံမှ တုံ့ပြန်ချက် က တော်တော်နှင့် ထွက်ပေါ်မလာခဲ့ပါ။ ၁၉၉၅ခု နှစ်ကုန်ဆုံး၍ ၁၉၉၆

ခုနှစ်နှောင်းပိုင်းသို့ ရောက်သည်အထိ ဤအတိုင်းသာ ရှိနေခဲ့၏။ သို့ရာတွင် ကောင်းသောရှိနေခြင်းသာဖြစ်ပါ၏။

## ပီနန်ဆရာတော်ကြီးရှိရာသို့

ထိုအခြေအနေတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ စင်ကာပူနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ စင်ကာပူသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့၏။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့သည် စင်ကာပူရောက်ခိုက် ဆရာတော်ကြီး ဦးပညာဝံသ၏ အသစ် တည်ဆောက်ပြီးစ စင်ကာပူသာသနာ့ မြန်မာဘုန်းတော်ကြီးကျောင်းသို့လည်း သွားရောက်ကြည်ညိုခဲ့သေး၏။ ထိုရက်တုန်းက ဆရာတော်ကြီး ဦးပညာဝံသ ရန်ကုန်သို့ရောက်နေခိုက်ဖြစ်၍ မဖူးတွေ့ခဲ့ရပါ။ သို့ရာတွင် မြန်မာနိုင်ငံမှ ရှေးနှစ်ပေါင်း ၁၀၀ ကျော်က ပေးပို့လှူဒါန်းထားခဲ့သည့် စကျင်ကျောက်ဖြူ သား ကြီးမားလှစွာသော ထိုင်တော်မူရုပ်ပွားတော်ကြီးကိုလည်းဖူး တွေ့လိုက် ရ၏။ ထို့ပြင် မြန်မာမှုအနုလက်ရာအစုံအလင်ဖြင့် တန်ဆာဆင်ထားသော ခေတ်မီမြန်မာကျောင်းတော်ကြီးကိုလည်း ကမ္ဘာ့အလယ်မှာ တင့်တယ်လှပစွာ ကြည်ညိုဖွယ်ရာ ဖူးတွေ့ခဲ့ရပါပေသည်။ မြန်မာမှုအနုလက်ရာ ပန်းပု၊ ပန်းကြွ၊ ပန်းခက်များ ပြုလုပ်နိုင်ရန် ကမ္ဘာခံချိန်မီ ကျွန်းသားတို့ကို နိုင်ငံတော်အစိုးရက လှူဒါန်းပေခဲ့၍ ထိုအလှူထည်ကို ယခုလို မျက်ဝါး ထင်ထင် ရှုမြင်ရသည်တွင် အလှူရှင်ပုဂ္ဂိုလ်ကြီးများအဖို့ ဝမ်းသာပီတိ ဖြစ်ပွားကြပါလိမ့်မည်။

ထို့ပြင်မလေးရှားဘုရင်၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်မှူးကြီးသည် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ ၁၉၉၆ခုနှစ်၊ ဩဂုတ်လလယ်ပိုင်းတွင် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရပြန်၏။ ထိုခရီးစဉ်၌လည်း ပီနန်

ကျွန်းသို့ သွားရောက်ခဲ့ရာ ရှေးနှစ်ပေါင်း ၂၀၀ ကျော်က မြန်မာဗုဒ္ဓဘာသာဝင်တို့ တည်ဆောက်ကာ အစဉ်မပျက်ကိုးကွယ်လာခဲ့သည့် ဓမ္မိကာရာမ ကျောင်းတော်ကြီးသို့ရောက်ရှိ၏။ ထိုအခါမှာတော့ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဝံသလည်း ကျောင်းတော်မှာ ရှိနေခဲ့ပါပေသည်။

နိုင်ငံတော်အကြီးအကဲများသည် စင်ကာပူနှင့် ပီနန်ကျွန်းတို့၌ အောင်မြင်နေသော ဆရာတော်ကြီး ဦးပညာဝံသ၏ သာသနာပြုလုပ်ငန်းတို့ကို ကိုယ်တိုင်ရှုမြင်ကာ ဆရာတော်ကြီး၏ မဟာသန္တိသုခကျောင်းတော်ကြီး စီမံကိန်းကိုလည်း ယုံကြည်စိတ်ချသွားကြဟန် ရှိပေသည်။

## အသက်ဝင်လာသည့်လုပ်ငန်းကြီး

ဤသို့ဖြင့် မဟာသန္တိသုခကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းကြီးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီရုံးမှ စာအမှတ် ၄၀၈/၃-၂/န၀တ၊ ရက်စွဲ ၂၆-၁၀-၁၉၉၆ ဟူ၍ စာထွက်လာ၏။

ထိုစာအရ နာယကအဖွဲ့ တည်ဆောက်ရေးကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီတို့ကို ဖွဲ့စည်းကြရ၏။ နာယကအဖွဲ့ကို ဦးဆောင်ဦးရွက်ပြုရသူမှာ န၀တအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင်ဖြစ်၏။

တည်ဆောက်ရေးကော်မတီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးစောထွန်းက ဥက္ကဋ္ဌတာဝန်ယူ၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေး မှူး ဦးအုံ့ကျော်က အတွင်းရေးမှူးတာဝန်ကို ယူကြရပေသည်။

ထို့ပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ စာအမှတ် ၄၀၈/၃-၂/နာယက၊ ရက်စွဲ ၂၆-၉-၁၉၉၈ ဟူ၍ စာထွက်လာပြန်သဖြင့် ထိုစာအရ ဥပဋ္ဌာက အဖွဲ့နှင့် ပြန်ကြားရေးအဖွဲ့တို့ကို ဖွဲ့စည်းကြ၏။ ဥပဋ္ဌာကအဖွဲ့၏ နာယကတာဝန်ကို အတွင်းရေးမှူး(၁)ကိုယ်တိုင်

ထမ်းဆောင်၍ ထိုအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို မဟာသဒ္ဓမ္မဇောတိကဓဇ မဟာသရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က ထမ်းဆောင်၏။ ပြန်ကြားရေးအဖွဲ့၏ ဥက္ကဋ္ဌ တာဝန်ကို မြန်မာ့ရုပ်သံညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ထမ်းဆောင်ရပေသည်။

ထိုအဖွဲ့ကြီးများနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းကြီးအတွက် လိုအပ်ချက်ပေါ်လာသမျှ ဆောင်ရွက်နိုင်ရန် အခြားအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ရပါသေး၏။

ဤသို့အားဖြင့် မဟာသန္တိသုခကျောင်းတော်ကြီး တည်ဆောက်ရေး လုပ်ငန်းကြီးသည် နိုင်ငံတော်အစိုးရ၏ အမိန့်စာဖြင့် စတင်၍ အသက်ဝင်လာခဲ့၏။ လုပ်ငန်းကြီးတစ်ခုလုံး အစမှ အဆုံးတိုင် အတွင်းရေးမှူး(၁)ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုလာခဲ့၏။ ထို့ပြင် သက်ဆိုင်ရာ အစိုးရဌာနများမှ အလှူငွေ အမြောက်အမြားထည့်ဝင်ခဲ့ကြ၏။

## အစိုးရလုပ်ငန်းဖြစ်သော်လည်း

ဤအခြေအနေအရပ်ရပ်ကို ကြည့်ရှုသုံးသပ်ပါလျှင် ဤလုပ်ငန်းကြီး တစ်ခုလုံးကို အစိုးရလုပ်ငန်းဟုခေါ်နိုင်၏။ အစိုးရလုပ်ငန်းဖြစ်သည့် အားလျော်စွာ ဤကျောင်းတော်ကြီးနှင့်ပတ်သက်သမျှ အရေးကိစ္စဟူသမျှကို နိုင်ငံတော်အစိုးရ အလိုဆန္ဒအတိုင်း လုပ်နိုင်သည်၊ လုပ်ပိုင်ခွင့်ရှိသည်။ လှူချင်သလို လှူခွင့်ရှိသည်ဟူသော အယူအဆပေါ်ပေါက်လာနိုင်၏၊ ပေါ်လည်းပေါ်ပေါက်လာခဲ့၏။ ပေါ်ပေါက်လာ၍လည်း တိုင်းကျော်ပြည် ကျော် ကမ္ဘာကျော်အကောင်အထည်ဖော်ကိစ္စကြီး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပေသည်။

သို့ရာတွင် ထိုအယူအဆကို လက်မခံနိုင်အောင် ကန့်ကွက်တားမြစ် နေကြသော အချက်များကလည်း ရှိနေကြ၏၊ အထင်အရှားရှိနေကြ၏။

နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက်ပြုနေရသဖြင့် အစိုးရကိစ္စဟု ဆိုရသော်ငြားလည်း ၊ ဤကိစ္စမှာအခြားကိစ္စများနှင့်မတူပါ။ အစိုးရကိစ္စသန့်သန့်မဟုတ်ပါ၊ သာသနာရေးကို ဦးထိပ်ပန်ဆင်၍ ပြုလုပ်နေကြရသော သာသနာပြုလုပ်ငန်းဖြစ်၏။ သာသနာပြုလုပ်ငန်းချင်းတူနေလျှင်ပင် ဤသာသနာပြုလုပ်ငန်းက အခြားသော သာသနာပြုလုပ်ငန်းများနှင့်မတူပါ။ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရကတာဝန်ယူ၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်ပရိယတ္တိသာသနာ တက္ကသိုလ်ကျောင်းတော်ကြီးများ တည်ဆောက်ခဲ့၏၊ ထို့အတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်ကျောင်းတော်ကြီး တည်ဆောက်ခဲ့၏။ ထို့ပြင် အခြား မြို့များ၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းတော်ကြီးများ တည်ဆောက်ခဲ့၏။ ထိုလုပ်ငန်းအားလုံးကို နိုင်ငံတော်အစိုးရကပင် တာဝန်ယူ၍ တည်ဆောက်ခဲ့၏။ ထိုသို့ တည်ဆောက်စေရန် မည်သည့်ရဟန်းသံဃာကမျှ နိုင်ငံတော်အစိုးရသို့ တရားဝင်စာများဖြင့် မေတ္တာရပ်ခံခြင်း မပြုခဲ့ကြပါ။ ထိုသို့ တည်ဆောက်ရာတွင် မည်သည့်ပုဂ္ဂိုလ်အတွက် ရည်စူးထားသည်ဟု သတ်မှတ်ချက်များမပါ၊ မရှိခဲ့ပါ။

ထိုကျောင်းတော်များအတွက် သတ်မှတ်ထားသော တာဝန်တို့ကို နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့က တာဝန်ပေးခံရသူတို့ကသာ ဆောင်ရွက်ကြရန် ရည်သန်ထားခဲ့ကြပေသည်။

## ပီနန်ဆရာတော်ကြီးနှင့် တစ်သားတည်း

ဤမဟာသန္တိသုခကျောင်းတော်ကြီးမှာကား ထိုလုပ်ငန်းများနှင့် လုံးဝမတူပါ။ ကျောင်းတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် အစမှအဆုံးအထိ ပီနန်ဆရာတော်ကြီး ဦးပညာဝံသ မားမားမတ်မတ် တည်ရှိနေခဲ့၏၊ ထင်ထင်ရှားရှားရပ်တည်နေခဲ့၏။ ဆရာတော်ကြီး

ပြည်တွင်းမှာ ရှိနေစဉ်ဖြစ်စေ၊ ပြည်ပမှာရောက်နေသည်ဖြစ်စေ ဤလုပ်ငန်းအားလုံးသည် ပီနန်ဆရာတော်ကြီးနှင့် ခွဲ၍ မရအောင် တစ်သားတည်း ဆက်စပ်လျက်သာ ရှိနေခဲ့ပါ၏။ တစ်ပါးတည်း ပူးကပ်လျက်သာရှိနေခဲ့ပါ၏။

ကျောင်းတော်ကြီးတည်ဆောက်ရေးအတွက်အလှူငွေပေးအပ်ပွဲ ကိုးကြိမ်တိုင်တိုင် ကျင်းပခဲ့ရာ ပွဲတိုင်းမှာပင် ပီနန်ဆရာတော်ကြီးအတွက် နိုင်ငံခြားသာသနာပြု သင်တန်းကျောင်းကြီး ပေါ်ပေါက်လာစေရန် အလိုဆန္ဒပြင်းပြနေသော ပီနန်ဆရာတော်ကြီးအတွက်ဟူ၍သာ ပီနန်ဆရာတော်ကြီးကို ရှေ့တန်းတင်၍ ပီနန်ဆရာတော်ကြီး၏ ဘွဲ့အမည်ကို အသုံးပြု၍ နှိုးဆော်တိုက်တွန်းခြင်း ပြုခဲ့ကြရ၏။ ပီနန်ဆရာတော်ကြီး၏ ဘွဲ့မည်ကို အသုံးပြု၍ အလှူတော်ငွေများ ကောက်ခံလာခဲ့ကြ၏။ အလှူတော်ပေးအပ်ပွဲကြီး ကိုးကြိမ်လုံးတွင် သံဃိကလှူမည်ဟူသော အသံလုံးဝမထွက်ပေါ်ခဲ့ပါ၊ လေသံကလေးမျှမဟခဲ့ကြပါ။ ထို့အတူ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့်စပ်လျဉ်း၍လည်း မည်သူထံကမျှ အသံမထွက်ခဲ့ကြပါ။

ကျောင်းတော်ကြီးတည်ဆောက်ရေးလုပ်ငန်းများနှင့် အကောင်အထည်ပေါ်လာသည်နှင့်အတူ ဆရာတော်ကြီး၏ ပြည်ပသာသနာပြု ကျောင်းတော်ကြီးများ တည်ရှိသည့်နေရာကို အကြောင်းပြု၍ စင်ကာပူ၊ ပီနန်ကျောင်းဟူသော အမည်ကလည်း တွင်ကျယ်လာခဲ့၏။ စင်ကာပူ၊ ပီနန်ကျောင်းဟူသော အသံကို ကြားလိုက်ရ သည်နှင့် တပြိုင်နက် တကာတကာမအပေါင်းက ဆရာတော်ကြီး ဦးပညာဝံသ၏ ကျောင်းဟူ၍ နားလည်လိုက်ကြ၏။ တကယ်တော့ဖြင့် စင်ကာပူ၊ ပီနန်ကျောင်း ဟူသော အမည်မှာ ဆရာတော်ကြီး ဦးပညာဝံသ၏ အသွေးအသား အရိုးများနှင့် တပေါင်းတည်း ဆက်စပ်နေသည်ဟူ၍ပင် ဆိုသင့်ပါ၏။

**ပုဂ္ဂလိကအထောက်အထားများ**

ထို စင်ကာပူ ပီနန်ကျောင်း၌ တကာတကာမများက ဘုံကထိန်ပွဲများ အကြိမ်ကြိမ် ကျင်းပခဲ့ကြရာ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော်ကြီးအမှူးရှိသော မဟာနာယက ဆရာတော်ကြီးများ အကြိမ်ကြိမ် ကြွရောက်ခဲ့ကြ၏။ ဤသို့ဆိုလျှင် ထိုစဉ်ကပင် နိုင်ငံတော်သံဃာ့ မဟာနာယက ဆရာတော်ကြီးများသည် ဆရာတော် ဦးပညာဝံသကို ဤစင်ကာပူပီနန်ကျောင်းအကြီးအမှူးပုဂ္ဂိုလ်ဟူ၍ အသိအမှတ်ပြုခဲ့ပြီးပြီဟု ဆိုနိုင်ပါလိမ့်မည်။

**ဤသို့ ဤသို့သော အကြောင်းကိစ္စတို့သည် ပီနန်ဆရာတော်ကြီး ရည်မှန်း၍ (သံဃိက မဟုတ်သော ပုဂ္ဂလိက ရည်မှန်းချက်ဖြင့်) ဤကျောင်းတော်ကြီးကို ဆောက်လုပ်ခဲ့ကြကြောင်း အထောက်အထားကောင်းများ ဖြစ်ကြပေသည်။**

**အားအကောင်းဆုံးအထောက်အထားများ**

ထို့ထက်ပို၍အားကောင်းသော အားအကောင်းဆုံးဟူ၍ ဆိုနိုင်သော အထောက်အထားများမှာ ကျောင်းတော်ကြီးတည်ဆောက်ရေးလုပ်ငန်း အားလုံးကို ဦးဆောင်ဦးရွက်ပြုနေသော နာယကအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ပါဝင်ဆောင်ရွက်မှုများနှင့် အစည်းအဝေးများ၊ အခမ်းအနားများ၌ ပြောကြားခဲ့သည့်စကားများ ဖြစ်ကြပေသည်။

မဟာသန္တိသုခ ပြည်တွင်းပြည်ပသာသနာပြု မဂ္ဂဇင်းထဲ၌ ကျောင်းတော်ကြီးနှင့်ပတ်သက်သည့် အရေးကြီးသောနေ့ရက်များကို မှတ်တမ်းတင်ဖော်ပြထားရာ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ သည်လည်း အပါအဝင်ဖြစ်၏။

ထိုရက်၌ မဟာသန္တိသုခကျောင်းတော်ကြီး ပန္နက်တော်တင် ရတနာပိုင်တိုင် စိုက်ထူပွဲအခမ်းအနားကို မင်္ဂလာအချိန်အခါဖြစ်သည့် နံနက် ၆ နာရီ ၄၅ မိနစ်၁၇ စက္ကန့်တွင် ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ နှင့် အတွင်းရေးမှူး(၁)တို့က စက်ခလုတ်နှိပ်၍ ရတနာပိုင် တိုင်စိုက်ထူ ပွဲနှင့်အတူ ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကိုလည်း ကျင်းပခဲ့ သည်။

ကျောင်းတော်ကြီးတည်ဆောက်ရေးလုပ်ငန်းအဝဝတွင် အစဦးဆုံး သောလုပ်ငန်းမှ စတင်ကာ ပီနန်ဆရာတော်ကြီးအား ဦးတည်ထားခဲ့ပုံ သာဓက တစ်ခုဖြစ်ပေသည်။

ထို့ပြင် မဂ္ဂဇင်းထဲ၌ "ဥပဋ္ဌာကအဖွဲ့ဝင်တစ်ဦး" အမည်ဖြင့် ရေးသားဖော်ပြထားသော "မဟာသန္တိသုခကျောင်းတော်ကြီးနှင့် နိုင်ငံတော်မှ ပံ့ပိုးမှုများ" ဟူသော ဆောင်းပါး၌လည်း အတွင်းရေးမှူး(၁)၏ ပြောကြား ချက်များကို ဖော်ပြထား၏။

ဥပဋ္ဌာကအဖွဲ့ဝင်တစ်ဦးဆိုသည်မှာ ဥပဋ္ဌာကဥက္ကဋ္ဌ ဦးစောမြင့်ပင် ဖြစ်ပါသည်ဟု မဂ္ဂဇင်းထုတ်ဝေသူ ဦးချစ်စံ (ချစ်စံဝင်း) က ဝန်ခံပါသည်။

## ဦးဆောင်ဦးရွက်ပြုသူ

ထိုဆောင်းပါးထဲက လိုအပ်ရာကို ကောက်နုတ်ဖော်ပြပါမည်။

မဂ္ဂဇင်းစာမျက်နှာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ၂၀ တို့မှ ဤကျောင်း တော်ကြီး မြေနေရာရရှိရေး၊ ကျောင်းကြီးတည်ဆောက်ရန် အလှူငွေရရှိရေး၊ တည်ဆောက်ရေး ပစ္စည်းအရပ်ရပ် ရရှိရေး၊ ဆရာတော်ကြီး၏ စိတ်ဆန္ဒနှင့် အညီ ကျောင်းတော်ကြီး ပီပီပြင်ပြင်ရေးတို့အတွက် အစဉ်ကြပ်မတ် စောင့်ရှောက် ဦးဆောင်ပေးနေသူကား အခြားမဟုတ်သည့် နိုင်ငံတော်

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဖြစ်ပါသည်။

အတွင်းရေးမှူး(၁)သည် ပြည်ပခရီးစဉ်များကို သွားရောက်ရာတွင် စင်ကာပူနိုင်ငံရှိ ဆရာတော်ကြီး၏ သာသနာရံသီ မြန်မာဘုန်းတော်ကြီးကျောင်း၊ ပီနန်ရှိ ဓမ္မိကာရာမကျောင်းတော်ကြီးများကို တွေ့မြင်ရပြီး ဆရာတော်ကြီး၏ မဆုတ်မနစ်ပြုလုပ်ခဲ့သော ပြည်ပသာသနာပြုလုပ်ငန်းများကို တွေ့မြင်ကာ ဆရာတော်ကြီးက မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ သာသနာပြု ကျောင်း တော်ကြီး တည်ဆောက်လိုသည်ဟုဆိုသောအခါ ဆရာတော်ကြီး၏ အလိုဆန္ဒ ပြည့်ဝအောင်ဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်၍ မဟာသန္တိသုခကျောင်း တော်ကြီး တည်ဆောက်ရေးလုပ်ငန်းတွင် ယခုကဲ့သို့ ဦးဆောင်ခဲ့ခြင်း ဖြစ်ပါ၏။

## ပီနန်စင်ကာပူဆရာတော်ကြီးအမိန့်အရ

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၁၉၉၆ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့က မဟာသန္တိသုခ သာသနာပြုကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ကျင်းပသော အစည်းအဝေးတွင် ''ပီနန်စင်ကာပူဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ မြန်မာနိုင်ငံသို့ ဘွဲ့ခံယူရန် ကြွရောက်လာစဉ်က မြန်မာနိုင်ငံ၌ ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်များအား လေ့ကျင့်သင်ကြားပေးရန် ဗုဒ္ဓဘာသာဆိုင်ရာ သင်တန်းကျောင်းတစ်ခု တည်ဆောက်ရန် ဆန္ဒရှိသည်ဟု မိန့်ကြားခဲ့သည်။ မြန်မာနိုင်ငံမှ သာသနာပြုပုဂ္ဂိုလ်များသည် ပြည်ပနိုင်ငံများသို့ သွားရောက်သာသနာပြုသည့်အခါ ထိုနိုင်ငံ၏ အခြေအနေ၊ ဘာသာစကား ကျွမ်းကျင်မှုနည်းပါးခြင်းတို့ကြောင့် လုပ်ငန်းအခက်အခဲ၊ နှောင့်နှေးမှုများ

တွေ့နိုင်သည်။ ထို့ကြောင့် သာသနာပြုရန် မထွက်ခွာမီ သာသနာပြု ပုဂ္ဂိုလ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရန် မြန်မာနိုင်ငံ၌ ပြည်ပသာသနာပြု အဆောက်အအုံတစ်ခု တည်ဆောက်ရန် ပီနန်စင်ကာပူဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

"နိုင်ငံတော်အစိုးရက ဗုဒ္ဓသာသနာတော်ကြီး ပြန်လည်ထွန်းကား ပြန့်ပွားရေး ဆောင်ရွက်မည်ဟု ဦးတည်ချက်ထားရှိပြီးဖြစ်သဖြင့် ပီနန် စင်ကာပူ ဆရာတော်ကြီး၏ ဆန္ဒကို အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်းပေး မည်ဖြစ်သည်။ ပီနန်စင်္ကာပူ ဆရာတော်ကြီးဦးစီးသည့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု အဆောက်အအုံတစ်ခု တည်ဆောက်နိုင်ရန် ရန်ကုန်မြို့ တော်စည်ပင်သာယာ ရေးကော်မတီမှ ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်း ရပ်၌ ကျောင်းနေရာ ကို ရွေးချယ်သတ်မှတ်ခွင့်ပြုပြီး ဖြစ်သည်။ သာသနိက အဆောက်အအုံ၏ ပုံစံ၊ ရည်ရွယ်ချက်၊ ဘဏ္ဍာငွေအခြေအနေ သည် အခြေခံအချက်အလက်များ ပေါ်မူတည်ပြီး တွက်ချက် တည်ဆောက်ကြရ မည်ဖြစ်သည်။ ပြည်သူများက စေတနာထက်သန်စွာ သဒ္ဓါတရား အပြည့် ဖြင့် လှူဒါန်းမှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုတို့ကို စနစ်တကျပေါင်းစပ်ပြီး ဆရာတော်ကြီး၏ ဆန္ဒနှင့် ကိုက်ညီ အောင် အဆင့်လိုက် ဆောင်ရွက်ကြလျှင် လုပ်ငန်းအောင်မြင်မည်ဖြစ်သည်" ဟုပြောကြားခဲ့ပါ၏။

## ဘုံကထိန်ပွဲမှာတုန်းက

တစ်ဖန် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ် မဟာသန္တိသုခသာသနာပြုကျောင်း၌ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဘုံကထိန်အလှူတော်မင်္ဂလာအခမ်း အနားကို ကျင်းပရာ ယင်းအခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့

ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋ္ဌာရာမကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသိဂ္ဂဝနှင့် ပီနန်နှင့် စင်ကာပူဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ အမှူးပြုသော သီရိလင်္ကာ၊ စင်္ကာပူ၊ ဂျပန်၊ မလေးရှား၊ အမေရိကန်ပြည်ထောင်စု၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပသာသနာပြု ဆရာတော်ကြီးများ ကြွရောက်ခဲ့ကြသည်။ ယင်းအပြည်ပြည်ဆိုင်ရာ ဘုံကထိန်ပွဲကြီးတွင်လည်း အတွင်းရေးမှူး(၁) ဒုတိယမိုလ်ချုပ်ကြီးခင်ညွန့်က....

"ဗုဒ္ဓဘာသာတရားတော်ကို မသိရှိကြသေးသောကြောင့် ဗုဒ္ဓသာသနာ တော်ကို ကြည်ညိုရကောင်းမှန်း မသိကြသည့် ပြည်ပနိုင်ငံများတွင် သာသနာပြုရသည်မှာ လွန်စွာခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ ခက်ခဲသည့် လုပ်ငန်းကြီးတို့ကို ကြိုးပမ်းဆောင်ရွက်လျက် ပြည်ပနိုင်ငံများတွင် သီတင်းသုံးတော်မူကြသော ဆရာတော်များ၏ အခက်အခဲများကို တပည့်တော်တို့ကလည်း သဘောပေါက်နားလည်ကြပါသည်။

"ယင်းအခက်အခဲများကို ကျော်လွှန်ပြီး အောင်မြင်စွာ သာသနာပြုနိုင်သော ဆရာတော်များတွင် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ သည် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ၁၉၇၀ ပြည့်နှစ်တွင် အမိနိုင်ငံမှ ထွက်ခွာ၍ ပြည်ပသာသနာပြုခရီး စတင်ခဲ့ပါသည်။ အခက်အခဲ အမျိုးမျိုးကြားမှ ဇွဲနပဲကြီးစွာဖြင့် အောင်မြင်စွာ ကျော်ဖြတ်ပြီး မလေးရှားနိုင်ငံ ပီနန်ရှိ ဓမ္မိကာရာမကျောင်းတိုက်ကြီးတွင် အခြေစိုက်ကာ ယခုအခါ သီရိလင်္ကာ၊ ကနေဒါ၊ အမေရိကန်၊ ဟောင်ကောင် အစရှိသော နိုင်ငံခြားတိုင်းပြည်များသို့လည်း သာသနာပြုခရီး ပေါက်ရောက်ခဲ့၍ ကျောင်းခွဲများ တည်ဆောက်ကာ ယင်းကျောင်းခွဲများတွင် သာသနာပြုတပည့်ရဟန်းများထားရှိလျက် သာသနာပြုလုပ်ငန်းများ

အောင်မြင်လျက်ရှိသည်ကို သိရှိရ၍ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်တကွ သာသနာပြုဂုဏ်တို့ကို လေးစားကြည်ညိုသည့် အလျောက် ပြည်တွင်း၌လည်း သာသနာပြု ဗဟိုဌာနဖွင့်လှစ်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် **ဆရာတော်အား မြေနေရာလှူဒါန်းထားသဖြင့်** ယခုစင်ကာပူ ပီနန်ကျောင်းတိုက်ကို အခြေတည်ခဲ့ခြင်းဖြစ်ပါသည်။ မကြာမီကာလတွင် ဤနေရာ၌ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းဟူ၍ သာသနာပြုဗဟိုဌာနကြီးတစ်ခု ပေါ်ပေါက်လာရန် တပည့်တော်များ ကိုယ်တိုင်ကြိုးမှူးဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းသာသနာ ပြည့်စုံအားကောင်းခြင်းမှ အရောင်ဖြာ၍ ပြည်ပသာသနာထွန်းလင်း လာစေခြင်း၊ ပရိယတ္တိသာသနာအခြေခံ၍ သာသနာသုံးရပ်ပြန့်ပွားစည်ပင်စေခြင်း။ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်များ လမ်းညွှန်မှုကိုခံယူခြင်း စသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ဆရာတော်ကြီး ရည်မှန်းထားသည့် ပြည်ပသာသနာပြုလုပ်ငန်းများ မလွဲမသွေ ဆက်လက် တိုးတက်ဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါသည်'' ဟု တင်ပြလျှောက်ထားခဲ့၏။

ဤအကြောင်းအရာများမှာ မဂ္ဂဇင်းစာမျက်နှာ ၁၆ မှ ၂၀ အထိ ဖော်ပြ ထားသော ဆောင်းပါးထဲက ကောက်နုတ်ချက်ဖြစ်၏။ ယင်း စာမျက်နှာ ၂၀၊ ၂၁၊ ၂၂ တို့တွင်လည်း ဆက်လက်ဖော်ပြထားသော ထိုဆောင်းပါးမှပင် ကောက်နုတ် ဖော်ပြပါဦးမည်။

## ဆရာတော်ကြီးအား မြေနေရာလှူဒါန်း

၁၉၉၇ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့က ရန်ကုန်မြို့၊ တာမွေမြို့နယ် နတ်ချောင်းရပ်ရှိ မဟာသန္တိသုခထေရဝါဒ ပြည်တွင်းပြည်ပ သာသနာပြု ကျောင်းတော်ကြီး၏ ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနား ကို အဆိုပါကျောင်းတိုက်အတွင်းရှိ ယာယီမဏ္ဍာပ်၌ ကျင်းပခဲ့ရာ မဟာ

သင်္ဂါယနာ ဗုဒ္ဓသာသနာပြု ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းရေး ဦးဆောင် နာယကအနေဖြင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ကျေးဇူးတင်အမှာစကားပြောကြားရာတွင်-

"ယခုအခါ နိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ပြည်တွင်း၌သာမက ပြည်ပများမှာပါ အလေးထားအားပေး ဆောင်ရွက်လျက်ရှိသည်။

"ထေရဝါဒဗုဒ္ဓသာသနာ၏ ဗဟိုချက်မမှာ မြန်မာနိုင်ငံပင်ဖြစ်သည်။ နိုင်ငံတော်အနေနှင့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသလို တစ်ဖက်မှာလည်း ဆရာတော်ကြီးများက ဗုဒ္ဓသာသနာတော်ကြီးထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသဖြင့် ဆရာတကာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယနေ့ကာလသည် ထေရဝါဒဗုဒ္ဓသာသနာ အထွန်းတောက်ဆုံးအချိန်ဟု ပြောဆိုနိုင်သည်။

"ပီနန်စင်ကာပူ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသသည် ပီနန်ကို အခြေခံပြီးပြည်ပ၌ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်နေသည်။ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ပြည်ပ သာသနာပြု လုပ်ငန်းများ လုပ်ကိုင်လိုသည့် စိတ်ဆန္ဒပြင်းပြလျက်ရှိရာ နိုင်ငံတော်အစိုးရက ပြည်ပသာသနာ ပြုလုပ်ငန်းကို အားပေးနေချိန်နှင့် အချိန်ကိုက်ဖြစ်သည်။

"ပီနန်စင်ကာပူဆရာတော်ကြီးအနေနှင့် သာသနာပြုလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရက တာမွေနတ်ချောင်းရှိ ယခုမြေနေရာ လှူဒါန်းခြင်းဖြစ်သည်။ ပီနန်စင်ကာပူဆရာတော်ကြီး၏ဆန္ဒနှင့် အညီ မဟာသင်္ဂါယနာ ဗုဒ္ဓသာသနာပြု ဆယ်ထပ် သာသနိက အဆောက်အအုံကို နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ ဝိုင်းဝန်းလှူဒါန်းမှုတို့ဖြင့် တည်ဆောက်မည် ဖြစ်သည်"

"ပြည်ပသာသနာပြုပုဂ္ဂိုလ်များကို မွေးထုတ်ရန်အတွက် မဟာသန္တိသုခဗုဒ္ဓ သာသနာပြု အဆောက်အအုံကို တည်ဆောက်ရခြင်းဖြစ်ပါသည်။ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များကို လုပ်ငန်းအခက်အခဲမရှိစေရန် ဘာသာစကား အပါအဝင် အခြားသာသနာပြုလုပ်ငန်းများကို သင်ကြားပေးမည် ဖြစ်၍ တစ်ခုတည်းသော သာသနာပြုအခြေခံရာ ကျောင်းတိုက်ကြီးဖြစ်သည်"

"မဟာသန္တိသုခသာသနာပြု အဆောက်အအုံ ပေါ်ထွက်လာရေးအတွက် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်သူများအားလုံးကို နိုင်ငံတော်ကိုယ်စားလည်းကောင်း၊ ဆရာတော်ကြီး၏ ကိုယ်စားလည်းကောင်း ကျေးဇူးတင်ရှိပါသည်" ဟုပြောကြားခဲ့သည်။

## ပူဇော်ပွဲအခမ်းအနားတုန်းက

ထို့ပြင် ၁၉၉၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ ပီနန်နှင့် စင်ကာပူ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝံသအား ပူဇော်ပွဲ နှင့် ဩဝါဒခံယူပွဲကို မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပစဉ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာသန္တိသုခ ကျောင်းတော်ကြီး ဆောက်လုပ်လျက်ရှိသော အခြေအနေအရပ်ရပ်တို့ကို ဆရာတော်ကြီးအား လျှောက်ထားရာတွင်-

"ပြည်တွင်း ပြည်ပသာသနာပြုလုပ်ငန်းများအတွက် ရည်ရွယ်တည်ဆောက်သည့် မဟာသန္တိသုခ ဗုဒ္ဓသာသနာ စင်တာ သာသနာ့ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ဆရာတော်ကြီး၏ မွန်မြတ်သည့် ရည်ရွယ်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်

ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြသဖြင့် အောင်မြင်မည်ဟု လျှောက်ထားလိုပါသည်''

''ယခုအခါ မြန်မာနိုင်ငံတော်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့် ဘယ်ခေတ်ဘယ်ကာလနှင့်မျှမတူ ထူးထူးခြားခြား ထွန်းတောက်လျက်ရှိပါသည်။ ပြည်ပ၌လည်း ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းရန် အချိန်အခါကောင်းရောက်နေပြီဟု လျှောက်ထားလိုပါသည်''

''နိုင်ငံတကာတွင် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ထွန်းကားရေးအတွက် မေတ္တာတရားကို အခြေခံသည့် ထေရဝါဒဗုဒ္ဓသာသနာဖြင့် ပြုပြင်ပေးနိုင်မည့် အချိန်အခါကောင်းပင်ဖြစ်သည်။ ယင်းအချိန်အခါကောင်းတွင် ဆရာတော်ကြီး၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးမည့် သာသနာ့ကျောင်းတော်ကြီးကို နိုင်ငံတော်အစိုးရနှင့် ပြည်သူများက လက်တွဲတည်ဆောက်လျက် ရှိပါသည်''

''မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဥပဋ္ဌာကအဖွဲ့တွင် နိုင်ငံတော်အစိုးရအပိုင်းမှ တာဝန်ရှိသူများ ပြည်သူများအပိုင်းမှ စီးပွားရေးလုပ်ငန်းတွင် အောင်မြင်နေသူများ၊ သာသနာရေးကို အလေးအနက်ယုံကြည်စွာ လုပ်ရှားဆောင်ရွက်နေသူများအပါအဝင် ကဏ္ဍစုံမှ ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ဆရာတော်ကြီးလိုလားချက်၊ မျှော်မှန်းချက်များ အောင်မြင်မည်ဟု တစ်ထစ်ချယုံကြည်ထားပါသည်။

''မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကို ၁၉၉၉ ခုနှစ်တွင် အပြီးတည်ဆောက်ပြီး သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သာသနာ့ကျောင်းတော်ကြီးကို ဖွင့်လှစ်ကာ လုပ်ငန်းများ စတင်မည်ဆိုသည့် ဆရာတော်ကြီး၏ ရည်မှန်းချက် ပြည့်ဝစေရန် ယခုဖွဲ့စည်းပေးလိုက်သည့်

မဟာသန္တိသုခဗုဒ္ဓသာသနာ ကျောင်းတော်ကြီး ဥပဋ္ဌာကအဖွဲ့က ကြိုးပမ်းသွားမှာဖြစ်ပါသည်'' ဟူ၍ တင်ပြ လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်''

အထက်ပါ စာသားများမှာ မဟာသန္တိသုခ ပြည်တွင်းပြည်ပ သာသနာပြုမဂ္ဂဇင်း၌ ဥပဋ္ဌာကအဖွဲ့ဝင် ဦးစောမြင့် ကိုယ်တိုင် ရေးသားဖော်ပြထားသော ''မဟာသန္တိသုခ ကျောင်းတော်ကြီးနှင့် နိုင်ငံတော်၏ပံ့ပိုးမှုများ''ဟူသော ဆောင်းပါးထဲက ကောက်နုတ်ချက်ဖြစ်၏။

## မြေဂရန်အမိန့်စာကျလာချိန်

ကောက်နုတ်ချက်ထဲက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ပြောကြားချက်များအရ ဤကျောင်းတော်ကြီးကို ပီနန်ဆရာတော်ကြီးအတွက်၊ ပီနန်ဆရာတော်ကြီးကို ရည်စူး၍၊ ပီနန်ဆရာတော်ကြီးထံ ကိုင်းညွတ်၍ တည်ဆောက်ခဲ့ပုံမှာ ထင်ရှားလှပါ၏။ ပြောကြားချက်ထဲက စာလုံးမဲနှင့် ဖော်ပြထားသော စာကြောင်းများ အရလည်း ကျောင်းမြေဂရန်ကို ဆရာတော်အတွက် ချပေးခဲ့ကြောင်း ပေါ်လွင်နေပါ၏။ ဆရာတော်ကြီးအတွက် ဂရန်အမိန့်စာချပေးချိန်တွင် ဆရာတော်ကြီး ပြည်ပနိုင်ငံများသို့ ရောက်နေခိုက်ဖြစ်၍ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က ဆရာတော်ကြီး ကိုယ်စားလက်မှတ်ရေးထိုး၍ ယူထားရကြောင်း ဆရာချစ်စံဝင်းက လျှပ်တပြက်ဂျာနယ်တွင် အခန်းဆက်ဆောင်းပါး၌ ရှင်းပြထားပါသည်။

## အစိုးရတစ်ဖွဲ့လုံး၏စကား

ဤသို့အလှူတော်ငွေလက်ခံပွဲများ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားခဲ့လေသမျှသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတစ်ဖွဲ့လုံး၏ ပြောကြားချက်သာဖြစ်၏။

ဤကျောင်းတော်ကြီးကို ဆောက်လုပ်ရေးတွင် အရပ်ဖက်အင်အားဖြင့် မလုံလောက်သဖြင့် နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးပေးရန် ဆရာတော်ကြီး၏ သဘောတူညီချက်ကို တောင်းခံ၍ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က ၅-၇-၁၉၉၅ ရက်နေ့တွင် အတွင်းရေးမှူး(၁)ထံသို့ စာရေး၍ ပန်ကြားခဲ့၏။ ထိုစာကို ရရှိသော်ငြားလည်း အတွင်းရေးမှူး(၁)က ချက်ချင်း အကြောင်း မပြန်နိုင်ခဲ့ပါ။ မိမိအထက်က နိုင်ငံတော်အကြီးအကဲများ၏ သဘော ဆန္ဒမပါဘဲ မိမိတစ်ဦးတည်း အဆုံးအဖြတ် မပေးနိုင်၍ ဖြစ်၏။ နိုင်ငံတော် အကြီးအကဲများကလည်း ပီနန်ဆရာတော်ကြီး၏ နိုင်ငံခြား သာသနာပြု လုပ်ငန်းများ အားရစဖွယ် အောင်မြင်နေမှုများကို မျက်ဝါးထင်ထင် မြင်ရခါမှ ဤလုပ်ငန်းကြီးကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ လုပ်ကိုင်ရန် သဘောတူ ဆန္ဒပေးလိုက်ကြ၏။ ထိုသဘောဆန္ဒရရှိလာရေးအတွက် အတွင်းရေးမှူး (၁)က လပေါင်းများစွာ စောင့်ဆိုင်းပြီးမှ ရရှိလာခဲ့၏။

## အစိုးရတစ်ဖွဲ့လုံး၏ သဘောထား

ထို့ကြောင့် ဤကျောင်းတော်ကြီးနှင့်ပတ်သက်၍ အတွင်းရေးမှူး(၁) ဆောင်ရွက်လေသမျှသည် အစိုးရတစ်ဖွဲ့လုံး၏ ဆောင်ရွက်မှုဖြစ်၏။ အတွင်းရေးမှူး(၁) ပြောဆိုလေသမျှသည် အစိုးရတစ်ဖွဲ့လုံး၏ ပြောဆိုခြင်းဖြစ်၏။ အတွင်းရေးမှူး(၁)သည်အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားများ၌ ပီနန် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးများကို နှုတ်ဖျားမချတမ်း မြွက်ဆိုချီးကျူး လျက် ဆရာတော်ကြီး၏ အလိုဆန္ဒပြည့်ဝရေးအတွက် ဆောင်ရွက်နေရ ကြောင်း ပြောဆိုချက်များသည် အစိုးရတစ်ဖွဲ့လုံး၏ သဘောထားကို ထင်ဟပ်ပြနေခြင်းသာဖြစ်၏။

အလှူတော်ငွေပေးအပ်ပွဲကြီး ကိုးကြိမ်တိုင်တိုင် ကျင်းပရာတွင် ပါဝင်လှူဒါန်းခဲ့လေသမျှ အလှူရှင်၊ ကုသိုလ်ရှင်အပေါင်းကလည်း မိမိ

ထည့်ဝင်လှူဒါန်း လေသမျှ ဒါနဝတ္ထုတို့သည် ဆရာတော်ကြီးအတွက်၊ ဆရာတော်ကြီးလိုဆန္ဒ ပြည့်ဝရေးအတွက် ဆရာတော်ကြီးကို ကြည်ညို၍၊ ဆရာတော်ကြီးကို ယုံကြည်ကိုးစား၍ ရက်ရက်ရောရောထည့်ဝင် လှူဒါန်း ခဲ့ကြခြင်းဖြစ်၏။

## ကုသိုလ်ရှင်များစာရင်း

ထိုသို့ကိုးကြိမ်တိုင်တိုင် ကျင်းပခဲ့သော အလှူတော်ငွေ ပေးအပ်ပွဲများတွင် ပါဝင်လှူဒါန်းကြသော ကုသိုလ်ရှင်များစာရင်းကို မဟာသန္တိသုခ ပြည်တွင်းပြည်ပ သာသနာပြုမဂ္ဂဇင်း နောက်ပိုင်း၌ စာမျက်နှာ ၁၀၃ မျက်နှာဖြင့် အပြည့်အစုံဖော်ပြထား၏။

၂၇.၁၁.၁၉၉၆ ရက်နေ့တွင် ကျင်းပခဲ့သော ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲတွင် ကုသိုလ်ရှင် ၃၃ ဦး ပါဝင်ခဲ့၏။

၁၃.၄.၁၉၉၇ ရက်နေ့တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်တွင် ကုသိုလ်ရှင် ၂၄၈ ဦး ပါဝင်ခဲ့၏။

၁၅.၈.၁၉၉၇ ရက်နေ့တွင် ကျင်းပခဲ့သော တတိယအကြိမ်တွင် ကုသိုလ်ရှင် ၅၂ ဦး ပါဝင်ခဲ့၏။

၅.၂.၁၉၉၈ ရက်နေ့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်တွင် ကုသိုလ်ရှင် ၁၇ ဦး ပါဝင်ခဲ့၏။

၁၂.၄.၁၉၉၈ ရက်နေ့တွင် ကျင်းပခဲ့သော ပဥ္စမအကြိမ်တွင် ကုသိုလ်ရှင် ၂၈ ဦး ပါဝင်ခဲ့၏။

၄.၁၂.၁၉၉၈ ရက်နေ့တွင် ကျင်းပခဲ့သော ဆဋ္ဌမအကြိမ်တွင် ကုသိုလ်ရှင် ၁၃၇ ဦး ပါဝင်ခဲ့၏။

၂၉.၃.၁၉၉၉ ရက်နေ့တွင် ကျင်းပခဲ့သော သတ္တမအကြိမ်တွင် ကုသိုလ်ရှင် ၂၈၂ ဦး ပါဝင်ခဲ့၏။

၂၈.၆.၁၉၉၉ ရက်နေ့တွင် ကျင်းပခဲ့သော အဋ္ဌမအကြိမ်တွင် ကုသိုလ်ရှင် ၂၄၈ ဦး ပါဝင်ခဲ့၏။

၁၈.၉.၁၉၉၉ ရက်နေ့တွင် ကျင်းပခဲ့သော နဝမအကြိမ်တွင် ကုသိုလ်ရှင် ၆၃ ဦး ပါဝင်ခဲ့၏။

ထို့ပြင် အခမ်းအနားတွင်မပါဘဲ ဥပဋ္ဌာကရုံးသို့ လာရောက်လှူဒါန်းသူများ၊ ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့သို့ လာရောက်လှူဒါန်းသူများ၊ အကျိုးတော်ဆောင် ပြုလုပ်၍ အလှူတော်ငွေ ကောက်ခံပေးကြသူများ၏ ကုသိုလ်ရှင်စာရင်းကိုလည်း ဖော်ပြပေးထားသည်။

ကုသိုလ်ရှင်စာရင်းကို ရေးသားရာတွင် အလှူငွေထည့်ဝင်မှုတစ်ခုကို (၁)ဟူ၍သာ စာရင်းတပ်ရသဖြင့် ထိုအလှူရှင်များ၏ ကုသိုလ်ရှင် မိသားစုများကို စာရင်းကောက်ကြည့်ပါက အမြောက်အမြား ရှိလာပါလိမ့်မည်။

အလှူတော်ငွေပေးအပ်ပွဲ ကိုးကြိမ်ထဲက ပထမအကြိမ်တွင် ကုသိုလ်ရှင် အရေအတွက်နည်းနေသော်ငြားလည်း အစိုးရဆိုင်ရာဌာနများက ဦးဆောင်၍ မတည်ငွေ ထည့်ကြရသဖြင့် အလှူငွေကျပ် သိန်းပေါင်းလေးရာကျော်၊ ငါးရာနည်းပါးမှ ရရှိခဲ့ပေသည်။ အရပ်သူအရပ်သား ကုသိုလ်ရှင်များ၏ အလှူငွေမှာလည်း ကျပ်သိန်းတစ်ရာမှ ကျပ်တစ်ရာအထိ အဆင့်ဆင့်တွေ့နိုင်ပါသည်။

## ကုသိုလ်ရှင်အားလုံး၏ ဦးတည်ချက်

အလှူငွေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကုသိုလ်ရှင်တို့၏ အဆင့်အတန်းနိမ့်သည်ဖြစ်စေ၊မြင့်သည်ဖြစ်စေ၊ ကုသိုလ်ရှင်တို့၏ နေရပ်ဌာန ဘယ်လောက်ကွဲပြားနေပါစေ သူတို့သူတို့အားလုံး၏ စိတ်နှလုံးထဲမှာတော့ မိမိတို့ လှူလေသမျှသည် မိမိတို့ကုသိုလ်ပါဝင်ခဲ့လေသမျှသည် ပီနန်

ဆရာတော်ကြီးအတွက်၊ ပီနန်ဆရာတော်ကြီး၏ ကျောင်းတော်ကြီး အောင်မြင်ရေးအတွက် ပီနန်ဆရာတော်ကြီး၏ ပြည်ပသာသနာပြုလုပ်ငန်းများ အထမြောက်ရေးအတွက် ဤသို့သာ ဦးတည်ချက် ခိုင်ခိုင်မြဲမြဲကြီးရှိနေကြမည် ဖြစ်ပါ၏။

ဤကျောင်းတော်ကြီးအတွက် ပန္နက်ချရာတွင် ပီနန်ဆရာတော်ကြီးနှင့်အတူ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်လည်း အတူပါဝင်ဆောင်ရွက်ခဲ့၏။ ထိုနေ့ ထိုရက် ထိုအချိန်မှ အစပြု၍ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊နှစ်ပေါင်းများစွာ တည်ဆောက်လာခဲ့ကြရသော ဤလုပ်ငန်းစဉ်ကြီးကို အကယ်၍ လမ်းကြောင်းကြီးတစ်ခုအဖြစ်ဖြင့် တင်စား၍ ကြည့်ပါက အစမှသည် အဆုံးနားအထိ တသမတ်တည်း တဖြောင့်တည်းတည်ရှိနေတာကို တွေ့ကြရပါလိမ့်မည်။

သို့ရာတွင်.....

သို့ရာတွင်....

စာဖတ်ပရိသတ်ကြီးသည်းခံကြပါခင်ဗျား....။ ကျွန်တော် ရှေ့ဆက်ပြီး စာရေးရခက်နေ၍ အပ်ကြောင်းထပ်နေရပါသည်။ ခက်နေသည့်ကြားကပင် ဤအတိုင်းတုံးတိကြီးအဆုံးသတ်၍ မရနိုင်သဖြင့် အားခဲ၍ ရေးရပါဦးမည်။

စောစောကရေးလာခဲ့သည့်အတိုင်း ဤကျောင်းတော်ကြီး တည်ဆောက်ရေး ဖြစ်စဉ်တည်းဟူသော လမ်းကြောင်းကြီးသည် အစမှသည် အဆုံးပိုင်းနာအထိ တသမတ်တည်း တည်ရှိခဲ့ပါသော်ငြားလည်း၊ ဖြောင့်ဖြောင့်တန်းတန်းကြီး ရှိခဲ့ပါသော်ငြားလည်း ထိုသို့ တည်ရှိခြင်းသည် ကျောင်းတော်ကြီးဖွင့်ပွဲကို ခြိမ့်ခြိမ့်သည်းသည်း ကျင်းပခဲ့သော ၁၇.၁၂.၁၉၉၉ ရက်အထိသာ ဖြစ်ပါသည်။

ထိုရက်ကို လွန်မြောက်၍ ထိုနှစ်၊ ထိုဒီဇင်ဘာလ ၁၈ရက်သို့ ရောက်သောအခါတွင်ကား တစ်လျှောက်လုံး ဖြောင့်တန်းနေခဲ့သော လမ်းကြောင်းကြီးက ရုတ်တရက်ကြီး တစ်ဆစ်ချိုးကြီး ချိုးကွေ့သွားပါတော့သည်။

**ထိုအချိန်မှစတင်၍**

ရက်အားဖြင့် ထိုရက်၊ အချိန်နာရီကိုတော့ တိတိကျကျ မပြောနိုင်ပါ။ တိတိကျကျ ပြောနိုင်သည်မှာ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေစက်ခွက်ကို ကိုင်မြှောက်၍ ဤကျောင်းတော်ကြီးကို ရေစက်ချလိုက်သောအချိန်၊ ထိုအချိန်မှ စတင်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် မကွေးဆရာတော်ဘုရားကြီးက ရေစက်ချစကားများကို ဒါယကာများကိုယ်စား ရွတ်ဆိုပေးလိုက်သောအချိန်။ ထိုအချိန်မှ ထိုစက္ကန့်ပိုင်း မိနစ်ပိုင်းမှ စတင်၍ ပီနန် ဆရာတော်ကြီးအတွက် ရည်မှန်းချက်ဖြင့် တည်ဆောက်ခဲ့သော ကျောင်းတော်ကြီးသည် ပီနန်ဆရာတော်ကြီးအတွက်မဟုတ်တော့ဘဲ သံဃိကကျောင်းတိုက်တာကြီးအဖြစ် သတ်မှတ်ခံလိုက်ရပါတော့သည်။

ဆရာချစ်စံဝင်း၏ အခန်းဆက် ဆောင်းပါးထဲ၌ ဤအကြောင်းကို ဖော်ပြမထားပါ။ ဝိနည်းဓမ္မကံလမ်းကြောင်းက ဖြစ်နေသဖြင့် မဝေဖန်ရဲ၍လည်း ဖြစ်နိုင်၏။ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးတို့၏ ဖြန့်ဝေစာတို့ကို မဖတ်ရသေး၍လည်း ဖြစ်နိုင်၏။

ထို့ကြောင့် ဆရာချစ်စံဝင်းက ဤကျောင်းတော်ကြီး လက်ကူးလက်ပြောင်းဖြစ်ရသည်မှာ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)က အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လျှို့ဝှက်စာရေး၍ အစိုးရလက်သို့ ထိုးအပ်ခဲ့ခြင်းကိုသာ ဖော်ပြထားပေသည်။

အကယ်၍ ရေစက်ချစဉ်တုန်း တစ်လျှောက်လုံးက အစိုးရနှင့် တကွ အလှူရှင်ကုသိုလ်ရှင်တို့ ရည်မှန်းထားခဲ့သည့်အတိုင်း ပုဂ္ဂလိက ရေစက်ချ၍ ပီနန်ဆရာတော်ကြီးအား လှူခဲ့ပါက ဤကိစ္စများဖြစ်လာမည် မဟုတ်ပါ။

ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က အတွင်းရေးမှူး(၁)ထံသို့ လျှို့ဝှက်စာရေးသော နေ့ရက်ထက် ဤကိစ္စက နှစ်နှစ်လောက် ပိုစောနေ၏။ ဤကိစ္စက ပို၍ အချက်အချာကျနေ၏။ တကယ်တော့ဖြင့် နိုင်ငံတော် အစိုးရက နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့အား ဤကျောင်းကြီးကို အပ်နှံခြင်း၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ဤကျောင်းကြီးကို အပိုင်သိမ်းနိုင်ရေး အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စများမှာ သံဃိကအဖြစ်ဖြင့် ရေစက်ချခြင်းအပေါ်မှာ လုံးဝ ဥဿုံအမှီပြု၍ နေကြပေသည်။

## စနက်တံမဖြုတ်သေး၍

ထင်သာမြင်သာဖြစ်အောင် ဥပမာပေးရမည်ဆိုပါက သံဃိက အဖြစ်ဖြင့် ရေစက်ချခြင်းမှာ ဤကျောင်းတော်ကြီး၌ စက်ယန္တရား တစ်ခုချိန်ကိုက်ဗုံးတစ်လုံးကို တပ်ဆင်ထားခဲ့ခြင်းဖြစ်ပါ၏။ တပ်ဆင်ထားခဲ့ပြီး သော်ငြားလည်း စက်ခလုတ်ကိုဆွဲ၍ မနှိပ်ရသေးသဖြင့် ပီနန်ဆရာတော်ကြီး သည် ဤကျောင်းတော်ကြီးမှာ နှစ်နှစ်ခန့် ယခင် အတိုင်း ဆက်လက်နေထိုင် ၍ သာသနာပြုသင်တန်းပေးရေးကိစ္စများကို ဦးဆောင် ဦးရွက်ပြုနေနိုင်ခြင်း ဖြစ်ပေသည်။

အစကတည်းကပင် အကြောင်းရှိလာလျှင် စက်ခလုတ်ကိုနှိပ်ရန် အစီအစဉ်ရှိထားခဲ့ပြီးဖြစ်၍ ပထမဦးစွာ အစိုးရက ဤကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ လက်ဝယ်သို့ အပ်နှံခဲ့၏။ ထို့နောက် တစ်ဆင့် တက်၍ ကျောင်းတော်ကြီးကို ချိတ်ပိတ်သည်အထိ စက်ခလုတ်ကို

နှိပ်လိုက်၏။ ဤကဲ့သို့ အစိုးရပိုင်းက လုပ်ချင်သလို လုပ်၍ရလာခြင်းမှာ သံဃိကရေစက်ချ ထားနိုင်ခဲ့၍သာ ဖြစ်ပေသည်။

**အစိုးရတစ်ဖွဲ့လုံး၏ကိစ္စ**

ဤနေရာ၌ စဉ်းစားစရာတစ်ခုရှိသည်မှာ ကျောင်းတော်ကြီးတည် ဆောက်စဉ်ကာလတစ်လျှောက်လုံး ပီနန်ဆရာတော်၏ ဘွဲ့တော်ကို နှုတ်ဖျားက မချတမ်း ချီးကျူးဂုဏ်ပြုလာခဲ့သည်မှာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်မှူးကြီး ခင်ညွန့်။

ရေစက်ချအခမ်းအနားကြီး၌ ရေစက်ခွက်ကိုကိုင်၍ သံဃိက ရေစက်ချခဲ့သည်မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ။

ဤသို့ လူပုဂ္ဂိုလ်နှစ်ဦးကွဲပြားနေသဖြင့် လုပ်ငန်းနှစ်ရပ် ကွဲပြားနေ သလောဟု တွေးတောစရာရှိပါ၏။ သို့ရာတွင် စာစောက ရေးသားခဲ့ သည့်အတိုင်း အတွင်းရေးမှူး(၁) ပြောဆိုခဲ့လေသမျှ၊ လုပ်ကိုင်ခဲ့လေသမျှ သည် အစိုးရတစ်ဖွဲ့လုံး၏ ကိစ္စသာဖြစ်၍ အစိုးရအဖွဲ့ကြီးတစ်ဖွဲ့လုံးက မိမိကိုယ်တိုင် ဖြောင့်ဖြောင့် တန်းတန်းဖောက်လုပ်လာခဲ့သည့် လမ်းကြောင်း ကြီးကို မိမိတို့ကိုယ်တိုင် တစ်ဆစ်ချိုးကြီး ချိုးကွေးလိုက်ခြင်းသာ ဖြစ်ပါ၏။

**မဟာစွမ်းအားရှင်ကြီး**

ဤနေရာ၌ နိုင်ငံတော်အစိုးရကြီးတစ်ခုလုံးကို မူလလမ်းကြောင်းမှ သွေဖည်၍ တစ်ဆစ်ချိုးကြီး ချိုးကွေ့၍ သွားရလောက်အောင် စွမ်းဆောင်နိုင် ခဲ့သော မဟာစွမ်းအားရှင်တစ်ဦးကို မှတ်တမ်းတင်ရပါဦးမည်။

ထိုပုဂ္ဂိုလ်မှာ ၁၁.၆.၂၀၁၄ ရက်နေ့က ကျင်းပခဲ့သော သတင်းစာ ရှင်းလင်းပွဲ မှတ်တမ်းအရ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်

သံဃာ့မဟာနာယက ဆရာတော်ကြီး၏ ဖြန့်ဝေစာစောင်တစ်စောင်အရ သာသနာရေး အကြံပေးပုဂ္ဂိုလ် ဦးအုံမောင် ဖြစ်ပါ၏။

ထိုနေ့က ကျောင်းတော်ကြီးကို ရေစက်ချရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေစက်ခွက်ကို ကိုင်မည်အပြုတွင် အဆိုပါ ဦးအုံမောင်က ဗိုလ်ချုပ်မှူးကြီးအား "ပုဂ္ဂလိက ရေစက်ချမည်လား၊ သံဃိက ရေစက်ချမည်လား" ဟု မေးလိုက်၏။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအရ ကုသိုလ်ကောင်းမှု တစ်ခုခုပြုလုပ်ရာ၌ ရေစက်ချသောအခါ အလှူပေးသူ ဒါယကာ နှုတ်က မည်သို့မျှ မြွက်ဆိုခြင်းမပြုဘဲ ရေစက်ခွက်ထဲကရေကို အောက်ခံခွက်ထဲသို့ ကျသွားအောင် သွန်းလောင်းပေးရ၏။

ရေစက်ချရာတွင် အလှူရှင် ဒါယကာတို့၏ ကိုယ်စား ကုသိုလ်ကောင်းမှုနှင့် ပတ်သက်သော အကြောင်းအရာများ၊ ဆုတောင်းစကားများကို အလှူခံပုဂ္ဂိုလ် ရဟန်းသံဃာတော်တို့က ရွတ်ဆိုပေးရ၏။ ဤသို့နှစ်ဦးနှစ်ဖက် တွဲဖက်၍ ပြုလုပ်ခြင်းကို ရေစက်ချသည်ဟု ဆိုရပေမည်။

ဤသို့ရေစက်ချရာတွင် ရေစက်ချစာများ၊ စကားစဉ်များ ရွတ်ဆိုပေးရမည့် ရဟန်းသံဃာက ဒါယကာတို့၏ သဘောဆန္ဒအတိုင်း ရွတ်ဆိုပေးနိုင်ရန် ဦးအုံမောင် က ပရိသတ်ကြားထဲမှနေ၍ မေးလိုက်ရသည်ဟု ဆိုနိုင်၏။

သို့ရာတွင် ဦးအုံမောင်၏ မေးခွန်းက ဤမျှလောက်ဖြင့် လမ်းဆုံးမသွားပါချေ။ မေးပြီးသည့်နောက် ပြီးပြီးပျောက်ပျောက် ဖြစ်သွားမည့် မေးခွန်းမျိုးမဟုတ်ပေ။ အလွန့်အလွန်ရည်ရွယ်ချက်ကြီးမားသော၊ အလွန် စွမ်းအားသတ္တိ ကိန်းဝပ်နေသော မေးခွန်းသာဖြစ်ပါ၏။ ဤကမ္ဘာမြေပြင်ပေါ်တွင် ဤကျောင်းတော်ကြီး တည်ရှိနေသည်နှင့်အမျှ တည်ရှိမည့် မော်ကွန်းစာတမ်းကြီးလည်းဖြစ်ပါ၏။

## အတွင်းကျိတ်ဇာတ်တိုက်ထား၍လား

မေးခွန်းရှင် ဦးအုံ့မောင်သည် သာသနာရေးဦးစီးဌာနတွင် အောက်ခြေဝန်ထမ်းအဆင့်မှ ရာထူးအဆင့်ဆင့်တက်ကာ ညွှန်ကြားရေးမှူး ချုပ်အဆင့်သို့ ရောက်ခဲ့သူဖြစ်၏။ လုပ်ငန်းခွင်မှ အသုံးတည့်လှသဖြင့် အထက်လူကြီးများက ဝန်ထမ်းသက်တမ်းစေ့၍ အငြိမ်းစားယူရမည့် အရွယ်ရောက်ပြီးသည့်နောက်မှာပင် ဆက်လက်၍ တာဝန်ပေးအပ်ခြင်း ခံခဲ့ရ၏။ အငြိမ်းစားဘဝရောက်ပြန်တော့လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တုန်းကပင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အကြံပေးပုဂ္ဂိုလ်ဖြစ်ခဲ့၏။

ဗိုလ်ချုပ်မှူးကြီးနှင့် ဤမျှလောက်နီးစပ်ခဲ့ရုံဖြင့် ဦးအုံ့မောင်သည် စောစောက အတွင်းစကားရှိမထားဘဲ ပရိသတ်ဗိုလ်ပုံအလယ်ကထ၍ မေးခွန်း ထုတ်ရဲမည်မဟုတ်ပါ။ ဗိုလ်ချုပ်မှူးကြီး ရန်ကုန်မှာ ရှိစဉ်တုန်းက သင်္ကြန်နှင့် ပဋ္ဌာန်းကျမ်း စာများပို့ချပေးရန် ဗိုလ်ချုပ်မှူးကြီးအိမ်သို့ နေ့စဉ်လိုလို ဝင်ထွက်ခွင့်ရခဲ့သူဖြစ်၏။ ထိုသို့ ဗိုလ်ချုပ်မှူးကြီးနှင့် ထိတွေ့ဆက်ဆံခွင့် ရခဲ့သဖြင့် ကျောင်းတော်ကြီး ရေစက်ချမည်ပြုသာအခါ ဗိုလ်ချုပ်မှူးကြီးက ရေစက်ချရာတွင် မည်သို့မည်ပုံ ရေစက်ချသင့်ကြောင်း အကြံပေးပုဂ္ဂိုလ်အား မေးကောင်းမေးပါလိမ့်မည်။ မမေးသော်လည်း ဦးအုံ့မောင်ကတော့ သံဃိက ရေစက်ချသင့်ကြောင်း တင်ပြပါလိမ့်မည်။ ဗိုလ်ချုပ်မှူးကြီး နားဝင်သွားပြီးမှ "ဘယ်အချိန်ကျလျှင် ဘယ်လိုမေး၊ ဘယ်လိုမေးတော့ ဘယ်လိုဖြေ"ဟု အတွင်းကျိတ်ဇာတ်တိုက်ထားပြီးခါမှသာ ဤသို့ မေးဝံ့ပါလိမ့်မည်။

## ထိုမေးခွန်း၏ရည်ရွယ်ချက်

"ပုဂ္ဂလိက ရေစက်ချမည်လား၊ သံဃိကရေစက်ချမည်လား" ဟူသော မေးခွန်းသည် ဗိုလ်ချုပ်ကြီး၏ အညှာကို ကိုင်လှုပ်လိုက်သော

မေးခွန်းဖြစ်နိုင်၏။ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော ဗိုလ်ချုပ်မှူးကြီးသည် ပုဂ္ဂလိကအလှူထက် သံဃိက အလှူက အခါများစွာသာလွန်၍ အကျိုးကြီးကြောင်း တရားစကားများ ကြားနာဖူးမည်သာ။ သို့ဖြစ်၍ ရှေ့မှာ တစ်စုံတစ်ရာ စကားခံမထားဘဲ ဤသို့ မေးလိုက်ပါက သံဃိကဖက်သို့သာ ကေန်ပါလာခဲ့ပါလိမ့်မည်။

စာစောက ရေးသားခဲ့သည့်အတိုင်း ဤမေးခွန်းသည် ရေစက်ချစာများ ရွတ်ဆိုပေးမည့် ရဟန်းသံဃာ (ထိုစဉ်က နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် မကွေးဆရာတော်ကြီး)အား အထောက်အကူပြုရန်ဖြစ်၏။ သို့ရာတွင် ဦးအုံ့မောင်၏ မေးခွန်းက ဤမျှဖြင့် လမ်းဆုံးမသွားသေးပါ၊ အင်မတန်မှ လမ်းရှည်လှပါ၏၊ အင်မတန်မှ ရည်ရွယ်ချက်ကြီးမားလှပါပေ၏။

## သတင်းစာရှင်းလင်းပွဲတုန်းက

ဤသို့ရေးသားရခြင်းမှာ ၁၁.၆.၂၀၁၄ ရက်က ကျင်းပခဲ့သော သတင်းစာ ရှင်းလင်းပွဲ၌ ဦးအုံ့မောင် ပါဝင်ပြောကြားခဲ့ပုံများနှင့် ဆက်စပ်စဉ်းစားကြည့်မိ၍ ဖြစ်ပါသည်။

ဤအချိန်၌ နိုင်ငံတော်အစိုးရကြီးကိုယ်တိုင်က အဖက်ဖက်က ပြုပြင်ပြောင်းလဲရန် ကြိုးစားနေပါသည်ဟု ကြေညာထားသည့်အတိုင်း သတင်းသမားများနှင့် တွေ့ဆုံရာတွင် ဝန်ကြီးအဆင့်ရာထူးကြီးသူများကပင် သတင်းသမားတို့ နှင့် ပြေပြေလည်လည် ဆက်ဆံနေကြ၏။ မိမိတို့တူအရွယ် သားအရွယ်၊ သမီးအရွယ်သတင်းထောက်လေးများက ဆစ်၍ဆစ်၍ မေးကြလေသမျှကို ကျွန်တော်က၊ ကျွန်တော်တို့ကဟု ချို၍ စိတ်ရှည်လက်ရှည် အဖြေပေးနေကြ၏။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအရ မိမိကိုယ်ကို သုံးသပ်

သောအခါ မေးခွန်းထုတ်သူများနှင့် ဆွေမျိုးစပ်သောသဘောဖြင့် "အဘက၊ အဘတို့က"ဟု ပြုံးပြုံးရွှင်ရွှင် ဖြေကြားလာခဲ့ကြ၏။

ဤသို့သော အချိန်မျိုးမှာပင် ညွှန်ကြားရေးမှူးချုပ်ရာထူးမှ အငြိမ်းစားယူလာခဲ့သော ဦးအုံ့မောင်က သတင်းထောက်များနှင့် ဆက်ဆံရာတွင် "ငါ" တည်းဟူသော အသုံးအနှုန်းဖြင့် နှုတ်တွက်၍ ပြောဝံ့သည်မှာ အံ့ဖွယ်လိလိ ရှိပါဘိ၏။ မေးခွန်းထုတ်လာသော သတင်းထောက်တို့ကို တုံ့ပြန်ပုံများက ထိုအချိန်က သတင်းစာများ၊ ဂျာနယ်များမှာ ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့ပါ၏။

သာသနာရေးဦးစီးဌာန၌ ဦးအုံ့မောင်၏အရင်က မိုလ်မှူးကြီးညွှန့် အမှုထမ်းခဲ့ပါပြီ။ ဦးအုံ့မောင်အငြိမ်းစားယူပြီးတော့ ညွှန်ကြားရေးမှူးချုပ် တစ်ဦးလား၊ နှစ်ဦးလား မသိရှိခဲ့ပါပြီ။ ညွှန်ကြားရေးမှူးချုပ်ရာထူးမှ အငြိမ်းစား ယူသွားသည့် အခြားသူများသည် ပင်ရင်းဌာနတွင် ဆက်လက်၍ ပါဝင်စွက်ဖက် နေဟန်မတူပါ။ ယခု ဦးအုံ့မောင်ကတော့ သာသနာရေး အရာရှိများ၏ သတင်းစာ ရှင်းလင်းပွဲမှာပင် ထိပ်ဆုံးကပါလိုက်ပါသေးသည်။ သတင်းစာ ရှင်းလင်းပွဲ၌ ပြောဆိုရှင်းလင်းသမျှတွင် ဦးအုံ့မောင် ပြောကြားချက်များက အများဆုံးဖြစ်နေပေသည်။

## မိဂပဒဝဠဥ္ဇနနည်း

သတင်းစာရှင်းလင်းပွဲ၌ ဦးအုံ့မောင်၏ တုံ့ပြန်ပြောကြားချက်များနှင့် ယခင် ၁၀ နှစ်ကျော်ကျော်ခန့်က ရေစက်ချပွဲတွင် မေးခဲ့သော မေးခွန်းနှစ်ခုကို ဆက်စပ်ကြည့်လိုက်မိပါက မဟာသန္တိသုခကျောင်းတော်ကြီးက ကျောင်းနေ သံဃာတော်များကို ဖမ်းဆီးချုပ်နှောင်ပြီးလျှင် ကျောင်းတော်ကြီးကို ချိတ်ပိတ် သည်အထိ အပြင်းအထန်ဆုံး အင်အားသုံး၍ ဆောင်ရွက်သောကိစ္စကြီး၌

ဦးအုံမောင် ပါဝင်ပတ်သက်ခဲ့မည့်အတိုင်းအတာကို ခန့်မှန်း၍ ရနိုင်လောက်ပါ၏။

ဤသို့ ကောက်ချက်ဆွဲရခြင်းမှာ မိဂပဒဝဠဥ္ဇန နည်းအရ ဖြစ်ပါ၏။ ပြန့်ကျယ်သော ကျောက်ဖျာကြီး၏တစ်ဖက်က မြေပြင်၌ သမင်ခွာရာများ ထင်လျက်ရှိနေ၏။ ကျောက်ဖျာကြီး၏ အခြားတစ်ဖက်က မြေပြင်မှာလည်း သမင်ခွာရာများထင်နေ၏။ အလယ်က ကျောက်ဖျာပေါ်မှာတော့ ဘာခွာရာမျှ မထင်ပါ။ သို့ရာတွင် ကျောက်ဖျာကြီး တစ်ဖက်၌ အတက်ခွာရာ၊ အခြားတစ်ဖက်၌ အဆင်းခွာရာတို့ကို ထောက်ဆကာ ကျောက်ဖျာကြီးပေါ်မှာ သမင်တစ်ကောင် ဖြတ်နင်းသွားခဲ့ပြီဟု တပ်အပ်သေချာ သိနိုင်၏။ ဤနည်းမှာ နည်းလေးဆယ်တွင် အပါအဝင်ဖြစ်ကြောင်း စာသင်သားဘဝကို ဖြတ်သန်းလာခဲ့သော ဦးအုံမောင်လည်း လက်ခံနိုင်ပါလိမ့်မည်။

## မော်ကွန်းတင်ထိုက်သူ

ဘုံဘောတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရ ဦးအုံမောင်သည် ရဟန်းဘောင်မှာတုန်းက ဓမ္မာစရိယစာချတန်းကို ပါဠိပါရဂူဘွဲ့ရသည်အထိ ပေါက်ရောက်ခဲ့သူဖြစ်၍စာချတန်းကျမ်းရင်းတစ်ကျမ်းဖြစ်သော ပါရာဇိကကဏ္ဍအဋ္ဌကထာ ဒုတိယအုပ် အဆုံးက ပရိဏာတသိက္ခာပုဒ်ကို ပါဠိတော်အဋ္ဌကထာနှင့်တကွ လေ့လာမှတ်သားခဲ့ရပါလိမ့်မည်။ ထို့ပြင် သတင်းစာရှင်းလင်းပွဲတုန်းကလည်း ပီနန်ဆရာတော်ကြီး မိမိတို့အားခင်မင်ရင်းနှီးကြောင်း ပြောဆိုထားသော စကားရှိနေ၍ မဟာသန္တိသုခကျောင်းတော်ကြီးကို ပီနန်ဆရာတော်အတွက် တည်ဆောက်နေကြောင်း ကောင်းကောင်းသိပါလိမ့်မည်။

**ဤသို့ဖြင့် ဦးအုံမောင်သည် ပရိဏာတသိက္ခာပုဒ် ပဒဘာဇနီ ပါဠိတော်အရ ပုဂ္ဂလိက ရည်ညွှန်းထားပြီးသော ပစ္စည်းကို သံဃိကမပြုအပ်၊ သံဃိကလှူရန် မပြုလုပ်အပ်ဟူသော ပညတ်ချက်ကို သိထားပြီးသူဖြစ်၏။**

ပီနန်ဆရာတော်ကြီးအတွက် ကျောင်းတော်ကြီးဆောက်လုပ်နေကြောင်း ကိုလည်း ကောင်းကောင်းသိထားပြီးဖြစ်၏။

**သို့ပါလျက် ရေစက်ချပွဲ၌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရေစက်ခွက်ကိုင်ဖို့ ပြင်ဆင်ခိုက်တွင် အဘယ်ကြောင့် မေးခွန်းထုတ်လိုက်ရပါသလဲ။ တစ်လျှောက်လုံးက ပီနန်ဆရာတော်ကြီးအား ပုဂ္ဂလိကလှူဒါန်းဖို့ အားခဲလာခဲ့ကြသည့် အစီအစဉ်ကို တစ်ဆစ်ချိုးကြီး လမ်းပြောင်းသွားအောင် ဘာကြောင့် လုပ်လိုက်ရပါသလဲ။**

ထိုစဉ်က ဦးအုံ့မောင် လုပ်ခဲ့သော လုပ်ရပ်နှင့် ကျောင်းတော်ကြီး၏ နောက်ပိုင်းက မရှုမလှဖြစ်ရပ်များကို ဆက်စပ်ကြည့်ပါက ဤသို့အချိန်ကိုက် အခါကိုက် မေးခွန်းထုတ်လိုက်ရခြင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်နိုင်ကြပါ၏။ ရည်ရွယ်ချက်က ကြီးမားလှပါပေ၏။ ကြီးမားသည့်အတိုင်းလည်း အထမြောက်အောင် စွမ်းဆောင်နိုင်ပါပေ၏။ အများပြောနောက မဟာစွမ်းအား ရှင်ကြီးဟူ၍ မော်ကွန်းတင်လောက်ပါပေ၏။

## ပုဂ္ဂလိကမှ သံဃိကသို့

ပရိယာတ္တိသိက္ခာပုဒ်နှင့် ပတ်သက်သမျှ ပညတ်တော်တို့ကို ဦးအုံ့မောင် သိသည်ထက်ပင် မကွေးဆရာတော်ကြီးက ပို၍ သိပါလိမ့်မည်။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်ဖြစ်သော မကွေးဆရာတော်ကြီးသည် ထိုရေစက်ပွဲ၏ အကြီးအမှူးဖြစ်၏။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရှေ့မှောက်တွင် တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် ထိုင်တော်မူလျက်ရှိ၏။ မကွေးဆရာတော်ကြီးနှင့် ဘေးချင်းယှဉ်လျက် ပီနန်ဆရာတော်ကြီးလည်း ထိုင်တော်မူနေ၏။

ထိုရေစက်ချပွဲ၏ အခမ်းအနားမှူးတာဝန်ကို ဦးအုံ့မောင်က ထမ်းဆောင် ခဲ့ရ၏။ အခမ်းအနားမှူး ဦးအုံ့မောင်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ရေစက်ချတော့ မည်ဆဲဆဲ အချိန်ကလေး၌ အချိန်ကိုက်၊ အခါကိုက် မေးခွန်း ထုတ်လိုက်သည်ကို မြင်လည်းမြင်ပါလိမ့်မည်၊ ကြားလည်းကြားပါလိမ့်မည်။ ထို့အတူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သံဃိက ရေစက်ချမည်ဟု ပြန်ကြား သည်ကို မြင်လည်း မြင်ပါလိမ့်မည်၊ ကြားလည်းကြားပါလိမ့်မည်။ ထိုအချိန်ပိုင်းအတွင်းမှာပင် ဤရေစက်ချပွဲ၌ ပုဂ္ဂလိက မဟုတ်တော့ဘဲ သံဃိက ရေစက်ချပေးရတော့မည်အကြောင်းကို သဘောပေါက်လိုက်ပါ လိမ့်မည်။

ဤသို့သဘောပေါက်ခြင်းမှာ ထိုနေရာ ထိုအချိန်ကျခါမှ ပေါ်ပေါက် လာတာလည်း ဖြစ်နိုင်၏။ စောစောကတည်းက ကြိုတင်၍ သဘောပေါက် ထားပြီးလည်းဖြစ်နိုင်၏။

ထိုအချိန်ပိုင်းကလေးတွင် မကွေးဆရာတော်ကြီး၏ စိတ်ထဲတွင် မိမိနှင့် ဘေးချင်းယှဉ်ထိုင်နေလျက်ရှိသော ပီနန်ဆရာတော်ကြီးကို မည်သို့ သဘောထားပါမည်နည်း။

မကွေးဆရာတော်ကြီးသည် တီဗွီကိုကြည့်ချင်မှ ကြည့်ဖြစ်ပါလိမ့် မည်။ သတင်းစာကိုတော့ ဖတ်ဖြစ်ကောင်း ဖတ်ဖြစ်ပါလိမ့်မည်။ ကိုယ်တိုင် မဖတ်ဖြစ်သည့်တိုင်အောင် သတင်းစာတို့၏ မျက်နှာဖုံးစာမျက်နှာ၌နေ့စဉ် နီးပါးလောက် ဖော်ပြခဲ့ရသော အတွင်းရေးမှူး(၁)၏ လှူပ်ရှားမှုသတင်း များနှင့်တော့ ရှောင်လွှဲ၍ ရမည်မဟုတ်ပါ။

အတွင်းရေးမှူး(၁)၏ လှုပ်ရှားမှုမှန်သမျှ၊ ပြောကြားချက်မှန်သမျှကို သတင်းစာများက နေ့စဉ်နီးပါးလောက် မျက်နှာဖုံးစာမျက်နှာမှ ဖော်ပြ ထားခဲ့ရာ ထိုသတင်းများတွင် မဟာသန္တိသုခကျောင်းတော်ကြီး တည် ဆောက်ရေးနှင့် ဆိုင်သော သတင်းများလည်း ဧကန်မုချပါခဲ့ရပါမည်။

ထို့ပြင် မဟာသန္တိသုခကျောင်းတော်ကြီးမှာ လျှုပွဲတန်းပွဲ ကြီးကြီး ကျယ်ကျယ်ရှိလာလေတိုင်း နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင်

ဆရာတော်ကြီးများလည်း အလျှုံခံကြွရောက်ခဲ့ကြသဖြင့် ပီနန်ဆရာတော်ကြီး နှင့်လည်း ကြိမ်ဖန် များစွာ တွေ့ဆုံခဲ့ကြရလိမ့်မည်။ ပီနန်ဆရာတော်ကြီးကို ရည်စူး၍ ဤကျောင်းတော်ကြီး တည်ဆောက်ခဲ့ပုံအကြောင်းစုံကို သိထားပြီး ဖြစ်ပါလိမ့်မည်။

## ဟိုဖက်သည်ဖက် တွေးရခက်

ထိုတစ်ခဏအတွင်း၌ မကွေးဆရာတော်ကြီး၏ စိတ်အတွင်းခံစားမှု၊ တွေးတောဆင်ခြင်မှုတို့ကို အငှားသဘောဖြင့် ဝင်စားကြည့်ပါက အလွန် တကာ စိတ်လှုပ်ရှားဖွယ်ဖြစ်ကြရပါလိမ့်မည်။

ထိုတစ်ခဏအတွင်း၌ မကွေးဆရာတော်ကြီး စိတ်အစဉ်ကို နှစ်ဖက်သော အာရုံတို့က သူ့ထက်ငါ ဆွဲဆောင်၍ နေကြပါလိမ့်မည်-

(က) တစ်ဖက်မှ ဘုရားရှင်ပညတ်တော်မူထားခဲ့သော ပရိဏာတ သိက္ခာပုဒ်။

(ခ) အခြားတစ်ဖက်မှာမူ နိုင်ငံတော်အကြီးအကဲ၏ သံဃိက လှူရန် တုံ့ပြန်ပြောဆိုချက်၊ ဘယ်ဘက်သို့ လိုက်ရမည် နည်း။

(က) ဖက်သို့လိုက်ပါလျှင် နိုင်ငံတော်အကြီးအကဲနှင့် တကွ အစိုးရအဖွဲ့၏ အငြိုအငြင်ကိုခံရမည်။

(ခ) ဖက်သို့လိုက်ပါက ဘုရားရှင်၏ ဝိနည်းပညတ် ချက်ပုဒ်တော်ကို ကျူးလွန်ဖောက်ဖျက်ရာ ရောက် ပေတော့မည်။

ဘယ်ဖက်သို့ လိုက်ရပါမည်နည်း။

ရှင်းပါ၏။ အားလုံးသိထားကြသည့်အတိုင်းပင်ဖြစ်ပါ၏။

ဤနေရာ၌ မကွေးဆရာတော်ကြီးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အလိုဆန္ဒရှိနေသည့်အတိုင်း သံဃိက ရေစက်ချပေးခဲ့ရခြင်းမှာ ပရိဏာတ သိက္ခာပုဒ်၏ ပဒဘာဇနီပညတ်ချက်ကို မသိ၍ ဟုဆိုပါက ဆရာတော်ကြီး ၏ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်သွားပါလိမ့်မည်။ သတိမပြု လိုက်မိ၍ ဟုဆိုလျှင်လည်း ထို့အတူသာဖြစ်ပါလိမ့်မည်။

ဤသို့ဆိုပါက မကွေးဆရာတော်ကြီးသည် ဖက်နှစ်ဖက်ရှိသည့် အထဲက တစ်ဖက်ကို မျက်နှာလွှဲထားခဲ့ပြီး အခြားတစ်ဖက်သို့ အဘယ်ကြောင့် မျက်နှာမူလိုက်ပါသလဲ။

## မည်သူမျှမရှောင်လွှဲနိုင်

ဤမေးခွန်းအတွက် သမာသမတ် အကျဆုံးအဖြေကို ပေးရမည် ဆိုပါက မကွေးဆရာတော်ကြီးသည် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်ဖြစ်နေ၍ ဖြစ်ပါ၏။ မကွေးဆရာတော်ကြီး၏ နေရာတွင် အခြားဆရာတော် တစ်ပါးရှိနေပါလျှင်လည်း ဤလမ်းကြောင်းကို ရှောင်လွှဲ၍ ရမည်မဟုတ်ပါ။

ဤသို့ဖြစ်ရခြင်းမှာ အစိုးရယန္တရားကြီးကို တည်ဆောက်ထားပုံအရ ဖြစ်ပါ၏။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အကြီးအကဲဖြစ်၏။ အကြွင်းမဲ့ အာဏာရှင်ဖြစ်၏။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ဥက္ကဋ္ဌဖြစ်၏။ ဥက္ကဋ္ဌ၏ အာဏာစက်အောက်တွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)၊ ထို့နောက် ကောင်စီဝင်များရှိကြ၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ လက် အောက်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများရှိကြ၏။ ထိုဝန်ကြီးများထဲက အရေးမပါအရာမရောက်လှသော ဝန်ကြီးဌာနများတွင် သာသနာရေးဝန်ကြီး

ဌာနပါဝင်၏။ သာသနာရေးဝန်ကြီးဌာန လက်အောက်တွင် သာသနာရေး ဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့ရှိကြ၏။

ထိုဦးစီးဌာနနှစ်ခုအနက်က သာသနာရေးဦးစီးဌာနသည် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ ရုံးလုပ်ငန်းအားလုံးကို တာဝန်ယူရ၏။ မဟာ နာယက ဆရာတော်ကြီးများ မိန့်ဆိုလေသမျှ၊ ရေးသားလေသမျှ စာတို့သည် သာသနာရေးဦးစီးဌာန၏ ရုံးအဖွဲ့က ရုံးအလုပ်များ ပြုလုပ်ပေးပါမှ တရားဝင် ဖြစ်လာနိုင်၏။ တရားဝင် ထုတ်ပြန်နိုင်၏။ ရုံးအဖွဲ့၏ ရုံးလုပ်ငန်းများမပါဘဲ နာယကဆရာတော်ကြီးများမှာ မည်သည့်အမိန့်၊ မည်သည့်ထုတ်ပြန်ကြေညာ ချက်ကိုမျှ ထပ်ဆင့်၍ ထုတ်ပြန်၍ မရနိုင်ပါ။

နိုင်ငံတော်၏ သာသနာရေး၊ ဘာသာရေးဆိုင်ရာ အခမ်းအနား ကြီးများ၊ နေ့ထူးနေ့မြတ်အခမ်းအနားကြီးများ၌သာ မဟာနာယကဆရာတော် ကြီးများသည် နိုင်ငံတော်အကြီးအကဲများ၏ ပူဇော်ကန်တော့ခြင်းကို ခံယူကြရ၏။ လျှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အလှူခံကြရ၏။ သို့ရာတွင် နေ့စဉ် နေ့တိုင်း အဖွဲ့တာဝန်ထမ်းဆောင် ရာတွင်ကား သာသနာရေးဦးစီးဌာန၏ ရုံးအဖွဲ့နှင့်သာ ထိတွေ့၍ နေလာခဲ့ကြရပေသည်။

## အမိန့်သည် အမိန့်အတိုင်းတည်စေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟူ၍ သုတိ မင်္ဂလာရှိသော စကားလုံးတို့ကို အသုံးပြုထားသော်ငြားလည်း ထိုအစိုးရသည် စစ်အစိုးရသာဖြစ်၏။ စစ်ဗိုလ်ချုပ်ကြီးများဖြင့် ဖွဲ့စည်းထားသော အစိုးရဖြစ်၍ အထက်နှင့် အောက် ဆက်ဆံရေးတွင် စစ်ပုံစံ၊ စစ်မိန့်ပေးပုံစံဖြစ်၏။

စစ်မိန့်ပေးပုံစံဖြစ်သည်နှင့်အညီ အထက်က ချမှတ်လိုက်သော အမိန့်ကို အောက်အဆင့်များက တသွေမတိမ်းလိုက်နာရ၏။ အထက်က ချမှတ်ပေးလိုက်သော အစီအစဉ်တစ်ခုကို အောက်အဆင့်များက မဖြစ်

ဖြစ်အောင် အကောင်အထည်ဖော်ပေးကြရ၏။ ငြင်းပယ်ခွင့်မရှိ၊ ဆင်ခြေပေးခွင့်မရှိ၊ ပြန်လည်ဆွေးနွေးခွင့်မရှိ၊ အမိန့်သည်အမိန့်အတိုင်းသာတည်စေ။

ဤသို့သော ယန္တရားပုံစံဖြင့် သံဃိကရေစက်ချမည်ဟူသော အမိန့်သည် အဆင့်အမျိုးမျိုးတို့ကို ဖြတ်သန်းပြီးမှ သာသနာရေးဦးစီးဌာနသို့ ရောက်လာနိုင်၏။ ထိုသို့မဟုတ်လျှင်လည်း တိုက်ရိုက်အားဖြင့် "ဒိုင်း" ခနဲ ရောက်လာနိုင်၏။ မည်သို့ပင်ရောက်ရောက် ဦးစီးဌာနတစ်ခုမျှသာဖြစ်သော အစိုးရဌာနတစ်ခုက မည်ကဲ့သို့ ငြင်းဆန်နိုင်ပါမည်နည်း၊ မည်သူက ငြင်းဆန်ရဲပါမည်နည်း၊ မဖြစ်ဖြစ်တဲ့နည်းနှင့် အကောင်အထည်ဖော်ပေးရတော့မည်သာ။

သာသနာရေးဦးစီးဌာနသို့ "ဒိုင်း" ခနဲ ကျရောက်လာသော ထိုအမိန့်အရ ရေစက်ချသည့် လုပ်ငန်းကို မည်သူက လုပ်ရပါမည်နည်း။ သာသနာရေး ဦးစီးဌာန၏ အဆင့်အမြင့်ဆုံး ညွှန်ကြားရေးမှူးချုပ်သည်ပင် ဤကိစ္စကို ဆောင်ရွက်၍မရပါ။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းစဉ်လာအရ အလှူတစ်ခုခုပြုလုပ်ရာ၌ အလှူရှင်က ရေစက်ခွက်ကိုင်၍ ရေစက်ချရာတွင် အလှူခံပုဂ္ဂိုလ်က ရေစက်ချစာများ ရွတ်ဆိုပေးရ၏။ ထို့ကြောင့် ထိုရေစက်ချတာဝန်သည် သာသနာရေး ဦးစီးဌာနနှင့် တစ်ပေါင်းတည်း ပူးယှက်ဆက်သွယ်ထားသော နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ထံသို့ ကောက်မချကျရောက်လာပါလိမ့်မည်။ လုပ်ငန်းသဘောအရ ဆက်စပ်နေသဖြင့် နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်များအနေနှင့်လည်း ငြင်းပယ်ရန် မစွမ်းနိုင်လောက်ပါ။ ကျရောက်လာသော အမိန့်ကို မဖြစ်ဖြစ်တဲ့နည်းနှင့် ဆောင်ရွက်ပေးကြရပါလိမ့်မည်။

**တစ်ပိုင်းတစ်စ အကိုးသာဓက**

ဤသို့ဆိုရသည်မှာ ဆရာတော်ကြီး၏ ဂုဏ်သိက္ခာကို ထိပါးလို၍ မဟုတ်ပါ။ တစ်လျှောက်လုံးက ပီနန်ဆရာတော်ကြီးအတွက် ဟူ၍ တည်ဆောက်လာခဲ့သော ကျောင်းတော်ကြီးကို သံဃိကအဖြစ် ရေစက်ချပေးနေသည့် ကိစ္စကို အကြောင်းပြသာဓက ထုတ်ဆောင်ရာတွင် သာဓက မမြောက်ပုံကို သုံးသပ် နိုင်ကြရန်သာ ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အလိုဆန္ဒရှိသည့် အတိုင်း မကွေးဆရာတော်ကြီးက သံဃိကအဖြစ် ရေစက်ချပေးရာ၌ ဤသို့ ရေစက်ချ ပေးရခြင်းအကြောင်းကိုသာဓက ထုတ်ဆောင်ရာတွင် စူဠဝဂ္ဂါဒိ အဋ္ဌကထာ စာမျက်နှာ ၉၇နှင့် ဝိနယသင်္ဂဟအဋ္ဌကထာ စာမျက်နှာ ၂၇၂ တို့၌ပါရှိသော ''ယထာဒါယကာ ဝဒန္တိ၊ တထာပဋိပဇ္ဇိတဗ္ဗံ''ဟူသော ပါဠိကို ထုတ်ပြထားပေသည်။

ဤပါဠိမှာ အပြည့်အစုံမဟုတ်ပါ၊ မိမိတို့လုပ်ကိုင်ခဲ့သည့် အမှုကိစ္စ အတွက် ထောက်ခံချက်ပေးနိုင်သည်ဟု ယူဆရသော အပိုင်းအစကလေး ကိုသာ ကွက်၍ ကတ်ကြေးနှင့်ဖြတ်သကဲ့သို့ ဖြတ်ယူထားခြင်းဖြစ်ပါသည်။

ထိုအကိုးအကားပါဠိကို မြန်မာပြန်ကြည့်ပါက ''ဒါယကာတို့ ပြောဆိုသည့် အတိုင်း လိုက်နာကျင့်သုံးသင့်သည်။'' ဟူ၍ ဖြစ်၏။

ဤပါဠိတစ်ပိုင်းတစ်စလေးကိုကွက်၍ ဖြတ်ယူကိုးကားရပုံကို စဉ်းစားကြည့်ရသော်-

မကွေးဆရာတော်ကြီးသည် ကျမ်းဂန်တတ်ဆရာတော်ကြီးဖြစ်သည့် အားလျော်စွာ ဤကျောင်းတော်ကြီးကို သံဃိက ရေစက်ချပေးခြင်းသည် ပရိယတ္တိ သိက္ခာပုဒ်တော်က ပဒဘာဇနီပညတ်တော်နှင့် ဆန့်ကျင်နေကြောင်း ကောင်းကောင်းသိထား၏။ သိထားသော်လည်း ထိပ်ဆုံးအာဏာပိုင် ပုဂ္ဂိုလ်၏အလိုဆန္ဒအရ သံဃိက ရေစက်ချပေးရသည်မှာ မိမိတို့သဘော

ဆန္ဒအရမဟုတ်၊ အဋ္ဌကထာပါဠိမှာလာရှိသည့်အတိုင်း ဒါယကာတို့ လျှောက်တင်ချက်အတိုင်း ဆောင်ရွက်ပေးရခြင်းသာ ဖြစ်သည်။ သို့အတွက် "တာဝန်ရှိခြင်းတူလျှင် ဒါယကာတို့တာဝန်သာဖြစ်သည်"ဟု ဆိုလိုဟန် ရှိပေသည်။

## တစ်ပိုင်းတစ်စမှ အပြည့်အစုံသို့

တကယ်တော့ဖြင့် ဤကိစ္စအတွက် ဤပါဠိတစ်ပိုင်းတစ်စကိုဖြတ်၍ ကိုးကားခြင်းမှာ သာစကေမြောက်ပြီဟု ဆိုနိုင်ဖွယ်မရှိပါ။ မရှိပုံကို သိသာထင်ရှားစေရန် ဤတစ်ပိုင်းတစ်စကို ကျမ်းထဲမှာပါရှိသည့်အတိုင်း လေ့လာကြည့်ရပါမည်။

စူဠဝဂ္ဂအဋ္ဌကထာ စာမျက်နှာ ၉၇ ၏ အလယ်ပိုင်း၌-

...ဂန္ထဓုရက်ါဒိဟိ ပန အနဘိညာတော အာဝါသိကဘိက္ခု ပုစ္ဆိတုံ လဘတိ။ တသ္မာတေန "ကိံ သံဃတော ဂဏှာမိ။ ဥဒါဟု ယေ ဇာနာမိ၊ တေ ဟိ သဒ္ဓိံ အာဂစ္ဆာမီ" တိမာတိကံ အာရောပေတွာ ယထာ ဒါယကာ ဝဒန္တိ တထာပဋိပဇ္ဇိ တဗ္ဗံ"

ဤအဋ္ဌကထာပါဠိကို ဘာသာဋီကာဆရာတော်ကြီး၏ စူဠဝဂ္ဂါဒိ အဋ္ဌကထာ ဘာသာဋီကာကို အမှီပြု၍ ဘာသာပြန်ရသော်-

အဖို့တစ်ပါးကို ဆိုဦးအံ့။ ကျမ်းပြုခြင်း၊ ဓုတင်ဆောင်ခြင်း စသည်ဖြင့် မထင်ရှားသော ကျောင်းထိုင်ပုဂ္ဂိုလ်သည် မေးခွင့်ရ၏။ (မေးနိုင်၏) (ဆွမ်းအလှူခံ ပင့်လျှောက်လာသူရှိခဲ့သော်) "ဒါယကာ သံဃာထဲက ရွေးကောက်၍ ပင့်ခဲ့ရမည်လော၊ ငါတို့၏ အသိအကျွမ်းရဟန်းတွေကို ပင့်ခဲ့ရမည်လော"ဟု စကားစဉ်သို့ တင်ပြီးလျှင် ဒါယကာတို့ လျှောက်ထားသည့်အတိုင်း ကျင့်သုံးတတ်သည်။

## ဆွမ်းတစ်နပ်စာနှင့် သိန်းပေါင်းတစ်သောင်းကျော်

ဤအဋ္ဌကထာပါဠိမှာ ဓူဠဝဂ္ဂပါဠိတော် သေနာသနက္ခန္ဓကဌ် ဘုရားရှင် ခွင့်ပြုတော်မူထားသော ဥဒ္ဒေသဘတ္တ၊ နိမန္တနဘတ္တစသော ဆွမ်းအလှူကိစ္စများအတွက် ဖြစ်၏။ ထင်ရှားအောင် ထပ်၍ဆိုရသော် တစ်နပ်စာဆွမ်းအလှူ ပင့်လျှောက်လာရာတွင် ပင့်လျှောက်ခြင်းကို လက်ခံရသော ရဟန်း၏ ကျင့်ဝတ် တစ်ခုကိုပြဆိုထားခြင်းဖြစ်၏။ ဝိနယ သင်္ဂဟအဋ္ဌကထာမှာလည်း ဤအတိုင်းသာ ပြဆိုထား၏။

**ယခုတော့တစ်နပ်စာဆွမ်းအလှူကလေးအတွက် ညွှန်ကြားချက်ထဲက တစ်ပိုင်းတစ်စလေးကို ဖြတ်ညှပ်ထုတ်ယူကာ သိန်းပေါင်းတစ်သောင်းခန့် တန်ဖိုးရှိသော ကျောင်းတော်ကြီးအတွက် အသုံးချလိုက်ပါပြီကော။**

ထို့ပြင် မကွေးဆရာတော်ကြီး ထုတ်ယူကိုးကားထားသော "ယထာဒါယကာဝဒန္တိ တထာပဋိပဇ္ဇိတဗ္ဗံ"ဟူ၍ စာလုံးရေ ၁၆ လုံးမျှသာ ပါရှိသော ပါဠိတစ်ပိုင်းတစ်စကလေးသည် ရှေ့က တစ်ဆက်တည်း တည်ရှိနေသော ပါဠိများနှင့် ဆက်စပ်နေမှသာ အဓိပ္ပါယ်ရှိ၏၊ အဓိပ္ပါယ်ရှိသော စကားတစ်ခွန်း ဖြစ်နိုင်၏၊ သူ့ချည်းသက်သက်သာ ဆိုပါက မည်သည့်အနက်အဓိပ္ပါယ်မျှ မရှိနိုင်ပါ။ ရှေးကဇာတ်ပွဲထဲတွင် "ဇဝံ မေသုတံ အကြောင်းပြုပြီး ရေတစ်ခွက်ပေးပါခင်ဗျား"ဟု ဆိုခဲ့သည့်အတိုင်းသာ ဖြစ်နေပါ၏။

နိုင်ငံကျော် စာသင်တိုက်ကြီးတစ်တိုက်၏ ပဓာနနာယက ဆရာတော်ကြီးသည်လည်း ဤအဖြစ်ကို ကောင်းကောင်းကြီးသိထားမည်သာ၊ သတိမပြုမိဘဲ နေခဲ့မည်မဟုတ်ပါ။

ဤသို့အသိကြီးသိထားပါလျက် ပရိယတ္တိသက်ကွာပုဒ်၏ ပဒဘာဇနီထဲက ပညတ်တော်တစ်ခုနှင့် ဆန့်ကျင်နေမှန်း ဧကန်မုချ အသိကြီးသိထားပါလျက် သံဃိက ရေစက်ချပေးခဲ့ရပုံကို ထောက်ဆကာ ထိုစဥ်က နိုင်ငံတော်

အကြီးအကဲဖြစ်သူ၏ အာဏာစက် ထက်မြက်စူးရှ၍ အားကောင်းလှသည်ကို သဘောပေါက်နိုင်ပါလိမ့်မည်။

**ရေစက်ချပွဲမြင်ကွင်း**

ထိုရေစက်ချပွဲပြီးဆုံးချိန်ကို စိတ်ထဲက မှန်းဆ၍ ကြည့်မိရုံနှင့်ပင် ကျွန်တော်ကျောချမ်းသွားမိပါ၏။ မကွေးဆရာတော်ကြီးက သံဃိက ရေစက်ပေးနေချိန်တွင် ပီနန်ဆရာတော်ကြီးသည်လည်း ဘေးချင်းယှဉ်လျက် ထိုင်နေလျက်ရှိနေ၏။ ရေစက်ချပွဲပြီးဆုံး၍ နေရာမှ အသီးသီးထကြသော အခါ ဆရာတော်ကြီးနှစ်ပါး ဘယ်လိုများ မျက်နှာချင်းဆိုင်ကြပါလိမ့်။

ထို့အတူပင် ဤကျောင်းတော်ကြီး စတင်တည်ဆောက်စဉ်ကပင် ပီနန်ဆရာတော်ကြီးနှင့် လက်တွဲလာခဲ့သော ပီနန်ဆရာတော်ကြီး၏ ဂုဏ် ကျေးဇူးတွေကို နှုတ်ဖျားကမချတမ်း ချီးမွမ်းလာခဲ့သော အတွင်းရေးမှူး(၁) သည်လည်း မည်သို့ရှိနေပါမည်နည်း။

ပီနန်ဆရာတော်ကြီးအနေနှင့်ကတော့ မည်သို့မျှ ထူးထူးထွေထွေ ခံစား မိမည်မဟုတ်ပါ။ အကြောင်းမှာ သံဃိက ရေစက်ချပြီးသည့် နောက် မှာပင် ဤကျောင်းတော်ကြီးပေါ်မှာ နှစ် နှစ်ခန့်မျှ ဆက်လက်သီတင်းသုံးနေခဲ့ ၍ ဖြစ်ပါ၏။ စောစောက ရည်မှန်းထားခဲ့သည့်အတိုင်း ပြည်ပသာသနာပြု သင်တန်းများကို ဖွင့်လှစ်ပေးနေ၍ ဖြစ်ပါ၏။

ထို့အတူပင် ရေစက်ချပွဲမှာ တက်ရောက်လာခဲ့ကြသော ပရိသတ် များ ကလည်း အခမ်းအနားမှူးက အမျှယူတော်မူကြပါခင်ဗျားဟု ကြေညာလိုက်လျှင်ပင် မည်သို့မျှ ထူးထူးခြားခြား မခံစားမိဘဲ သာဓုသုံးကြိမ် ခေါ်လိုက်ကြမည်သာ ဖြစ်ပေသည်။

ထိုစဉ်က ပီနန်ဆရာတော်ကြီး ဆိတ်ဆိတ်နေခဲ့ခြင်းသည် လည်း ကောင်း၊ ပရိသတ်များက သာဓုခေါ်ခဲ့ကြခြင်းသည်လည်းကောင်း သံဃိက

ရေစက်ချလိုက်ခြင်း၏ အကျိုးဆက်ကို လုံးဝမတွေးတောမိခဲ့ကြ၍သာ ဖြစ်ပါလိမ့်မည်။

### အရင်းခံအကြောင်းတရား

တကယ်တော့ဖြင့် “နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ပိုင်” ဟူ၍ ကမ္ပည်းတင်လာသည်အထိ ကျောင်းတော်ကြီးဖြစ်တည်မှုလမ်းကြောင်း တစ်ဆစ်ချိုးကြီး ပြောင်းလဲသွားခဲ့ရခြင်းမှာ သံဃိကရေစက်ချထားခဲ့၍ ဖြစ်ပါ၏။

ထိုနေ့ ထိုရက်တုန်းက သံဃိကရေစက်ချထားခဲ့၍ပင် ၅.၁၁.၂၀၀၂ ရက်နေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မဟာသန္တိသုခ ကျောင်းတော်ကြီးကို စီမံအုပ်ချုပ်ရန် အပ်နှံနိုင်ခြင်းဖြစ်ပေသည်။

ပီနန်ဆရာတော်ကြီး၏ နိုင်ငံခြားသာသနာပြုကုသိုလ်ပြုပွဲကြီးတွင် အားပါး တရပါဝင်လိုက်မည်ဟု ကိုးကြိမ်တိုင်တိုင် အလှူငွေထည့်ဝင်ခဲ့ကြသော ကုသိုလ်ရှင်များသည် သံဃိက ရေစက်ချတုန်းကတော့ ထူးထူးခြားခြား သဘောထားလိုက်မိခဲ့ကြမည် မဟုတ်ပါ။ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ထံ အပ်နှံလိုက်ကြောင်း သတင်းထွက်ပေါ်လာခါမှ ဝမ်းနည်းပက်လက်ဖြစ်ကုန်ကြရသည်ဟု ဆရာချစ်စံဝင်းက လျှပ်တပြက်ဂျာနယ်၌ ရေးသားထားပေသည်။

### ဗုဒ္ဓဘာသာဝင်တို့၏ အခွင့်အရေး

နိုင်ငံတော်အစိုးရတို့သည် မည်သည့်နည်းနှင့် အာဏာရလာသည် ဖြစ်စေ တိုင်းသူပြည်သားတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စစ်ရေးစစ်ရာမှစ၍ မျက်မှောက်ဘဝတစ်သက်တာအတွက် လိုအပ်ချက်

မှန်သမျှကို စီမံခန့်ခွဲနိုင်ကြပါ၏။ သို့ရာတွင် မျက်မှောက်ဘဝကို ကျော်လွန်၍ နောင်တမလွန်အတွက် ပြုလုပ်ကြရသော ဘာသာရေး၊ သာသနာရေးများမှာတော့ လိုအပ်တာထက်ပို၍ ပါဝင်ဆောင်ရွက်ရန် မသင့်ပါ။ အခြားအခြားသော ဘာသာဝင်များကို မိမိတို့ ဘာသာတရားက ညွှန်ကြားထားသည့်အတိုင်း ယုံကြည်ကိုးကွယ်ခွင့်ပြုထားခဲ့ရ သကဲ့သို့ပင် ဤကျောင်းတော်ကြီးနှင့်ပတ်သက်၍လည်း ဗုဒ္ဓဘာသာဝင် ကုသိုလ်ရှင်အားလုံး၏ သဘောဆန္ဒအတိုင်းသာ လှူဒါန်းခွင့်ရသင့်ပါသည်။ ယခုတော့ ဤအခွင့်အရေးတွေ လက်လွတ်ဆုံးရှုံးသွားကြရပါပြီ။

မဟာသန္တိသုခကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ထံ အပ်နှံလိုက်ပြီဟူသော သတင်းကို ကြားရစဉ်တုန်းက တပည့်ဒါယကာ၊ ဒါယိကာမများ မျက်ရည်ကျခဲ့ကြရပါပြီ။ နောက်တစ်ခါ တပ်ထောင်တာဗိုလ်ထုဖြင့် အပြီးတိုင် အပိုင်သိမ်းလိုက်သည့်သတင်းကို ကြားရပြန်တော့လည်း ရင်ထုမနာ ဖြစ်ကြရပါပြီ။

## မျက်နှာလွှဲထားလိုက်ကြပြီ

ဤကိစ္စတွေ ပြေလည်ရေးအတွက် ဘယ်သူ့ကိုအားကိုးရပါမလဲ။ ကျောင်းတော်ကြီးတည်ဆောက်ရေးကို အစမှ အဆုံးတိုင် ဦးဆောင်ဦးရွက်ပြုခဲ့သော ဦးခင်ညွှန့်ကလည်း ဤကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောလိုပါတဲ့။

နောက်တစ်ခါ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့၏ လုပ်ဆောင်ချက်ကို မကန့်ကွက်နိုင်ပါတဲ့။

နိုင်ငံတော်မှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်အနေနှင့် မကန့်ကွက်နိုင်တာတော့ ရှိပါစေ။ သို့ရာတွင် မိမိနိုင်ငံအတွင်းမှာ ဟိုးလေးတကြော် ဖြစ်ပေါ်လာခဲ့ရသည့် ကိစ္စကြီး၏ ဖြစ်ပုံပျက်ပုံ ဇာတ်လုံးစုံတို့ကိုတော့ သိထားသင့်ပါ၏။ (စောစောက တည်းက ထိပ်ပိုင်းမှာ ရှိနေသူမို့ သိထားပြီးဖြစ်ဖို့က များပါ

သည်။) ထိုကိစ္စကြီးအတွက် မျက်ရည်စက်လက်ဖြစ်နေရသူများ၏ မျက်ခွက်များကို စောင်းငဲ့၍ ကြည့်သင့်ပါ၏။

## နိုင်ငံတော်သမ္မတ၏တာဝန်

ထို့ပြင် တိုင်းကျော်ပြည်ကျော် ထိုသိမ်းပိုက်မှုကြီးအတွက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကို မည်သို့မျှ မလျှောက်ထားလိုသော်လည်း နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ ရုံးလုပ်ငန်းအားလုံးကို တာဝန်ယူလုပ်ကိုင်ပေးနေရသော သာသနာရေးဦးစီးဌာနကိုတော့ ပြောသင့်လျှင် ပြောရပါမည်။ ထိုဌာနသည် မိမိ၏ လက်အောက်က ဝန်ထမ်းအဖွဲ့အစုတစ်ခုသာဖြစ်၏။ လက်အောက်ခံ ဝန်ထမ်းအဖွဲ့အစုတစ်ခုခု၏ လုပ်ရပ်တစ်ခုကြောင့် အများပြည်သူများကြား၌ မျက်ရေစက်လက်ဖြစ်လာလျှင် မိမိမှာလည်း တာဝန်မကင်းနိုင်ပါ။ ထိုတာဝန်ကို တာဝန်ဟု မခံယူနိုင်ပါက မျက်ရည်တွေကတော့ ဆက်၍ ကျနေကြရဦးမည်သာ။

## ဆရာတော်ကြီးကြွလာခဲ့ပါဘုရား

သည်တော့ ဤမျက်ရည်စတွေကို သုတ်ပေးနိုင်မည့်သူကို ဘယ်မှာ ရှာရပါမည်နည်း။ မျည်ရည်စတွေ သုတ်ပေးမည့်သူက နိုင်ငံတွင်းမှာ မရှိတော့သည့်အတွက် နိုင်ငံပြင်ပသို့ ရောက်နေသော ပီနန်ဆရာတော်ကြီးကိုသာ ပြန်၍ပင့်ကြ ရတော့မည်။

ဤကျောင်းတော်ကြီးသည် ပီနန်ဆရာတော်ကြီးအတွက် ဆောက်လုပ်ခဲ့ကြ၏။ ဤကျောင်းတော်ကြီးအတွက် တပည့်ဒါယကာ ဒါယိကာများ မျက်ရည် စက်လက်ဖြစ်ကြရ၏။ သို့ဖြစ်၍ ဤမျက်ရည်များ သုတ်ပေးရသည့် တာဝန်က ပီနန်ဆရာတော်ကြီးထံသို့ ကျရောက်နေပါပြီ။

ထို့ပြင် မိမိ၏ အမိန့်ကိုနာခံ၍ ကျောင်းတော်ကြီးမှာ နေရစ်ခဲ့ကြသော ရဟန်းသံဃာတော်များမှာ ထောင်ကျနိုင်သည်၊ ရာဇဝင်မှုခင်းများနှင့် ဆက်၍ရင်ဆိုင်ခဲ့ကြရ၏။ ထိုတပည့်များကို အားဖြည့်ပေးသော သဘောဖြင့်လည်း ဆရာတော်ကြီး ကြွလာသင့်ပါ၏။

## အစိုးရတစ်ဖွဲ့၏ ကတိစကား

ပီနန်ဆရာတော်ကြီးကသာ ဆန္ဒရှိမည်ဆိုပါက ပြည်တွင်းသို့ ပြန်ဝင်လာဖို့ အခက်အခဲရှိလိမ့်မည် မထင်ပါ။ ကျောင်းတော်ကြီးကို နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့သို့ အပ်နှံပြီးနောက် ၁၈-၂-၂၀၀၄ ရက်စွဲဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပီနန် ဆရာတော်ကြီးရှိရာသို့ စာရေးသားလျှောက်ထားရာတွင် -

(ဘုရားတပည့်တော်တို့ အနေနှင့် မိခင်တိုင်းပြည်သို့ အလည်အပတ်ကြွလာမည်ဆိုပါကလည်း တပည့်တော်တို့မှာလိုအပ်သည့်အထောက်အကူများကို ပေးလှူရန် ယခင်အခါများနည်းတူ သဒ္ဒါကြည်ဖြူလျက်ရှိကြပါသည်ဘုရား ....)

ဤသို့ပါရှိ၏။

ထိုလျှောက်ထားချက်သည် အစိုးရထဲ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး၏ လျှောက်ထားချက်ဖြစ်၏။ ထိုလျှောက်ထားချက်သည်ပင် အစိုးရတစ်ဖွဲ့လုံး၏ ကတိဝန်ခံချက်ဖြစ်ပါ၏။

ရှေးရှေးက အစိုးရအဖွဲ့များထားခဲ့သည့် ကတိဝန်ခံချက်ကို နောက်မှ တက်လာကြသည့် အစိုးရများက လက်ခံခဲ့ကြရသည်သာ၊ အသိအမှတ်ပြုကြရသည်သာ။

ထို့ကြောင့် ယခင်အစိုးရလက်ထက်က ထားရှိခဲ့သော ကတိဝန်ခံချက်ကို ယခုလက်ရှိ ဦးသိန်းစိန် အစိုးရ (သို့မဟုတ်) နောက်တက်လာ

မည့်အစိုးရ ကလည်းလက်ခံရမည်သာ။ အသိအမှတ်ပြု ရမည်သာ။

သို့ဖြစ်၍ ပီနန်ဆရာတော်ကြီး ပြန်ကြွလာပါက လိုအပ်ရာရာ အကူအညီ ပေးကြရပါမည်။ နိုင်ငံတော် သံဃာ့မဟာနာယကအမိန့်ဖြင့် ကျောင်းနေ ရဟန်းသံဃာတော်တို့ကို တရားစွဲထားသကဲ့သို့ တရားမစွဲဖို့ အစောင့်အရှောက်ပေးကြရပါမည်။

## တရားမလမ်းကြောင်းကလား

ဤသို့ ဤသို့သော အကြောင်းများကြောင့် ပီနန်ဆရာတော်ကြီး ပြည်တွင်းသို့ ပြန်ကြွလာပြီဆိုကြပါစို့။ ထိုအခါ ဤကျောင်းတော်ကြီး ကိစ္စအတွက် ဆရာတော်ကြီးသည် မည်သည့်မည်ပုံကိုင်တွယ်ဖြေရှင်းပါမလဲ။

စိတ်ကူးဖြင့် မှန်းဆ၍ ကြည့်ခွင့်ပြုရန် စာဖတ်ပရိသတ်များထံ တောင်းပန်ပါ၏။

ကျွန်တော်စိတ်ကူးဖြင့် မှန်း၍ ကြည့်မိသည်မှာ ဤသို့ဖြစ်ပါ၏။

ပီနန်ဆရာတော်ကြီးသည် ကျောင်းဂရန်မြေစာချုပ်ကို လက်ကိုင်ပြု၍ နိုင်ငံတော်တရားရုံးတစ်ခုခု၌ အမှုဖွင့်နိုင်၏။ ကျောင်း၊ ကန်၊တိုက်တာပိုင်ဆိုင်လိုမှုများကို လူပုဂ္ဂိုလ်တို့၏ တရားရုံးမှ တင်ပြခွင့်မရဟု ဆိုသော်ငြားလည်း ဂရန်မြေပိုင်ဆိုင်မှုကို အဆုံးအဖြတ်ပေးနိုင်သည်မှာ ထိုမြေဂရန်ကို ထုတ်ပေးခဲ့သော အစိုးရဌာနသာဖြစ်၏။ ထို့ကြောင့် ထိုဌာန၌ ယခုလက်ရှိတာဝန်ထမ်းဆောင်နေသော တာဝန်ရှိသူများထံသာ အဆုံးအဖြတ်ခံယူရပါမည်။ လိုအပ်ပါက နိုင်ငံတော်တရားရုံးတစ်ရုံး၏ အဆုံးအဖြတ်ကိုလည်းလိုအပ်ပါဦးမည်။

*ထိုအမိန့်ကိုထုတ်ပေးစဉ်က ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သူ ဦးအုန်းကျော်သည် အသက်ရှင်လျက်ရှိပါသေးသည်။ ဦးအုန်းကျော်က ဦးအုံ့မောင် နှင့် သွားတွေ့ပြီးဟု ဆိုပါသည်။*

**ဝိနည်းဓမ္မကံ လမ်းကြောင်းကလား**

ထိုသို့မဟုတ်ဘဲ ဤကျောင်းတော်ကြီးကိစ္စအတွက် ဝိနည်းဓမ္မကံလမ်းကြောင်းမှ အရေးဆိုမည်ဆိုလျှင်တော့ ဤအငြင်းပွားမှု ဝိဝါဒါကရဏ်းအတွက် အဆုံးအဖြတ်ပေးနိုင်မည့် ဝိနိစ္ဆယအဖွဲ့ဖွဲ့ပေးဖို့ တောင်းဆိုရပါလိမ့်မည်၊ ဤတွင်အခက်အခဲတွေ့ရပါတော့သည်။

ဤအငြင်းပွဲမှုတွင် ကျောင်းတော်ကြီးကို ပြန်ရလိုသူက ပီနန်ဆရာတော်ကြီး။

ပြန်ပေးဖို့ငြင်းဆန်နေတာက နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီး။

ဤအဖွဲ့ကြီးသည် ဤနိုင်ငံအတွင်းက သံဃာ့အဖွဲ့အစည်းရှိရှိသမျှ၏ အထွတ်အထိပ်မှာ တည်ရှိနေ၏။ ဝိနည်းဓမ္မကံကိစ္စများ၊ သာသနာရေးကိစ္စများကိုဆောင်ရွက်ရန် အခွင့်အာဏာအရှိဆုံးဖြစ်၏။

သို့ရာတွင် အမှုအခင်းသဘောနှင့် ကြည့်ပါက ထိုအဖွဲ့သည်ပင် တရားပြိုင်ဖက် (တရားဖက်) ကဲ့သို့ သဘောသက်ဝင်နေ၏။

သည်တော့ တရားဖက်တစ်ခုက မိမိပါဝင်နေသော အမှုကိစ္စအတွက် အဆုံးအဖြတ်ပေးဖို့ ဝိနိစ္ဆယအဖွဲ့ဖွဲ့ပေးဖို့ ဖြစ်နိုင်ပါမလား၊ ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်းများတွင် ဤသို့ပြုလုပ်ရန်လုပ်ထုံးလုပ်နည်းရှိနေပါပြီလား။

ဤအကြောင်းကို သတင်းစာရှင်းလင်းပွဲတုန်းကလည်း သာသနာရေးအရာရှိများက ပြောကြားခဲ့ကြပါပြီ။

"လုပ်ထုံးလုပ်နည်းများအရ ဝိနိစ္ဆယအဖွဲ့ကိုဖွဲ့ပေးနိုင်တာက နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့"

ထိုအဖွဲ့က မိမိပါဝင်ပတ်သက်နေသော အမှုကိစ္စကို ဖြေရှင်းဖို့ ဝိနိစ္ဆယဖွဲ့ပေးရန်လုပ်ထုံးလုပ်နည်းမရှိပါတဲ့။ ယခုလက်ရှိအချိန်၌ မရှိသေးတာ

ဟုတ် ကောင်းဟုတ်ပါလိမ့်မည်။ သို့ရာတွင် အမြဲတမ်း အခါခပ်သိမ်း မရှိရဘူး ဟူ၍တော့ ငြင်းဆိုနိုင်မည်မဟုတ်ပါ။

## ပြင်သင့်တာပြင်၊ ဖြည့်သင့်တာဖြည့်

ယခုလက်ရှိ ဝိနည်းဓမ္မကံဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ရောက်မှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့်အတူ ပေါ်ထွက်လာခဲ့ကြ၏။ ထိုစဉ်တုန်းက တာဝန်ရှိသောဆရာတော်ကြီးများ အကြိမ်ကြိမ် အလီလီအဖက်ဖက်က လိုအပ်ချက်မှန်သမျှကို မကျန်ရစ်ရအောင် ဆွေးနွေးညှိနှိုင်း၍ လာခဲ့ကြသော်ငြားလည်း ထိုလုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းဥပဒေတို့မှာ ရာနှုန်းပြည့် ပြည့်စုံလုံလောက်နေပြီဟု မဆိုနိုင်ပါ။ လောကီလူတို့ဘောင်က တရားဥပဒေများမှာလည်း ဤသို့သာဖြစ်ကြပါ၏။ ခေတ်ကာလအလျောက်၊ ပေါ်ပေါက်လာသည့် အခြေအနေများအလျောက် ပြုပြင်ရန်ရှိသမျှ ပြင်လာကြရသည်သာ၊ ဖြည့်စွက်ရန်ရှိသမျှ ဖြည့်စွက်လာကြရသည်သာ။

ဤသို့ဖြစ်ရသည်မှာ သဘာဝကျလှပါ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီမျိုးစုံ ဖြည့်ကျင့်ပြီးမှ သမ္မာသမ္ဗောဓိ ဉာဏ်တော်ကြီးကိုရရှိတော်မူခဲ့သော မြတ်စွာဘုရားကိုယ်တော်တိုင် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်အားလုံးမှာပင် တစ်ကြိမ်တစ်ခါတည်းနှင့် မပြီးစီးခဲ့ပါ၊ မပြည့်စုံခဲ့ပါ။ မူလသိက္ခာပုဒ် ပညတ်တော်ကို ပညတ်တော်မူပြီးနောက် အချိန်အခါအားလျော်စွာ၊ အခြေအနေအားလျော်စွာ ပြင်ဆင်တော်မူခဲ့ရသေး၏။ တင်းလွန်းနေသည်တို့ကို လျှော့ပေးတော်မူခဲ့ရ၏။ လျော့လွန်းနေသည်တို့ကို တင်းပေးတော်မူခဲ့ရ၏။ အရင်းမူလ သိက္ခာပုဒ်တော်ကို ပညတ်ခြင်းကို "မူလပညတ်"ဟုခေါ်၍ အခြေအနေအရနောက်

ထပ်ပညတ်ခြင်းတို့ကို "အနုပညတ်" ဟု ခေါ်ကြရ၏။ ဝိနည်းသိက္ခာပုဒ်များ၌ တော်တော် များများတွေ့နိုင်ကြပါလိမ့်မည်။

ဤသို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ပညတ်တော်မူချက်၌ မူလပညတ်ချက်၏ နောက်တွင် အနုပညတ်များ ထပ်မံ၍ ပေါ်လာရသကဲ့သို့ ဘုရားသားတော် သံဃာတော်၊ ဆရာတော်ကြီးများ ညှိနှိုင်းရေးဆွဲထားခဲ့ကြသည့် ဝိနည်းဓမ္မကံလုပ်ထုံးနည်းများ၊ စည်းကမ်း ဥပဒေများတွင်လည်း လိုအပ်တာရှိလာသမျှ ပြင်ဆင်ပေးကြရပါမည်၊ ပြုပြင်ပေးကြပါမည်၊ ဖြည့်သင့်တာကို ထပ်မံ၍ ဖြည့်ပေးကြရပါမည်။ ဤသို့ပြုမှသာပေါ်ပေါက်လာသည့် အဓိကရဏ်းမှုခင်းများ ပြေငြိမ်းသွားနိုင်ကြပါလိမ့်မည်။

## လမ်းပိတ်ထားရန် မသင့်ပါ

သတင်းစာရှင်းလင်းပွဲတုန်းကသာသနာရေးအရာရှိများသည် ဤအမှုအခင်းကို အဓိကရဏ်းဖြစ်ပါသည်ဟု အကြိမ်ကြိမ် ထုတ်ဖော်ပြောဆိုခဲ့ကြ၏။ သံဃာတော်များအချင်းချင်းကြားမှာ ပေါ်ပေါက်လာသည့် အမှုအခင်းဖြစ်၍ အဓိကရဏ်းဟု ခေါ်ရသည်ဖြစ်ရာ ဖြစ်ပေါ်လာသော အဓိကရဏ်းကို ရဟန်းသံဃာတော်တို့ အချင်းချင်း ဝိနည်းဓမ္မကံဖြင့် ဖြေရှင်းမှသာ ပြီးပြတ်သွားပါလိမ့်မည်၊ ပြေငြိမ်းသွားပါလိမ့်မည်။

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ကြီးက မိမိတို့ကိုယ်တိုင် ပါဝင်နေသော အဓိကရဏ်းအတွက် မိမိတို့ပါဝင်သည့် အမှုအခင်းကို သုံးသပ်ဆုံးဖြတ်ပေးရန် ဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးဖို့ ခက်ခဲနေနိုင်ကြောင်း သဘောပေါက်ပါသည်။ မိမိတို့က ဖွဲ့စည်းပေးရသော ဝိနိစ္ဆယအဖွဲ့၏ လက်ထဲသို့ မိမိတို့ပါဝင်နေသည့် အမှုအခင်းကို ထိုးအပ်ရမှာ ခက်နေနိုင်ပါသည်။

သို့ရာတွင် ဤအဓိကရဏ်းကြီးကို ရဟန်းသံဃာတော်တို့၏ ဝိနည်းဓမ္မ ကံလမ်းကြောင်းဖြင့်ဖြေရှင်းပေးလိုလျှင်တော့ ဤလမ်းကြောင်းတစ်ခုသာ ရှိနေပေသည်။ ရဟန်းသံဃာအချင်းချင်းကြားဖြစ်ပွားသော ဝိဝါဒ အဓိကရဏ်းကို လူပုဂ္ဂိုလ်တို့၏ တရားရုံးမှာ အမှုဖွင့်ခွင့် မရှိဟုဆိုလေရာ ဝိနည်းဓမ္မကံလမ်းကြောင်းဘက်ကလည်း လမ်းပိတ်ထားမည်ဆိုပါက တရားနည်းလမ်းကျမည်မဟုတ်ပါ။

## စိတ်ချလက်ချလက်ခံတော်မူပါ

ကောင်းပါပြီ··ဤနေရာတွင် စကားအဖြစ်ဆိုကြည့်ကြပါစို့၊ အကယ်၍ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ကြီးက ဝိနိစ္ဆယအဖွဲ့ ဖွဲ့ပေးပြီး ဆိုပါစို့။ ဤအခါတွင် တစ်ဖက်က အမှုသည်ဖြစ်သူ ပီနန်ဆရာတော်ကြီး ကကော ထိုဝိနိစ္ဆယအဖွဲ့ကို လက်ခံနိုင်ပါ့မလား။ နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့က ဖွဲ့စည်းပေးထားသည်ဖြစ်၍ ဖွဲ့စည်းပေးထားသူတို့၏ အလိုကျအတိုင်းသာ ဆောင်ရွက်ကြမည်ဟုများ သဘောထားလေမလား။

ဤသို့မဖြစ်နိုင်ပါဟူ၍တော့ မည်သူမျှ အာမခံနိုင်မည်မထင်ပါ။ ဝိနည်း ဓမ္မကံမှုခင်းများ ဖြေရှင်းဆုံးဖြတ်လာခဲ့သည့် ခေတ်ဦးပိုင်းတုန်းက အားတက်စရာ တစ်ကွက်တော့ ရှိခဲ့ဖူးပါ၏။ နိုင်ငံတလွှား၌ အငြင်းပွား နေကြရသော တရားဂိုဏ်းများကို ဓမ္မ/အဓမ္မ ဟုဆုံးဖြတ်နိုင်ရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က သီးခြားဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့ပေးခဲ့၏။ ထိုအဖွဲ့များ ဖြင့် ပထမဦးစွာကျောက်သဘော် ဂိုဏ်းအဆုံးအဖြတ်ခံခဲ့ရ၏။ ထို့နောက် လူသေ လူဖြစ်စသည်စသည် ···

သီးခြားဝိနိစ္ဆယခုံရုံးများသည် ဗုဒ္ဓဘာသာဝင်အများစုကြီးနှင့် သဘော အယူအဆကွဲပြားနေသည့် အဖွဲ့အစည်းများကို အဓမ္မဝါဒချည်း အမိန့်ချခဲ့ကြ၏။

**စာရေးဆရာဝိနည်းမိုရ်**

ဤသို့ သီးခြားဝိနိစ္ဆယအဖွဲ့များက ရာနှုန်းပြည့် အဓမ္မဝါဒချည်း အဆုံး အဖြတ်ပေးလာရာမှ ကြောင်ပန်းဂိုဏ်းအလှည့်သို့ ရောက်သောအခါ ထူးခြားချက်တစ်ခုပေါ်ပေါက်လာ၏။ ထိုထူးခြားချက်ကတော့ ကြောင်ပန်း ထေရဝါဒ သီးခြားဝိနိစ္ဆယအဖွဲ့ထဲတွင် အဖွဲ့ဝင် ဝိနည်းမိုရ် ပုဂ္ဂိုလ်တစ်ပါး အဖြစ်ဖြင့် စာရေးဆရာ ရဝေထွန်း အမည်ခံ ဆရာတော် ဦးတိလောကသာရ ပါဝင်လာခြင်းဖြစ်၏။

ဆရာတော် ဦးတိလောကသာရ သက်တော်ထင်ရှားရှိစဉ်က ဤ အကြောင်းကို ကျွန်တော့်အား မိန့်ကြားခဲ့ဖူး၍ တင်ပြရခြင်းဖြစ်၏။ စောစောက တင်ပြခဲ့သည့်အတိုင်း သီးခြားဝိနိစ္ဆယအဖွဲ့များကို နိုင်ငံတော် သံဃာ့မဟာနာယက အဖွဲ့၏ ညွှန်ကြားအာဏာသက်ရောက်နိုင်ခွင့်ရှိ၏။ ဤတွင် ရှေးရှေးက ဝိနိစ္ဆယအဖွဲ့များကိစ္စကို မည်သို့မျှ တင်ပြရန်မရှိပါ။ ကြောင်ပန်း တောရဝါဒကို သုံးသပ်ရာ၊ ဆုံးဖြတ်ရာမှာတော့ ပြောကွက်ရှိလာ၏။ ကျောက် သဘော်ာလူသေလူဖြစ်စသော အဖွဲ့များတုန်းကတစ်စမကျန်လုံးဝဥဿုံ အမြစ်ပြတ်လက်စတုံး အဓမ္မဝါဒအဖြစ် အဆုံးအဖြတ်ပေးခဲ့သည့်အတိုင်း ကြောင်ပန်းတောရ ဝါဒကိစ္စတွင်လည်း ဤနည်းတူ ဆုံးဖြတ်ပေးရန် (ထိုစဉ် ကတာဝန်ယူခဲ့ကြသော) နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့က ဦးတိလော ကသာရကို ဖိအားပေးခဲ့ကြသည် ဆိုပါ၏။ ဤတွင် ဦးတိလောကသာရက-

"ဤကိစ္စမှာ ယခင်ကိစ္စများနှင့်မတူပါ အချို့သော အချက်များမှာ စောဒကပုဂ္ဂိုလ် (တရားလို)တို့ တင်ပြသည့်အတိုင်း အဓမ္မဝါဒဟု ဆိုနိုင် သော်ငြားလည်း အချို့အချက်များမှာတော့ စောဒကပုဂ္ဂိုလ်တို့၏ အကောက် အယူ မှားယွင်းနေခြင်းသာဖြစ်သည်။ အရင်းမူလကြောင်ပန်း ဆရာတော်ကြီး ၏ ဆိုလိုရင်း အာဘော်က ဤအတိုင်းမဟုတ်ပါ။ သို့ဖြစ်၍ စောဒကပုဂ္ဂိုလ် များ တင်ပြသည့်အတိုင်း အဓမ္မဝါဒဟုတ်မှန်နေသည့်အချက် များကိုသာ

အဓမ္မဝါဒဟု ဆုံးဖြတ်၍ စောဒကပုဂ္ဂိုလ်တို့ဖက်က အကောက် အယူလွဲမှား နေသည့် အချက်များကိုတော့ အဓမ္မဝါဒဟုမဆုံးဖြတ်နိုင်ပါ”

ဤသို့အားဖြင့် စာပေသမားပီပီ စာပေစိတ်ဓာတ်၊ စာပေသစ္စာဖြင့် ဦးတိလောကသရက ပြန်လည်လျှောက်တင်ခဲ့၏။

## ကြောင်ပန်းက တံခွန်ထူထားဆဲ

ဤသို့ လုံးဝဥဿုံ အကုန်လုံးအမှား၊ အကုန်လုံးအဓမ္မဝါဒဟု အဆုံးဖြတ်မခံရသဖြင့် ကြောင်ပန်းဟူသော ဆိုင်းဘုတ်ကြီး ပြုတ်ကျမသွားခဲ့ပါ။ ယခင်အဖွဲ့များတုန်းက လုံးဝဥဿုံ အကုန်အမှား၊ အကုန်လုံး အဓမ္မဝါဒဟု အဆုံးအဖြတ်ခံခဲ့ကြရသဖြင့် “ကျောက်သဘော်” က “ငြိမ်းချမ်းရေး”ဖြစ်လာရ၏။ “ဉာဏစာဂီ” က “တေဇစက္ကီ” ဖြစ်လာရ၏။ ထိုအဖွဲ့များက မူလအမည် အသုံးပြုခွင့်မရတော့၍ အမည်သစ်ဖြင့် ဆက်လက်ရပ်တည်လာကြရသည်။ ကြောင်ပန်းကတော့ သူတို့နှင့်မတူ တံခွန်ထူထားနိုင်ဆဲပါ။

## ဦးတိလောကသာရလို ပုဂ္ဂိုလ်မျိုး

ဥပုသ်နေ့ နံနက်ခင်းများ၌ ရုပ်မြင်သံကြားကြည့်ရှုသူတို့ သတိထားမိခဲ့ကြပါလိမ့်မည်။ ကြောင်ပန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ရုပ်မြင်သံကြားဇာတ်လမ်းအဖြစ် ဒါရိုက်တာဒေါက်တာချစ်စံ(ချစ်စံဝင်း)က ရိုက်ကူး၍ တင်ဆက်ခဲ့ရာပြသနေသော MRTV-4 ရုပ်သံမှနှစ်ကြိမ်၊ သုံးကြိမ် မျှပင်ရှိခဲ့ပါပြီ။

ဤဆရာချစ်စံဝင်း၏ ရုပ်မြင်သံကြားဇာတ်လမ်းကို ကြည့်ရှုရင်း ကျွန်တော်ဆရာတော့် ဦးတိလောကသာရ၏ ဂုဏ်ကျေးဇူးကို ဦးညွှတ်မိပါသည်။ အထက်ပါ အကြောင်းအရာများကို သိကြလျှင် တစ်နိုင်ငံလုံးက

ကြောင်ပန်းသာဝက အပေါင်းကလည်း ဆရာတော် ဦးတိလောကသာရ၏ ဂုဏ်ကျေးဇူးတို့ကို ဦးညွှတ်ကြမည်ဟုယုံကြည်ပါသည်။

ဆရာတော်ဦးတိလောကသာရ ပျံလွန်တော်မူသွားပါပြီ။ သို့ရာတွင် မြန်မာနိုင်ငံရဟန်းသံဃာတော်များထဲမှာ ဆရာတော် ဦးတိလောကသာရကဲ့သို့ အမှန်တရားဘက်က မားမားမတ်မတ် ရည်တည်နိုင်သော၊ မားမားမတ်မတ် ရပ်တည်လိုသော ဆရာတော်များ၊ သံဃာတော်များ ကေန်မုချရှိနေတော်မူကြပါဦးမည်။

သို့ဖြစ်၍ အကယ်၍သာ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့က ဤကိစ္စအတွက် ဝိနိစ္ဆယအဖွဲ့ ဖွဲ့ပေးခဲ့သော် ပီနန်ဆရာတော်ကြီး၏ တပည့်များက ဤအဖွဲ့ကို လက်ခံလိုက်ဖို့ ပီနန်ဆရာတော်ကြီးအား လျှောက်ထားစေချင်ပါ၏။

## ဝိနည်းမိုရ်ရုံးရှေ့မှောက်၌

သို့ဖြစ်၍ ဝိနိစ္ဆယအဖွဲ့ကို ဖွဲ့ပေးလျှင်၊ ထိုအဖွဲ့ကို ပီနန်ဆရာတော်ကြီးက လက်ခံလိုက်ပြီဆိုပါလျှင် ဤအဓိကရုဏ်းကြီးတစ်ခုလုံးအတွက် အဓိက အချက်ကြီးများကို အဆုံးအဖြတ်ခံနိုင်ကြပါတော့မည်။

ထိုအချက်များမှာ-

(၁-က) မဟာသန္တိသုခကျောင်းတော်ကြီး ဆောက်လုပ်ရေးအတွက် အလှူတော်ငွေ လက်ခံပွဲများ၌ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွှန့် ပြောကြားခဲ့သော စကားများထဲက အောက်ခြေမှ မျဉ်းသားထားသော စကားများသည် ကျောင်းတော်ကြီး၏ မြေဂရန်အမိန့်ကို ပီနန်ဆရာတော်ကြီးအား ပေးလှူခြင်း၏အတွက် သက်သေခံမြောက်ပါသလော။

(၁-ခ) သက်သေခံမမြောက်ပါသလော။

(၂-က) ထိုအလှူတော်ငွေလက်ခံပွဲများ၌ အတွင်းရေးမှူး (၁) ဒုတိယ မိုလ်ချုပ်ကြီး ပြောကြားခဲ့သော စကားများသည် ဤကျောင်း တော်ကြီး ဆောက်ပြီးလျှင် ပီနန်ဆရာတော်ကြီးအား တင်လှူမည်ဟု ပုဂ္ဂလိက ရည်မှန်းချက် (ပုဂ္ဂလိ ကပရိဏာထ) မြောက် ပါသလော။

(၂-ခ) မမြောက်ပါသလော။

(၃-က) ပုဂ္ဂလိက ပရိဏာထမြောက်နေသော လှူဖွယ်ပစ္စည်းကို သံဃိက ဟူ၍ ရေစက်ချ၍ လှူကောင်းပါသလော။

(၄-က) ပရိဏာတသိက္ခာပုဒ်၏ ပဒဘာဇနီပညတ်တော်၌ ပုဂ္ဂလိက ပရိဏာတ ပုဂ္ဂိုလ်တစ်ပါးပါးအား ရည်မှန်းထားပြီးသော လှူဖွယ်ဝတ္ထုကို သံဃိကပေးလှူရန် မကြိုးစားရ၊ ကြိုးစားလျှင် ဒုက္ကဋ် အာပတ်သင့်စေဟူ၍ ပညတ်ချက်ရှိထားသဖြင့် ပီနန်ဆရာတော်ကြီးအား ပုဂ္ဂလိကရည်မှန်းထားပြီးသော ကျောင်းတော်ကြီးကို သံဃိကအဖြစ် ရေစက်ချ၍ ပါဝင်ဆောင်ရွက်ခဲ့သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်မည်လော။

(၄-ခ) အာပတ်သင့်ခြင်းမှ ကင်းလွတ်ခွင့်ရမည်လော။

(၅-က) ကျောင်းတော်ကြီးကို သံဃိက အလှူခံရာ၌ အလှူခံ ပုဂ္ဂိုလ်က "ယထာ ဒါယကာ ဝဒန္တိ တထာပဋိပဇ္ဇိတဗ္ဗံ" ဟူသော အဋ္ဌကထာ စကားကို ကိုးကားခဲ့ကြရာ တစ်ပိုင်းတစ်စ ထုတ်ယူထားသော ထိုပါဠိစကားလုံး ၁၆လုံးသည် သူတို့ချည်းသက်သက် အနက်အဓိပ္ပါယ် ရှိပါသလော။

(၅-ခ) အနက်အဓိပ္ပါယ် မရှိပါသလော။

(၆-က) ဆွမ်းတစ်နပ်စာကလေးအတွက် ညွှန်ကြားထားသော ထိုပါဠိသည် သိန်းပေါင်းတစ်သောင်းခန့်တန်ဖိုးရှိသော ကျောင်းတော်ကြီးကို ပေးလှူရာတွင် အထောက်အထား ပြုဖို့ လုံလောက်ပါသလော။

(၆-ခ) မလုံလောက်ဘူးလော။

(၇-က) ပုဂ္ဂလိကရည်မှန်းထားသည်ကို သံဃိကပေးလှူအောင် ကူညီဆောင်ရွက်ပေးခဲ့သောကြောင့်၊ ကူညီခဲ့သဖြင့် ကူညီသူ ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်ဟု ဆုံးဖြတ်ပါက ထိုကဲ့သို့ အာပတ်အသင့်ခံ၍ အလှူခံသော အလှူခံခြင်းသည် ဝိနည်းတော်နှင့် လျော်ညီပါမည်လော။

(၇-ခ) ဝိနည်းတော်နှင့် မလျော်ညီပါသလော။

(၈-က) အကယ်၍ ဝိနည်းတော်နှင့် မလျော်ညီပါက ထိုလှူဒါန်းခြင်းကို ပယ်ဖျက်သင့်ပါသလော။

(၈-ခ) ထိုလှူဒါန်းခြင်းကို မပယ်ဖျက်သင့်ပါသလော။

(၉-က) နိုင်ငံတော်ဝန်ကြီးချုပ်က အပ်နှံရုံအပ်နှံထားသည်ကို အပ်နှံသူနိုင်ငံတော်ဝန်ကြီးချုပ်၏ သဘောဆန္ဒမပါဘဲ မိမိတို့ သဘောဆန္ဒသက်သက်ဖြင့် ရေစက်ချလှူဒါန်းသည် ဟူ၍ ပြင်ဆင်ရေးသားခြင်းသည် ဝိနည်းသိက္ခာပုဒ် တစ်ခုခုနှင့် ငြိစွန်းမည်လော။

(၉-ခ) မည်သည့်သိက္ခာပုဒ်နှင့်မျှ မငြိစွန်းမည်လော။

ဤသို့သော မေးခွန်းကို ဝိနိစ္ဆယအဖွဲ့၏ ဝိနည်းဓိုရ်ဆရာတော်ကြီးများသာ ဖြေနိုင်ကြပါလိမ့်မည်၊ ဖြေဆိုခွင့်ရရှိကြပါလိမ့်မည်၊ ဝိနည်းဓိုရ်ဆရာတော်များက ဝိနယနှင့်အညီ၊ ဓမ္မနှင့်အညီ လေ့လာသုံးသပ်၍ ဆုံးဖြတ်ပေးမှ ဤအဓိကရဏ်းကြီးပြီး ငြိမ်းသွားပါလိမ့်မည်။

နန္ဒမိတ္တ
ထန်းတောအောင်ရတနာ
မုံရွာ

## ဆရာတော်ကြီး ဦးပညာဝံသ
## သာသနာပြု ထူထောင်ခဲ့သော နိုင်ငံတကာရှိ
## ဗုဒ္ဓသာသနာပြုကျောင်းတော်များ

၁။ ဓမ္မိကာရာမကျောင်း - ၁၉၇၀ ပြည့်နှစ်က တာဝန်ယူ တည်ထောင်သည်။ ပီနန်ကျွန်း၊ မလေးရှားနိုင်ငံ၊ လိုရောင်းဘားမား။

၂။ မြန်မာဗုဒ္ဓဘာသာကျောင်း - ဓနသဟာယလမ်း၊ L.A Burma Buddhist Monastery အမေရိကန်ပြည်ထောင်စု

၃။ ထိုင်ဝမ်မြန်မာဘုန်းတော်ကြီးကျောင်း - တိုင်ဝမ်

၄။ ဩစတြေးလျမြန်မာဘုန်းတော်ကြီးကျောင်း - ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ

၅။ ချီကာဂိုမြန်မာဘုန်းတော်ကြီးကျောင်း - အမေရိကန်နိုင်ငံ

၆။ တိုရန်တိုမြန်မာဘုန်းတော်ကြီးကျောင်း - ကနေဒါနိုင်ငံ

၇။ သာသနာ့ရံသီမြန်မာဘုန်းတော်ကြီးကျောင်း - စင်ကာပူနိုင်ငံ

၈။ မဟာသန္တိသုခကျောင်း - မြန်မာနိုင်ငံ၊ တာမွေ၊ နတ်ချောင်း

၉။ လောဟာန်စီဘုရားကျောင်း - မြန်မာပြည်။ ကူညီထူထောင်ပေးသည်။

၁၀။ ရတနာဒီပ မြန်မာဘုန်းကြီးကျောင်း - အော့ကလင်မြို့ နယူးဇီလန်နိုင်ငံ

၁၁။ သာသနာရံသီမြန်မာကျောင်း - လန်ဒန်မြို့၊ ဗြိတိန်နိုင်ငံ

| | | |
|---|---|---|
| ၁၂။ | ပညာရုံသီမြန်မာကျောင်း | - အင်စတာဒန်မြို့ နယ်သာလင်နိုင်ငံ |
| ၁၃။ | ဗုဒ္ဓသာသနာ့ရုံသီ | - ဖရင်ဖတ်၊ ဂျာမဏီနိုင်ငံ |
| ၁၄။ | ဟယ်လင်စကီမြန်မာကျောင်း | - ဖင်လန်နိုင်ငံ |
| ၁၅။ | စကာတွန်မြန်မာကျောင်း | - ကနေဒါနိုင်ငံ |
| ၁၆။ | ရတနာရာမဗုဒ္ဓဘာသာကျမ်း | - မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ |
| ၁၇။ | သာသနဓဇမြန်မာကျောင်း | - ဆစ်ဒနီ၊ ဩစတြေးလျနိုင်ငံ |
| ၁၈။ | သာဒိမ္ပွန်ဇေယျဝတီကျောင်းတိုက် | - တက္ကဆက်(စ်)ပြည်နယ်၊ အမ်မရီလိုမြို့၊ အမေရိကန်နိုင်ငံ |
| ၁၉။ | သာသနဗိမာန်ကျောင်း | - နော့သ်ကိုရိုလိုင်းနား ပြည်နယ်၊ အမေရိကန်နိုင်ငံ |
| ၂၀။ | နယူးယောက်မြို့ | - မြန်မာဘုန်းတော်ကြီး ကျောင်း |




# မဟာသန္တိသုခကျောင်းတော်ကြီး၏
# ပိုင်ရှင်အစစ်အမှန်ကို ဝိနည်းဓမ္မကံလမ်းကြောင်းမှ
# ဆန်းစစ်ခြင်း

## နန္ဒမိတ္တ

၂၀